
www.burmeseclassic.com

အောင်မြင်စာပေ



www.burmeseclassic.com

www.burmeseclassic.com



အတွင်းနှင့်မျက်နှာဖုံး

ဖြန့်ချိရေး

၈၉၅.၈၃

ဒေဝတာ

တစ္ဆေမျက်ရည်/ဒေဝတာ။ - ရန်ကုန်၊

အောင်မြင်စာပေ၊ ၂၀၁၆။

၁၆၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

(၁) ဒေဝတာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁)

"**အား!**. . ."

"ဘုတ်!. ."

အမှောင်ထဲ၌ မျက်နှာသေနှင့် တောင့်တောင့်ကြီးရပ်နေသောလူတစ်ယောက်ကို သူမ တွေ့လိုက်၍ လန့်အော်မိသည်။ ယောကျ်ားတစ်ယောက်၏ အသွင်အပြင်ဖြစ်သဖြင့်. . လက်ထဲမှ စာအုပ် လွတ်ကျသွားကာ စူးစူးဝါးဝါး အော်လိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျစ်နေအောင်မှိတ်ထားသော မျက်လုံးကို ဖြည်းဖြည်းချင်း ပြန်ဖွင့်ရင်း စောစောကနေရာသို့ ပြန်ကြည့်လိုက်သည်။

ဘာမှမတွေ့တော့. .။

"ဟင်း. . . ငါ ဘာတွေလျှောက်မြင်နေတာလဲ"

သည်အိမ်မှာ. . လူသားဆိုလို့ သူမတစ်ဦးတည်းသာရှိသည်။ ဘာကြောင့်များ လူတစ်ယောက်၏ပုံရိပ်ကို လျှပ်တစ်ပြက်တွေ့မြင်လိုက်ရပါသနည်း။ သူမ မတွေးရဲအောင် ဖြစ်မိသည်။

သံစဉ်၏ဘဝတွင် တစ္ဆေသရဲတွေကို ကြောက်လန့်တတ်ခြင်းဆိုတာ မရှိခဲ့. .။ သတ္တိကောင်းသည်ဟု ခံယူထားလို့လည်း ယခုလို လူတွေနှင့်ဝေးရာ သီးခြားကမ္ဘာငယ်လေးတစ်ခုမှာ မိန်းမသားတစ်ယောက်တည်း လာနေခြင်းဖြစ်သည်။

သူမ တကယ်တမ်းကြောက်တာက လူသားတွေကိုပင်။ လူသားတစ်ယောက်၏ အတ္တနှင့် ဂရုဏာတရား ခေါင်းပါးမှုကိုသာ သူမ ကြောက်သည်။

ကိလေသာကို ကွယ်ဝှက်၍ ရောင့်ရဲတတ်သော မျက်နှာထားနှင့် ဟန်ဆောင်ထားသောအပြုံးကို သူမ ကြောက်သည်။

'မြတ်နိုးမှု. .'ဟု အလွယ်ခေါင်းစဉ်တပ်၍ ပေးလာသော ယောကျာ်းတစ်ယောက်၏ နှင်းဆီပန်းတစ်ပွင့်မှ ဆူးတွေကို သူမ လန့်သည်။

မိန်းမမာယာထက်သာသော ယောကျာ်းတစ်ယောက်၏ ပရိယာယ်ကို သူမ မုန်းသည်။ အိပ်မက်တွေ တစ်ပွေ့စီပိုက်နှင့် နိုးထလာသော စက်ရုပ်ဆန်ဆန် လူသားတစ်ယောက်၏



www.burmeseclassic.com

www.burmeseclassic.com



လောကွတ်ဆိုတာတွေကို သူမ ရွံရှာမိသည်။

ဒီထက်ပို၍တော့ သံစဉ်၏ဘဝတွင် ကြောက်စရာ၊ လန့်စရာဆိုတာ မရှိခဲ့. . .။

လွတ်ကျသွားသော စာအုပ်ကိုကောက်၍ စိတ်ကိုတင်းကာ အိပ်ခန်းဘက်သို့ လျှောက်လာခဲ့သည်။ တိုင်ကပ်နာရီကိုကြည့်လိုက်တော့ ညဆယ့်တစ်နာရီခွဲတိတိ. .။ တစ်နေ့တာအတွက် အိပ်စက်အနားယူရန် အချိန်ကျလေပြီ။

လောလောဆယ်တော့ ကျန်းမာရေးကောင်းရန် ဂရုစိုက်ရမည်၊ ကျန်းမာမှ သူလျှောက်လိုသောလမ်းကို လျှောက်နိုင်မည်၊ သူသွားလိုသောပန်းတိုင်ကို ရောက်ပေလိမ့်မည်၊ ရည်မှန်းချက်ပန်းတိုင်က ရှိနှင့်ပြီးသားဖြစ်၏။

'သံစဉ်'ဆိုသည့် အလွန်တရာမှ ခေါင်းမာလှသော မိန်းကလေးတစ်ယောက်၏ အပြင်းပြဆုံးဆန္ဒက အောင်မြင်ကျော်ကြားသော စာရေးဆရာမတစ်ဦး ဖြစ်ရန်ပင်. .။

ခြောက်ဆယ်ဝပ်အားမီးလုံးမှ ဝါကျင်ကျင် မီးအလင်းရောင်က အိပ်ခန်းထဲ၌ ပျံ့လွင့်နေ၏။ သံစဉ် ဖန်ရေတကောင်းထဲမှရေကို ဖန်ခွက်ထဲထည့်ကာ မော့သောက်လိုက်သည်။ အေးမြသောရေများက တစ်ကိုယ်လုံးကို လန်းဆန်းသွားစေသည်။

ဖန်ခွက်ကို စားပွဲပေါ်ပြန်ချလိုက်စဉ်မှာပင်. . ဖန်ခွက်၌ဆင်ဟပ်နေသော ပုံရိပ်အပိုတစ်ခုကို ဖျတ်ခနဲတွေ့လိုက်ရ၏။

"ဟင်!. ."

ဖန်ခွက်တွင်ပေါ်နေသော သူမပုံရိပ်နောက်၌ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကျ်ားရပ်နေသည်ကို တွေ့လိုက်ရခြင်းဖြစ်သည်။

ထိတ်ခနဲ တုန်လှုပ်မှုနှင့်အတူ ချာခနဲလှည့်ကြည့်လိုက်သည်။ နောက်ဘက်တွင် ဘာမှမတွေ့. . .။

"ငါ ဘာတွေမြင်နေပါလိမ့်"

သံစဉ် ဇဝေဇဝါနှင့် ဝေခွဲမရဖြစ်နေသည်။

စိတ်ထဲမှာလည်း မတင်မကျနှင့်. . .

ထိုစဉ်. . .

"ဒေါက်!. . . ဒေါက်!. . . ဒေါက်!. . ."

ရုတ်တရက်ပေါ်လာသော တံခါးခေါက်သံကို ပီပီသသကြီး ကြားလိုက်ရသည်။

အခုလိုအချိန်မတော်ကြီးမှာ ဘယ်သူပါလိမ့်. .။

အိပ်ရာနံဘေးတွင် အသင့်ထောင်ထားသော သစ်သားတုတ်ကို ကောက်ကိုင်၍ ဓာတ်မီးကိုယူကာ တံခါးရှိရာသို့ ခြေဖော့နင်းပြီး လျှောက်လာလိုက်သည်။

ရင်အစုံကတော့ တဒိတ်ဒိတ် ခုန်လျက်. . .

ဘယ်လောက်သတ္တိကောင်းကောင်း မိန်းမဆိုတာ မိန်းမပါပဲလေ. .၊ ယောက်ျားတစ်ယောက်၏ သန်မာမှုမျိုး သူ့မှာမရှိနိုင်ဘူး မဟုတ်လား. .။

သံစဉ် အံကိုတင်းတင်းကြိတ်၊ သံတုတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ရင်း တံခါးမကြီးကို နားနှင့်ကပ်ကာ နားထောင်ကြည့်လိုက်သည်။ တစ်စုံတစ်ရာ ထူးခြားမှုကိုတော့ ထပ်မကြားရ

ထိုအခိုက်မှာပင် တံခါးခေါက်သံက ပေါ်ထွက်လာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒေါက်!. . . ဒေါက်!. . . ဒေါက်!. . ."

"ဘယ်သူလဲ. . ."

"ဖိုးမူ. . သမီး၊ အမိုးပါ. . ."

"ရှင်. . ဟုတ်. . ဟုတ်. ."

ကောင်းစွာကျက်မိနေသောအသံမို့ တံခါးကိုချက်ဖြုတ်၍ ဖွင့်ပေးလိုက်သည်။ အထုပ်တစ်ထုပ်ကိုင်၍ ရပ်နေသော ကရင်ဝတ်စုံနှင့် အဘွားကြီးကို တွေ့လိုက်ရသည်။

"အမိုး. . အချိန်မတော်ကြီးပါလား. . ."

"ဖိုးမူစားလို့ရအောင်. . ဟောဒီမှာ ဖယန်းလက်ဖက်ကို ဆီရွှဲရွှဲ နှပ်ထားတာလေး လာပို့တာ၊ ပြီးတော့. . . ဒါက ထန်းလျက်ခဲ၊ ညဘက် ဗိုက်ဆာရင် စားလို့ရတော့ပေါ့. . ."

"ဩော်. . . ဖြစ်ရလေအမိုးရယ်၊ ညဉ့်နက်နေပါပြီ. . တကူးတက လာပေးရတယ်လို့. . ."

အမိုးရဲ့စေတနာကို အသိအမှတ်ပြုသည့်အနေဖြင့် အထုပ်ကိုလှမ်းယူရင်း သံစဉ် အားနာစွာဆိုလိုက်၏။

"ဘာမှအားနာစရာမလိုဘူး ဖိုးမူ. .၊ ဒီမှာက ဖိုးမူတစ်ယောက်တည်းမဟုတ်လား၊ တစ်ခုခုလိုအပ်ရင်လည်း လှမ်းအော်လိုက်၊ မင်း ဖထီးကလည်း အအိပ်ဆတ်ပါတယ်"

"ဟုတ်. . . ဟုတ်ကဲ့ပါအမိုး. . ကျေးဇူးပါရှင့်. . ."

အဘွားကြီးက လက်ထဲကအထုပ်ကိုပေးရင်း လှုပ်လှုပ်လှဲ့ ပြန်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သည်စိုက်ပျိုးရေးခြံကျယ်ကြီးက သံစဉ်၏ဦးလေး ပိုင်ဆိုင်သောခြံကြီးဖြစ်သည်။ ဧကများစွာ ကျယ်ဝန်းရှည်လျားလှသော ခြံကျယ်ကြီးတွင် ခြံစောင့်အဖြစ် အမိုးတို့လင်မယားနှစ်ယောက်ကို ထားထားခြင်းဖြစ်သည်။

အမိုးတို့နေသော တဲအိမ်ကလေးနှင့် ယခု သံစဉ်ရောက်နေသောသစ်သားအိမ်ကလေးမှာ အလှမ်းတော့ဝေး၏။ ထိုမှတပါး အနီးအနား၌ အခြားအိမ်မရှိ. .၊ ဦးလေးလာလျှင် ယာယီနေနိုင်ရန်ဆောက်ထားသော သစ်သားအိမ်ကလေး၌ သံစဉ် လာနေခြင်းဖြစ်သည်။

ဤမျှအေးချမ်းတိတ်ဆိတ်သောနေရာက သံစဉ်အတွက် စာရေးရန် အသင့်တော်ဆုံးနေရာတစ်ခု ဖြစ်လာခဲ့၏။ ဦးလေးဖြစ်သူကလည်း လိုလိုလားလားနေခွင့်ပြုခဲ့၍ သံစဉ်အတွက် ရေကန်အသင့် ကြာအသင့် ဖြစ်ခဲ့ရ၏။ ဒီညကတော့ သုံးညမြောက်ပင်တည်း. .။

အမိုးယူလာပေးသောအထုပ်ကို သိမ်းဆည်း၍ အိပ်ရာဝင်ရန် ဆုံးဖြတ်လိုက်သည်။ တစ်ခုစိတ်သက်သာရာရသည်က လျှပ်စစ်မီးရနေခြင်းပင်။ ညရေးညတာအတွက် သံစဉ်က မီးကိုဖွင့်အိပ်၏။ ရောက်ကာစကတော့ မီးအလင်းရောင်ကြောင့် အိပ်၍မရ။ သို့သော် မှောင်မှောင်မည်းမည်းနှင့်စာလျှင်တော့ အလင်းရောင်က စိတ်သက်သာရာရစေ၏။

အေးစိမ့်စိမ့် ရာသီဥတုကြောင့် ခပ်ပါးပါးအနွေးထည်ကို ဝတ်ဆင်၍ ခုတင်ပေါ်တက်ကာ လှဲချလိုက်တော့သည်။ ခေါင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံး ထိလိုက်စဉ်မှာပင် သူ့မွေ့ရာက ငြိမ့်ခနဲတစ်ချက် ဖြစ်သွား၏။

"ဟင်!. . ."

ပုံစံက သူမခုတင်ပေါ် လူတစ်ယောက် တက်လာသည့် ပုံစံမျိုး. . .

ဆတ်ခနဲ ထထိုင်၍ ကြည့်သည်။ ခုတင်ပေါ်တွင် ဘယ်သူမှမရှိ. . နည်းနည်းတော့ ထူးဆန်းနေလေပြီ။

"ငါစိတ်ထင်တာပဲလား"

ထို့နောက်. . သံစဉ် စောင်ကိုခေါင်းမြီးခြုံကာ အိပ်လိုက်လေတော့သည်။

သူမအိပ်ပျော်သွားသည်နှင့် ခုတင်ခြေရင်းတွင် လူတစ်ယောက်ရပ်နေသော အရိပ်မဲတစ်ခု ပေါ်လာလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၂)

ထင်းတွေက ခြောက်သွေ့နေသည်မို့ မီးအရှိန်ကောင်းလှ၏။ တခဏအတွင်းမှာပင် မီးဖိုက တဟုန်းဟုန်းထတောက်နေလေပြီ။ သံစဉ်က ဝက်အူချောင်းကို ခပ်ပါးပါးလှီးကာ ဒယ်အိုးထဲထည့်ပြီး ကြက်သွန်နီတစ်လုံးကို အကွင်းလိုက်လှီးကာ ထည့်လိုက်သည်။

နေ့လယ်စာကိုတော့ ဝက်အူချောင်းကြော်၊ ပဲဟင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှောက်သီးသုပ်ဆို လုံလောက်ပြီ။ ဒါတောင် တော်တော်အချိန်ပေး လုပ်နေရသည်။ ဖြစ်နိုင်လျှင်တော့ ဒါတွေမလုပ်ဘဲ စာပဲရေးချင်မိသည်။

အသီးအရွက်အတွက် မပူရသော်လည်း သားငါးကိုတော့ သုံးလေးရက်မှတစ်ခါ ပို့ပေးမည်ဟုတော့ ဦးလေးပြောခဲ့သည်။ အိမ်ကလေးသို့ သံစဉ်ရောက်ခဲ့သည်မှာ ဒီနေ့က လေးရက်မြောက်နေ့ဖြစ်သည်။ လောလောဆယ်တော့ ရိက္ခာခြောက်နှင့်ပင် နှစ်ပါးသွားနေရ၏။

"ဟူး. . . အစားတလုပ်အတွက် မောလိုက်တာနော်. . ."

စားသောက်အပြီး. . အိမ်ရှေ့ဝရန်တာရှိ ရှေးဟောင်းပက်လက်ကုလားလေးထိုင်တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ ခန္ဓာကိုယ်က အနားရသော်လည်း စိတ်ကအနားမရသေး. . .။ ရေးလက်စဝတ္ထုဆီ စိတ်ကရောက်သွားရပြန်သည်။

ဇာတ်လမ်း၏ အခက်အခဲဆုံး ဇာတ်သိမ်းပိုင်းအတွက် အသည်းအသန် စဉ်းစားနေမိသည်။ ဘယ်လိုဇာတ်သိမ်းရမလဲ မင်းသားကို သေခိုင်းရမလား၊ ဆက်အသက်ရှင်ခွင့်ပေးမလား။

ဇာတ်နာနေသော ချစ်သူနှစ်ယောက်အတွက် ဆုံစည်းခွင့်ကမရှိ. . ဒါသေချာသည်။ သေကွဲမကွဲလည်း ရှင်ကွဲကွဲရပေလိမ့်မည်။ သို့သော် မိမိဆန္ဒထက် စာဖတ်ပရိသတ်၏အကြိုက်ကို ဦးစားပေးရပေမည်။ ပရိသတ်က ဘာကိုလိုချင်ပါသလဲ. . .။

"ဟူး. . . ခေါင်းစားလိုက်တာနော်. . ."

စဉ်းစားရင်း မှေးခနဲ အိပ်ပျော်သွားသလိုရှိချိန်တွင် အသံ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို သူမ ကြားလိုက်ရသည်။

နားထဲသို့ တိုးညှင်းစွာ စီးဝင်လာသောအသံတစ်ခု . .

"ဇာတ်လမ်းကကောင်းပါတယ်၊ ဒါပေမယ့် . . ဝါကျရှည်တွေ သိမ်မသုံးနဲ့လေ၊ လှုပ်ရှားမှုတွေမှာ ဝါကျတိုတွေသုံး၊ ဇာတ်ပိုသွက်လာလိမ့်မယ်ထင်တယ်"

မယုံကြည်နိုင်စွာဖြင့် ဖျတ်ခနဲ လန့်နိုးလာသည်။ စိတ်ထဲမှာလည်း နဝေတိမ်တောင်ဖြစ်လျက် ဘေးဘီဝဲယာလှည့်ကြည့်တော့ ဘယ်သူမှမရှိ . .။

အိပ်မက်လေလား . .။ သူမ ကြားလိုက်ရတာကတော့ အမှန်တကယ်ပင် ဖြစ်သည်။ မျက်ခွံတွေက ပြန်လေးလံ၍ ပိတ်ကျသွားပြန်သည်။ အနားယူရန် လိုနေပြီဟူသောအသိဖြင့် သည်တစ်ခါတော့ စိတ်ကိုတင်းမထားတော့ပဲ သက်တောင့်သက်တာ ဖြေလျှော့ချလိုက်ချိန်တွင် . . .

"ဝါကျတွေမှာ စကားလုံးပြင်းအားတွေ ပျော့နေတယ် . .၊ ဒီတော့ သိပ်ရုပ်လုံးမကြွဘူး သံစဉ်၊ တချို့နေရာတွေမှာ မြည်သံစွဲအလင်္ကာတွေ ညှပ်ပုံသုံးရမယ် . .၊ မိုးရွာတယ် . . လေတိုက်တယ်ဆိုတာနဲ့ ရုပ်မကြွဘူးလေ၊ မိုးတွေတဝုန်းဝုန်း . . လေတွေကတဝေါဝေါဆိုရင် ဖတ်သူရဲ့နားထဲမှာ ကြားလာတယ်၊ ပုံဖေါ်မြင်လာတယ် သံစဉ်ရဲ့၊ ခြေသံကြားသည် ဆိုတာထက် ခြေသံတရှပ်ရှပ် ကြားလိုက်ရတယ်ဆိုတာက ပိုရုပ်မကြွဘူးလား သံစဉ် . ."

ညင်ညင်သာသာနဲ့ စိတ်ရှည်လက်ရှည်ရှင်းပြနေသော စကားလုံးများက သံစဉ်၏နားထဲ စမ်းချောင်းလေးတစ်ခုလို တ



www.burmeseclassic.com

www.burmeseclassic.com



သွင်သွင်စီးဝင်သွား၏။

တစ်ကိုယ်လုံး သွေးကြောတွေက ဖျဉ်းခနဲ လှုပ်ရှားရုန်းကြွ၍ ဖျတ်ခနဲ မျက်လုံးဖွင့်ကြည့်လိုက်သည်။ ထူးခြားသောအသံတွေကို သူမ ဘာလို့ကြားနေရတာလဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၃)

သံစဉ်ီ မှန်တင်ခုံရှေ့တွင်ထိုင်ရင်း မျက်နှာသုတ်ပဝါကို ရင်ဘတ်ပေါ်မှ ခွာလိုက်၏။ ဝေ့ဝဲကျလာသော ဆံနွယ်စများကို လက်ဖြင့်သပ်တင်လိုက်ရင်း မှန်ထဲသို့ ကြည့်လိုက်သည်။

"ဟင်!. . ဒါ. . ဒါ. . "

မှန်ပေါ်တွင် အသည်းနှလုံးပုံတစ်ခု. .

နှုတ်ခမ်းနီကို အသုံးပြု၍ ဆွဲသွားသောအသည်းနှလုံးပုံ



www.burmeseclassic.com

www.burmeseclassic.com



က မှန်ပေါ်တွင် အထင်အရှားပေါ်နေ၏။

"အို!. . ဒါ. . ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူဆွဲသွားတာလဲ. . ."

သံစဉ် ခေါင်းနာပန်းကြီးသွားရသည်။ ထိတ်လန့်တုန်လှုပ်စွာဖြင့် ထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်၏။

ထိုစဉ်. . ဖွင့်ထားသောပြတင်းပေါက်က 'ဂျိုင်း'ခနဲ ပိတ်သွားလေသည်။

"ဟင်!. ."

သတ္တိရှိပါသည်ဆိုသော သံစဉ်တစ်ယောက် တုန်လှုပ်မှုတစ်ခုကို စတင်ခံစားနေမိပြီ။ လေပြင်းမတိုက်ဘဲ ပြတင်းပေါက်က အရှိန်ဖြင့်ပိတ်သွားစရာ အကြောင်းမရှိ. . .

"ကျွီ!. . ကျွီကျွီ!!. . ."

ရုတ်တရက် မှန်တင်ခုံတုန်ခါသွားပြီး ကြည့်မှန်မျက်နှာပြင်လည်း လှိုင်းဂယက်တွေထသွား၏။

"အမလေး!. ."

လှုပ်ရှားသွားသော ကြေးမုံမှန်မျက်နှာပြင်မှ အဖြူရောင်အခိုးအငွေ့များ ထွက်လာလေပြီ။ အငွေ့တွေကြားထဲ တဖြည်းဖြည်းပေါ်လာသော မျက်နှာတစ်ခုကြောင့်. . .

"အား!. . . သူ. . . သူရိန်. . ."

ရင်ထဲအသည်းထဲ မေ့ဖျောက်မရသောမျက်နှာ ဖြစ်နေသည်။

သူရိန်. . ။ ရင်ခုန်သံစည်းချက်တို့ကို ကာရန်မဲ့ကဗျာ ဗရမ်း



www.burmeseclassic.com

www.burmeseclassic.com



ဗတာ ဆူပွက်စေခဲ့သူ. . .။

သံစဉ်၏ နှလုံးသားကို အပြာရောင်ဖဲကြိုးတစ်စဖြင့် လှပကျွမ်းကျင်စွာ ချည်နှောင်ခဲ့သော 'သူရိန်'ဆိုသည့် ချစ်ဦးသူ. .။

"သူ. . သူရိန်. . နင်. . နင် သေပြီမဟုတ်လား"

မှန်ပေါ်မှ သူရိန်၏ မျက်ဝန်းအစုံက သံစဉ်ကို စူးစိုက်ကြည့်နေ၏။ သူ့နှုတ်ခမ်းက တစ်ခုခုထုတ်ပြောချင်သလို တဆတ်ဆတ်တုန်ခါလျက်. . .။

သူရိန်က သေခဲ့ပြီပဲ၊ လွန်ခဲ့တဲ့တစ်နှစ်ကပဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ပွဲချင်းပြီး သေဆုံးသွားခဲ့တာလေ. . .။

ကြောက်လွဲတုန်လှုပ်စွာဖြင့် သံစဉ်တစ်ယောက် မှန်တင်ခုံရှေ့မှ ပြေးထွက်လာခဲ့သည်။ ကြိုးတန်းပေါ်က တီရှပ်ခပ်ပွပွတစ်ထည်ကို လှမ်းဆွဲလိုက်ရင်း အိမ်ရှေ့တံခါးမှတဆင့် အပြင်သို့ပြေးထွက်လိုက်သည်။

တလှုပ်လှုပ် ခုန်နေသောရင်ကို တည်ငြိမ်အောင် ကြိုးစားရင်း အသက်ကို လုရှူနေရသည်။

"သူဘာကြောင့် ငါ့ဆီရောက်လာတာလဲ"

"ဝူး!. . . ဝူးဝူး!!. . ."

ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် သံစဉ် ပတ်ဝန်းကျင်ကို ဝေ့ကြည့်မိသည်။

အသံက အတော်ဝေးဝေးမှ ပျံ့လွင့်လာနေသည်။ လှမ်းမျှော်ကြည့်လိုက်တော့ မြေနီလမ်းလေးအတိုင်း မောင်းလာနေသော ကားတစ်စီး. . .

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်. . . ဦးလေး. . ."

သံစဉ် အားတက်သွားသည်။ ဝမ်းသာအားရဖြင့် လက်ဆွဲယမ်းပြရင်း ဆင်ခြေလျှောလေးအတိုင်း သံစဉ်ပြေးဆင်းလာခဲ့သည်။

ကားပေါ်မှာ ဦးလေးတစ်ယောက်တည်းဟု ထင်ထားခဲ့သော်လည်း အနီးကပ်ရောက်တော့မှ သံစဉ်အမြင်မှားသွား၏။

ကားနောက်ခန်းတွင် လူတစ်ယောက် ပါလာသည်ကို တွေ့ရသည်။ သံစဉ် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးသူတစ်ယောက်ဖြစ်သည်။ အသက်ငါးဆယ်ခန့် ရှိပုံရသော ထိုလူကြီးက သံစဉ်ကို စိုက်ကြည့်နေ၏။

ထူထဲသော နှုတ်ခမ်းကို မပွင့်တပွင့်ပြုံးရင်း ကြည့်နေသော ထိုလူကြီးကိုဆက်မကြည့်တော့ဘဲ မျက်နှာလွှဲလိုက်ရ၏။ သူ့အကြည့်တွေက တည်ငြိမ်မှုမရှိကြောင်းကိုလည်း သံစဉ် သိလိုက်၏။

"ဘယ်လိုလဲ. . . ငါ့တူမ၊ နေရထိုင်ရတာ အဆင်ပြေရဲ့လားကွယ်"

ဦးလေးကနှုတ်ဆက်ရင်း ဟိုင်းလတ်ကားပေါ်မှ လွှားခနဲဆင်းလိုက်သည်။ အသက်ငါးဆယ်ကျော်တာတောင် လူငယ်တစ်ဦးပမာ သွက်လက်နေဆဲဖြစ်နေသော ဦးလေးကိုကြည့်ရင်း သံစဉ်အားကျမိ၏။

"ပြေ. . ပြေပါတယ်. . ဦးလေး၊ အခု ဘာတွေလာပို့တာ [illegible]ာင်. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဪ. . . ငါ့တူမ စားရေးသောက်ရေး အဆင်ပြေအောင်လို့ပါ၊ အသီးအရွက်တွေချည်းဆို အာဟာရပြတ်မှာစိုးလို့ ကြက်တစ်ကောင်ယူလာတယ်၊ ဒါက နွားနို့တစ်ပုလင်း၊ ဟောဒါ ကပျားရည်၊ ညအိပ်ရာဝင်တိုင်း တစ်ဇွန်းသောက်ကွဲ့. . ကျန်းမာရေးကောင်းတယ်"

မိဘတစ်ယောက်လို ဂရုစိုက်တတ်သော ဦးလေးကြောင့် သံစဉ် မျက်ရည်လည်လာမိ၏။ ဦးလေးမရိပ်မိစေရန် ကျလုဆဲ မျက်ရည်တစ်ပေါက်ကို အချိန်မီထိန်းရင်း ကျေးဇူးတင်စကား ဆိုလိုက်မိသည်။

"ကျေးဇူးတင်ပါတယ် ဦးလေးရယ်၊ သမီးအတွက် သိပ်ဒုက္ခမရှာပါနဲ့ သမီးက အစားအသောက် ဇီဇာမကြောင်ပါဘူး ရှိတာနဲ့စားတတ်ပါတယ်"

"ဒီလိုလည်းဘယ်ဟုတ်မလဲကွယ်၊ ဥတု အာဟာရ မျှတဖို့လိုတယ်လေ သံစဉ်ရဲ့၊ ဥစ္စာကံစောင့် အသက်ဉာဏ်စောင့်လို့ ဆိုထားတယ်မဟုတ်လားကွဲ့၊ ရော့. . . ဒီမှာကျန်သေးတယ်၊ ဒါတွေက ကြက်ဥတွေ၊ ပြီးတော့. . ဒီမှာဝက်အူချောင်း၊ ဒီဗူးက သရက်သီးသနပ်၊ ဒါက. . ပဲနီလေးနဲ့ ကြက်သွန်နီ၊ ကြက်သွန်ဖြူဆီတစ်ပုလင်းလည်းပါတယ် သံစဉ်. . ."

"အိုး. . စုံနေတာပဲဦးလေးရယ်. . ."

ပစ္စည်းတွေကို နှစ်ယောက်သားဆွဲ၍ အိမ်ထဲသယ်လာခဲ့သည်။ စိတ်ထဲကတော့ ကားပေါ်ကလူကို စိတ်ကွက်နေမိသည်။

"ဟွန်း. . . ဘယ်လိုလူကြီးပါလိမ့်၊ နည်းနည်းပါးပါး ကူ


www.burmeseclassic.com

www.burmeseclassic.com



ဆွဲပေးမယ်မရှိဘူး"

ပါးစပ်ကတော့ ထုတ်မပြောမိ၊ ပစ္စည်းတွေကို စားပွဲပေါ် စုပုံရင်း သံစဉ်က. . . .

"ဦးလေး. . . အရင်က ဒီအိမ်မှာနေတယ်ဆို. . . ."

"အာ. . . အမြဲမဟုတ်ပါဘူး တစ်ခါတစ်ရံမှပါ၊ မျိုးစေ့ချတဲ့ အချိန်တွေ၊ မြေပြင်တဲ့အခါမျိုးတွေမှသာ နေတာပါ၊ ဘာဖြစ်လို့လဲသမီး. . ."

"မဖြစ်. . . မဖြစ်ပါဘူး၊ ဒါဆို အိမ်မှာ ဘယ်သူမှမရှိဘူးပေါ့နော်. . ."

"မရှိဘူးသမီး. . သော့ခတ်ထားတာပဲ၊ ဟိုဘက်မှာ ဖထီးတို့လင်မယားတဲလည်း ရှိတယ်လေ"

"ဦးလေးနေတဲ့ ညတွေမှာကော. . ဘာထူးခြားတာတွေ ရှိလဲဦးလေး"

သံစဉ်၏စကားကြောင့်. . ဦးလေးက မျက်မှောင်ကြုတ်ကြည့်ရင်း. . .

"နေပါအုံးကွယ်. . ငါ့တူမစကားက အဆန်းပဲ၊ ဘာတွေ ထူးထူးခြားခြား ကြုံနေရလို့လဲသမီး"

သံစဉ်က သူကြုံတွေ့ခဲ့ရသော အဖြစ်အပျက်ကို အတိုချုံး၍ ပြောပြလိုက်သည်။ သို့သော်. . ဦးလေးဖြစ်သူက ယုံကြည်တန်မပေါ်ပေ။

"သမီး. . အိပ်ရေးပျက်တာများပြီး ကယောင်ချောက်ချားဖြစ်တာနေမှာပါ၊ ပြီးတော့. . တူမက စာရေးတာဆိုတော့ ဇာတ်



www.burmeseclassic.com

www.burmeseclassic.com



လမ်းတွေပုံဖေါ်စဉ်းစားရင်းနဲ့ စိတ်ဆွဲပြီး ပုံရိပ်တွေမြင်တာ ဖြစ်မှာပါ. . ဒီမှာဘာမှမရှိဘူး၊ ကဲ. . . ဦးလေးလည်း လယ်တွေလိုက်ကြည့်လိုက်ဦးအုံးမယ်. .၊ နောက်မှပဲ အေးအေးဆေးဆေး လာခဲ့မယ်နော်"

ပစ္စည်းတွေတစ်ပွေ့တစ်ပိုက်ကြီး သယ်လာပြီးနောက် ဦးလေးဖြစ်သူက နှုတ်ဆက်၍ပြန်သွား၏။ အိမ်လှေကားထစ်အဆင်းမှာပင် ဦးလေးကစိတ်မချစွာဖြင့်. . .

"ငါ့တူမအဖော်ရအောင် အမိုးကိုခေါ်ထားပါလားကွယ်၊ ဦးလေးပြောပေးရမလား. . . "

"အို. . ရပါတယ်ဦးလေး၊ သမီးဘာမှမဖြစ်ပါဘူး၊ သတ္တိရှိပါတယ် စိတ်မပူပါနဲ့. .၊ တော်ကြာ. . ဟိုမှာဖထီးတစ်ယောက်တည်း ဖြစ်နေပါအုံးမယ်"

"အေးကွယ်. . အစစအရာရာတော့ ဂရုစိုက်နေပါကွယ်၊ ညဥ့်သိပ်နက်အောင်လည်း စာရေးမနေနဲ့နော်၊ ကျန်းမာရေး ထိခိုက်နေအုံးမယ်"

"ဟုတ်ကဲ့ပါ. . . ဦးလေး. . . "

မေးသင့်မမေးသင့် ဒွိဟဖြစ်နေရာမှ ဆုံးဖြတ်ချက်ချပြီး မေးခွန်းတစ်ခုကို ထုတ်မေးလိုက်မိသည်။

"ဒါနဲ့ဦးလေး. . . "

"ဘာများလဲကွယ်တူမကြီး. . . "

"ဟိုလေ. . . ကားပေါ်မှာ ပါလာတဲ့လူက ဘယ်သူလဲဦးလေး"



www.burmeseclassic.com

www.burmeseclassic.com



"ဟော်. ."

ဦးလေးက နားမလည်နိုင်စွာဖြင့် ကားပေါ်ကိုတစ်လှည့်၊ သံစဉ်၏မျက်နှာကိုတစ်လှည့် ကြည့်နေ၏။

အတန်ကြာမှ ဘယ်လိုသဘောပေါက်သွားသည် မသိ ပြုံးရွှင်စွာဖြင့် ဆိုလိုက်၏။

"အဟက်. . . ငါ့တူမတော့ စာရေးတာများလို့ မျက်မှန် လိုနေပြီထင်တယ်၊ ဦးလေးက တစ်ယောက်တည်းလာတာလေ၊ ကားပေါ်မှာ ဘယ်သူမှမပါခဲ့ဘူးကွယ်. . ."

"ရှင်!. ."

အံ့သြနားမလည်စွာဖြင့် သံစဉ်က ကားပေါ်သို့ ဖျတ်ခနဲ ကြည့်မိသည်။ ထိုလူက ကားနောက်ခန်းတွင် ခြေနှစ်ချောင်းချ၍ ကျောပေးထိုင်နေ၏။ သို့သော် ဦးလေးကတော့ သူတစ်ယောက် တည်းပါတဲ့. . ။ လူကြီးတန်မဲ့ လိမ်ပြောနေခြင်းကား မဟုတ်တန် ရာ. . ။

ရှုပ်ထွေးနားမလည်လွန်းစွာဖြင့် သက်ပြင်းကိုသာ လေး လေးပင်ပင်ချရင်း သံစဉ်တစ်ယောက် ကားကို မြင်ကွင်းမှာပျောက် သွားတဲ့အထိ မျက်စိတဆုံးကြည့်နေမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အသားတုံးတစ်ခုကို ကိုက်ဝါးနေဟန်တူသည်။
အသားကလည်း အသားစိမ်းဖြစ်မည်။
သွေးတွေက စို့ရွဲနေပြီး တတောက်တောက်ကျနေ၏။
သူ့နှုတ်ခမ်းမှာလည်း သွေးများပေကျံလျက်. . .

# အခန်း(၄)

အဆင်မပြေတာတစ်ခုက အိမ်သာ. . ။

အိမ်သာက လုံလုံခြုံခြုံ သပ်သပ်ရပ်ရပ် ရှိနေသော်ငြား လည်း အိမ်နှင့်ဝေးကွာလွန်း၏။ အိမ်အနောက်ဘက် သစ်ပင် အုပ်ကိုကျော်လွန်ပြီးမှ အိမ်သာသို့ရောက်နိုင်သည်။ အိမ်နှင့်အိမ် သာကို ဘာကြောင့် ဤမျှအထိ ဝေးကွာစွာတည်ဆောက်ထား မှန်းမသိ. . .။



www.burmeseclassic.com

www.burmeseclassic.com



ဤတစ်ချက်ကိုတော့ ဦးလေးကိုအပြစ်တင်မိသည်။ နိုးနိုးနားနား ဘာကြောင့်မဆောက်ထားတာလဲဟု. . မေးချင်နေမိသည်။ အလင်းရောင်ရှိသော နေ့ဘက်က အကြောင်းမဟုတ်. .၊ အခုလို ညဘက်မျိုးဆို အဆင်မပြေပါ။

မီးသွယ်တန်းထားခြင်းမရှိ၍ မှောင်မှောင်မည်းမည်း တောအုပ်ကို လက်နှိပ်ဓါတ်မီးအကူအညီဖြင့် သွားရပေလိမ့်မည်။

စားထားသော ပဲဟင်းနှင့်ရှောက်သီးသုပ်က အစွမ်းပြပြီလားမသိ၊ ဗိုက်ထဲက တရစ်ရစ်နာလာသည်။ တစ်ညလုံး ဤဒုက္ခကို လွယ်ပိုးထား၍ မဖြစ်။ နာရီကိုကြည့်လိုက်တော့ ဆယ်နာရီဆယ့်ငါးမိနစ်ပင်ရှိနေပြီ. . .။

"မထူးပါဘူး၊ သွားလိုက်တာပဲ ကောင်းပါတယ်"

"ဒုန်း!. ."

"ဟင်!. ."

အိပ်ရာကထလိုက်စဉ်မှာပင်. . ဒုန်းခနဲ အသံတစ်ချက်ကြောင့် လှည့်ကြည့်လိုက်ရာ အခန်းအပြင်ဘက်မှ ရိပ်ခနဲဖြတ်သွားသော ခြေထောက်တစ်ချောင်းကို ဖျတ်ခနဲတွေ့လိုက်ရ၏။

သူမ ကြက်သီးတွေ တဖြန်းဖြန်းထသွားရသည်။

သံစဉ် အံကိုတင်းတင်းကြိတ်လိုက်သည်။

မာန်တင်းရင်း ဓါတ်မီးကိုဖွင့်၊ သံတုတ်ကိုယူရင်း အောင်ပေါ်ကဆင်းလိုက်၏။ ခြောက်ဆယ်အားမီးအလင်းရောင်ကြောင့် မြင်ကွင်းက အထင်အရှားဖြစ်၏။ ဘယ်သူမှမရှိ. .။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ် နောက်ဖေးတံခါးကို ဖွင့်လိုက်သည်။ တစ်ဆက်တည်း ရာဘာလည်ရှည်ဖိနပ်ကို စီးလိုက်၏။ ထိုဖိနပ်က မစီး၍ မဖြစ်. .၊ ဤနေရာမျိုးမှာ မြွေတွေမရှိဟု ဘယ်သူပြောနိုင်မည်နည်း။ ဝေးလံသော အိမ်သာကို ရောက်ဖို့အတွက် ဒီရာဘာဖိနပ်က အသင့်တော်ဆုံးဖြစ်သည်။

"ဘုတ်!. ."

"အ. . . အမယ်လေး!. ."

ရုတ်တရက် သူ့ပခုံးပေါ် ကျလာသော လက်တစ်ဖက်။

မမြင်လိုက်ရသော်လည်း အေးအေးစိမ့်စိမ့် အထိအတွေ့က အသိသာကြီးပင်. .။ သံစဉ်တစ်ယောက် လန့်ဖျပ်ကာအော်ဟစ်ရင်း ထခုန်မိသည်။ ဓါတ်မီးနှင့် လှည့်ထိုးကြည့်တော့ ဘာမှမရှိ. . .။

"ဘုရား. . . ဘုရား. . ."

'တဖြည်းဖြည်း အတင့်ရဲလာပြီကော' ဟူသော အသိက သူမကို စတင်ခြောက်လှန့်စပြုချေပြီ။ နောက်ထပ် ဘာဆက်ဖြစ်အုံးမလဲဟူ၍ တဒင်္ဂစောင့်ကြည့်နေလိုက်သေးသည်။

သို့သော်. . အထူးအထွေထပ်မဖြစ်၊ ဘာအသံမှထပ်မကြားရတော့သဖြင့်. . မလုံမလဲဘဝနှင့် တံခါးဖွင့်ကာ အိမ်သာဘက်သို့ လျှောက်လာလိုက်သည်။ ကောင်းကင်မှာ လခြမ်းကွေးလေးက အလင်းရောင် မစို့မပို့. .၊ နားကွဲလောက်အောင် ဟစ်အော်နေကြသော ပုစဉ်းရင်ကွဲကောင်များ၏အသံက ညံစီနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သံတုတ်ဖြင့် မြက်ပင်များကို မွှေ့ယမ်းခြောက်လှန့်ရင်း ဓါတ်မီးအလင်းရောင်အားကိုးဖြင့် လျှောက်လာခဲ့သည်။

ခြေလှမ်းငါးလှမ်းပင် မပြည့်သေး. . .

“ရှပ်!. . . ရှပ်!. . . ရှပ်!. . .”

သူ့နောက်ကထွက်ပေါ်လာသောခြေသံ. . .

မိမိဖိနပ်သံ တဖွပ်ဖွပ်နှင့်မတူသော ခြေသံတစ်ခုကို ကြားလိုက်ရ၍ သံစဉ် ခြေလှမ်းကို တုံ့ခနဲရပ်ပစ်လိုက်သည်။

နားစွင့်ကြည့်တော့ ဘာသံမှမကြားရတော့။ ပုစဉ်းရင်ကွဲအော်သံများကြောင့်လည်း အားစိုက်နားထောင်နေရသည်။

ခြေသံကို ထပ်မကြားရတော့. .။ ဓါတ်မီးဖြင့် အနောက်လှည့်၍ မွှေနှောက်ထိုးလိုက်သည်။ မည်သည့်အရာမှမတွေ့သလို ဘယ်သူမှလည်းမရှိပေ။ အနည်းငယ်စိတ်အေးစွာဖြင့် ဆက်လျှောက်လာလိုက်သည်။ သို့သော်. . .

“ရှပ်!. . . ရှပ်!. . . ရှပ်!. . .”

အံ့ဩစွာပင် ‘တရှပ်ရှပ်’ခြေသံကို ထပ်ကြားရပြန်သည်။ သည်တစ်ခါတော့သံစဉ်က ခြေလှမ်းမရပ်တော့၊ ခြေကိုညင်သာစွာ ဖွနင်းရင်း လျှောက်လိုက်သည်။ နောက်ကလိုက်လာသော ခြေသံက အထင်အရှား ကြားနေရချေပြီ။

“တောက်!. . .”

ဒေါသထွက်စွာဖြင့် ခြေလှမ်းကိုရပ်၍ နောက်သို့ဆတ်ခနဲလှည့်၍ ရင်ဆိုင်လိုက်၏။ သက်ရှိဆို၍ ခွေးတစ်ကောင်ကြောင်တစ်မြီးမှမရှိပေ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟေ့. . နောက်ကလိုက်နေတာ. . ."

တုန်လှုပ်မှုကို ထိန်းချုပ်၍. . အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။ တုံ့ပြန်ဖြေကြားသံကိုတော့ မကြားရ၊ လှုပ်ရှားမှုကိုလည်းမမြင်ရပေ။ အနောက်က ခြေသံရှင်သည် သူလျှောက်လျှင်လိုက်လျှောက်သည်။ သူရပ်လိုက်လျှင်လိုက်ရပ်သည်။

သူ့မနောက်က ပါလာသည်ကိုတော့ အသေအချာသိနေရသည်။ ထိုစဉ်. . ဗိုက်က ပိုနာလာ၏။

မမြင်ရသောအရာတွေနှင့် လှည့်ပတ်ရန်ဖြစ်နေ၍ ဘာမှမထူး၊ အိမ်သာရှိရာသို့ ခပ်သွက်သွက်လျှောက်လိုက်မိသည်။

"ဂွပ်!. . ဂွပ်!. . ဂွပ်!. . ဂွပ်!. ."

တဂွပ်ဂွပ်ဖိနပ်အသံကို ပိုမိုကျယ်လောင်စွာ အသံမြည်စေရန် တမင်လုပ်လျှောက်ခြင်းဖြစ်သည်။ ထို့မှသာ နောက်ကလိုက်လာသောခြေသံကိုမကြားရဘဲ စိတ်သက်သာရာရမည် ဖြစ်သည်။

"ဂိ!. . ဂစ်!. ."

ညဉ့်ငှက်တစ်ကောင်၏ အော်သံကြောင့် ထိတ်ခနဲ. . .

"တောက်!. . အရေးထဲ ဒီငှက်စုတ်က တမျှောင့်. ."

ခြေလှမ်းကို ပိုသွက်၍လျှောက်လိုက်သည်။

"ဂွပ်!. . ဂွပ်!. . ဂွပ်!. . ဂွပ်!. ."

ခြွေးစို့အောင် လျှောက်လိုက်ပြီးမှ အိမ်သာကိုရောက်သည်။ ထိုဒုက္ခကို မအောင့်နိုင်သူများ လမ်းမှာပင် ပြဿနာတက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညဘက်တွင် ထိုသို့ဖြစ်မည်စိုးကာ သူမ ရေတောင်သိပ် မသောက်ဖြစ်။ ညဦးပိုင်းကတည်းက ကိစ္စတွေရှင်းထားရသည်။

အိမ်သာထဲဝင်၍ တံခါးချက်ကို သေသေချာချာချသည်။ ဓါတ်မီးကိုတော့ မပိတ်ရဲသေး၊ ဖွင့်လျက်သား နံဘေးမှာ ချထား၏။ သံတုတ်ကို နံရံမှာထောင်ကာ သူမကိစ္စကို ရှင်းရသည်။

အိမ်သာက ကျဉ်းကျဉ်းကျပ်ကျပ်တော့မဟုတ်၊ အတန် ငယ် ချောင်ချောင်ချိချိရှိသည်။ အိမ်သာ၏ ပျဉ်ပြားတွေက ဆွေး မြည့်နေပြီ။ မိုးထဲ၊ လေထဲ၊ တောထဲမှာပစ်ထားပြီး ပြုပြင်သူ မရှိ သောကြောင့် ဖြစ်သည်။ တချို့နေရာတွေမှာ အပေါက်အပြဲတွေ၊ အက်ကွဲကြောင်းတွေနှင့် . . .

"ဂွမ်း!. ."

"အမေ့!. ."

ရုတ်တရက် ထွက်လာသောအသံကြောင့် . . သူမ လန့် တာ အော်လိုက်မိသည်။ အသံက အိမ်သာအမိုးပေါ်သို့ တစ်စုံ တစ်ခု ပြုတ်ကျလာခြင်းဖြစ်သည်။ သစ်ပင်မှ သစ်ကိုင်းခြောက် တစ်ခုခု. . ၊ ဒါမှမဟုတ် သစ်သီးခြောက်၊ သစ်သီးမှည့်တစ်လုံးလုံး ပြုတ်ကျတာပဲ ဖြစ်ပေလိမ့်မည်ဟု သူမဖြေတွေးမိသည်။

"ကျွီ!. . . ကျွီ!. . ."

"အိုး!. . ."

ခြေထောက်ကို တစ်ခုခုလာထိသွားသည်။

ဓါတ်မီးဖြင့်ထိုးကြည့်လိုက်တော့. . ကြွက်တစ်ကောင် မြတ်ပြေးသွားလေသည်။ ထိုကြွက်သည် ဘေးနံရံအက်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ အပြင်တိုးထွက်ရင်း ဆင်းပြေးသွား၏။

"ဟူး. ."

အခုမှ သက်ပြင်းချနိုင်တော့သည်. .။ ကိစ္စပြီးသည်နှင့် ခါတ်မီးနှင့် သံတုတ်ကိုကိုင်၍ တံခါးဖွင့်ရန်ပြင်လိုက်စဉ်မှာပင်. .

"ဟင်!. . . ဘုရား!. . . ဘုရား!. . . ."

အိမ်သာတံခါးပေါက်ကြားမှ လှမ်းမြင်လိုက်သည်က အိမ်သာနှင့် ဆယ်ပေလောက်အကွာတွင် လူတစ်ယောက်ရှိနေသည်။ သူ့ကိုတစောင်းပေး၍ ကျောက်တုံးတစ်ခုပေါ် ထိုင်ရင်း တစ်စုံတစ်ခုကို မြိန်ရေယှက်ရေစားနေ၏။

"ဒါ. . . ဒါ. . . သူရိန်စိုးလား. ."

အသားတုံးတစ်ခုကို ကိုက်ဝါးနေဟန်တူသည်။ အသားကလည်း အသားစိမ်းဖြစ်မည်။ သွေးတွေကရွှဲနေပြီး တတောက်တောက်ကျနေကာ သူ့နှုတ်ခမ်းမှာလည်း သွေးများပေကျံလျက်ရှိ၏။

ထိုထားသူက အသားကိုကိုက်ဆွဲပြီးနောက်. . လက်ထဲကျန်တဲ့အရာကို လွှင့်ပစ်လိုက်သည်။ ထိုအရာက ဘုတ်ခနဲပြုတ်ကျလာပြီး. . မြေနိမ့်ဘက်ဖြစ်သော အိမ်သာဘက်လိမ့်ဆင်းလာသည်။

"အူး. ."

သံစဉ်က ပါးစပ်ကိုလက်ဝါးနှင့်အုပ်ရင်း အသံမထွက်မိစေရန် ကြိုးစားလိုက်သည်။ သူမ မြင်လိုက်ရသည်က စောစောက ခြေထောက်အောက်မှ ပြုတ်သွားသော ကြွက်ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ့်ရင်ထဲမှာလည်း ပျို့တက်လာရသည်။ ခက်တာက သူမ အိမ်သာထဲက ဘယ်လိုထွက်ရမည်မသိ၊ အိမ်ဘက်ကိုပြန်မယ့်လမ်းက ဒီတစ်လမ်းတည်းဖြစ်နေသည်။ တခြားဘက်တွေမှာ မြက်ရိုင်းတွေက တောထနေ၏။

ဒီအတိုင်းငုတ်တုတ်ထိုင်၍ မဖြစ်တော့၊ တောတိုးသင့်တိုးရမည်။ ထိုအတွေး၊ ထိုစိတ်ကူးဖြင့် တံခါးချက်ကို အသာဖြုတ်သည်။ တံခါးရွက်ကို ညင်သာစွာတွန်းဖွင့်သည်။

"ကျွီ!. . . ကျွီ!. . ."

သို့သော် ဆီခမ်းခြောက်နေသာတံခါးက ကျွီခနဲအသံရှည်ကြီး မြည်သွား၏။

ထိုသူက သံစဉ်ဘက်သို့ ဖြည်းညင်းစွာ လှည့်ကြည့်လိုက်သည်။ သွေးများပေကျံနေသော နှုတ်ခမ်းအစုံက ခပ်ဟဟ ပြုံးရယ်ရင်း သူမကိုကြည့်နေ၏။

မိမိကိုတွေ့မြင်သွားပြီဆိုတဲ့အသိက စိတ်ကိုကယောင်ချောက်ချားဖြစ်စေသည်။ ညာဘက်လက်က သံတုတ်ကို တချစ်တချစ်ပါအောင်ကိုင်ပြီး ဘယ်ဘက်လက်က ဓာတ်မီးကိုကိုင်ရင်း အိမ်သာပေါ်မှ အောက်ကိုဆင်းလိုက်၏။

ခလုတ်တိုက်လဲမကျစေရန် သတိထား၍ ဆင်းလိုက်ပြီး ခေါင်းပြန်မော့ကာ ကြည့်လိုက်ချိန်မှာတော့ ကျောက်တုံးပေါ်တွင် ဘယ်သူမှမရှိတော့ပေ။ သို့သော် ကျောက်တုံးတွင် သွေးစက်များ ပေကျံလို့နေသည်။

ဘာပဲဖြစ်ဖြစ် သူ မရှိတော့၍ သံစဉ်စိတ်သက်သာရာရ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သည်။

'တဒိန်းဒိန်း'ခုန်နေသော ရင်အစုံဖြင့် မပြေးရုံတမည်သာ လျှောက်လာခဲ့၏။

သံစဉ်ရှိရာသို့ သူရိန်စိုးရောက်လာခဲ့ပြီလား. . .။

သို့ဆိုလျှင် လူမရှိ၊ သူမရှိ ဤနေရာက အိမ်လေးတစ်လုံးတွင် သံစဉ်မှာ သရဲတစ္ဆေတစ်ကောင်နှင့် အတူနေရသောဘဝ ဖြစ်နေလေပြီ။

'သူရိန်စိုး'ဆိုသော သူဌေးသားလေးတစ်ယောက်၏ ဘဝထဲ သူတိုးဝင်ခဲ့မိသည်ကိုက သံစဉ်၏အမှားပင် ဖြစ်နေတော့သည်။ သူ့မာမီသိတော့ သံစဉ်တို့နေသော ရပ်ကွက်ထဲအထိ လိုက်လာပြီး လက်ညှိုးငေါက်ငေါက်ထိုးကာ. . .

"ဟဲ့. . . မုန့်ဟင်းခါးသည်မရဲ့သမီး၊ တန်ရာတန်ရာ မှန်းပါလား၊ ရွှေပေါ်မြတင်ထားတဲ့ ငါ့သားကိုမှ လာမှန်းရသလား၊ ရမယ်လိုကောထင်သလားကောင်မရဲ့ ညည်းလိုအဆင့်ကို ငါ့အိမ်က မာလီတောင် မယူဘူးဆိုတာ သိထား၊ လူဆိုတာ ကိုယ့်အဆင့်နဲ့ကိုယ် နေရတယ်. . ဝတ္ထုတွေ၊ ဗီဒီယိုတွေထဲကလို စိတ်ကူးမယဉ်နဲ့၊ ဘယ်တော့မှ ဖြစ်မလာဘူးဟဲ့ သိရဲ့လား ပိုင်းလုံးမ"

သူရိန်စိုးအမေ ပြောဆိုသွားပုံက သူမတို့မိသားစုတစ်ခုလုံး ရပ်ကွက်ထဲတွင် ခေါင်းမဖော်နိုင်အောင်ဖြစ်ခဲ့ရ၏။ သူရိန်စိုးအပေါ် ပထမဆုံးသောရင်ခုန်သံဖြင့် စွဲလမ်းချစ်မိခဲ့ပါသော်လည်း ထိုအချိန်မှစ၍ မေ့ပျောက်နိုင်ရန် သံစဉ် ကြိုးစားခဲ့ပါသည်။

ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်သွားမတတ် ကြေကွဲနာကျင်



www.burmeseclassic.com

www.burmeseclassic.com



မှုအကြားမှ ချစ်သူကို တမ်းတနေမိဆဲ. . ၊ ကျိတ်ငိုခဲ့ရသော မျက်ရည်များကြားက ချစ်သူကို လွမ်းဆွတ်နေမိဆဲပင် ဖြစ်၏။

ထိုအချိန်မှစ၍ သံစဉ်တို့၏ မုန့်ဟင်းခါးဆိုင်သို့ သူရိန်စိုးရောက်မလာတော့ပေ။ သို့သော် နှစ်ကြိမ်တိုင်တိုင် အပြင်တွင်သူမတို့ ဆုံဖြစ်ကြသည်။ သူရိန်စိုးကတော့ သူမကိုနှစ်သိမ့်လေသည်။

"သံစဉ်ကို ကိုယ်တကယ်ချစ်တယ်ဆိုတာ ယုံပါကွာ၊ မိဘတွေရဲ့ဆန္ဒကို မလွန်ဆန်နိုင်သေးပေမယ့် ကိုယ့်ကိုယုံပါ၊ ဘယ်လိုခွဲခွဲ ကိုယ်တို့မကွဲစေရဘူး၊ ကိုယ်ကြိုးစားမယ်. . ကိုယ့်ဘဝကိုယ်ရပ်တည်နိုင်အောင်ကြိုးစားမယ်၊ ကိုယ့်ကိုစောင့်နေနော်"

ဒီလိုဆိုတော့လည်း သံစဉ်တစ်ယောက် အသည်းမမာနိုင်တော့။ ချစ်သူအပေါ် မျှော်လင့်ချက်ဖြင့် အရာရာကိုရင်ဆိုင်ခဲ့၏။ ခါးသီးသောအထီးကျန်မှုကို ကာလရှည်စွာ ပေးဆပ်ခဲ့ရ၏။ သို့သော် နောက်ပိုင်းတွင်တော့ သံစဉ်ရှိရာဆီ သူရိန်စိုး ရောက်မလာခဲ့တော့ပေ။

တစ်နေ့နေ့တွင် ရောက်လာနိုးဖြင့် တိတ်တခိုးမျှော်နေရသူက သံစဉ်ပဲဖြစ်သည်။ သူငယ်ချင်းတွေကတော့ အကောင်းဆုံးအကြံပေးသည်. . 'မေ့ပစ်လိုက်ပါတော့'တဲ့။

ဝေခွဲမရသောအခြေအနေမှာ သတင်းပေးသူက အချစ်ဆုံးသူငယ်ချင်း 'မေစံပယ်'ဖြစ်နေသည်။

"သံစဉ်. . . နင် သူ့ကိုမေ့ပစ်ဖို့ အချိန်တန်ပြီ၊ နင့်သူရိန်က နင်ထင်သလိုမဟုတ်ဘူး၊ သူက လူပျော့လူညံ့တစ်ယောက်၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရဲ့ဘဝကို ပုံအပ်ပြီးအားကိုးအားထားပြုရမယ့် ယောကျ်ားမျိုးမဟုတ်ဘူး၊ သူ့မှာကိုယ်ပိုင်အရည်ချင်းမရှိဘူး၊ မိဘစကားကို မလွန်ဆန်နိုင်ဘူး၊ မရုန်းထွက်နိုင်ဘူး၊ ချစ်သူအတွက်စွန့်စားလိုစိတ်ဆိုတာ သူ့ရဲ့စိတ်ကူးအိပ်မက်သက်သက်ပဲ၊ သူ့အိမ်ကသဘောတူတဲ့ ကောင်မလေးတစ်ယောက်နဲ့ စေ့စပ်ဖို့အတွက်သဘောတူလိုက်ပြီလေ”

နွေခေါင်ခေါင် မိုးကြိုးပစ်ချခံလိုက်ရသလိုပင်. . ။

မေစံပယ့်ရင်ထဲမှာ ခေါင်းအပ်၍ သူမငိုပစ်လိုက်မိသည်။ နောက်တစ်ပတ်အကြာမှာ ထပ်ကြားလိုက်ရတာက သူရိန်စိုးတစ်ယောက် ကားအက်ဆီးဒင့်ဖြစ်ကာ ပွဲချင်းပြီးဆုံးသွားပြီဆိုသောသတင်းဖြစ်သည်။

သံစဉ်၏ ကမ္ဘာငယ်လေးတစ်ခု အကြွင်းမဲ့ ပြိုပျက်သွားခဲ့ရလေပြီ. . . ။



www.burmeseclassic.com

www.burmeseclassic.com



သားတွင်တစောင်းအိပ်၍ သူမကို စေ့စေ့ကြည့်နေသော
လူတစ်ယောက်...
ထိုသူ၏မျက်နှာနှင့် သံဝဥ်၏မျက်နှာနှစ်ခုက
ခြောက်လက်မထက် ပိုမဝေးတော့...

# အခန်း(၅)

မေ့ပျောက်ရန်ကြိုးစားထားသော အကြောင်းအရာများက တဖွားဖွားပြန်ပေါ်လာနေသည်။ ဘယ်လိုမှ စာဆက်ရေးလို့မရတော့..။ ဘောလ်ပင်ကိုချထားလိုက်ပြီး ဆံပင်အုံထဲ လက်နှစ်ဖက်ထိုးထည့်၍ ကုတ်နေမိသည်။

တည်ငြိမ်နေသောနှလုံးသားက အဘယ်ကြောင့် ပြန်လှုပ်ရှားလာပါသနည်း။ မေ့ပျောက်ထားသော အကြောင်းအရာတွေ



www.burmeseclassic.com

www.burmeseclassic.com



က သူ့အလိုလို ပြန်ပေါ်လာခဲ့သည်။ သံစဉ် မတွေးတတ်တော့။

လောလောဆယ် သူမခေါင်းထဲ ချာချာလည်နေတာပဲ သိသည်။ မျက်စိကို စုံမှိတ်၍ စားပွဲပေါ် မှောက်အိပ်လိုက်သည်။ စားပွဲတင်မီးချောင်းလေးကိုလည်း ပိတ်ထားလိုက်သည်။

ရုတ်တရက် လေအေးတစ်ချက်က ဝေ့ခနဲဖြတ်တိုက်သွားသည်။ သူမတစ်ကိုယ်လုံး အေးခနဲဖြစ်သွားသော်လည်း အခန်းတံခါးတွေ ပြတင်းပေါက်တွေက လုံအောင်ပိတ်ထားလေသည်။ 'လေက ဘယ်ကဘယ်လို ဝင်လာပါလိမ့်'ဟုတွေးမိသေးသည်။

'ဆက်ရေးလေကွာ ဘာလို့ရပ်လိုက်တာလဲ၊ အောင်မြင်ခါနီးပြီလေ. . .'

တိုးညင်းလွန်းသောစကားသံတစ်ခု သူမနားရွက်နားကပ်၍ ပီပီသသ ကြားလိုက်ရသည်။ တစ်ကိုယ်လုံးကသွေးတွေ ဖျင်းခနဲ ဖြစ်သွားပြီး ခါးကိုမတ်၍ ခေါင်းမော့လိုက်သည်။

"ဘယ်သူလဲ. . . ဘယ်သူလဲ. . ."

သံစဉ်က အသံခပ်အုပ်အုပ်ဖြင့် မေးလိုက်သည်။ တုံ့ပြန်သံမကြားရဘဲ စားပွဲပေါ်က ဘောလ်ပင်ကိုတော့ တစ်ယောက်ယောက်က လက်ညှိုးနဲ့ တောက်ထုတ်လိုက်သလို တစ်ပတ်လည်သွားသည်ကို ထူးဆန်းစွာတွေ့လိုက်ရသည်။

ကြောက်လန့်မှုထက် အံ့ဩမှုက ပိုနေ၏။

"ဒါ. . . ဒါ. . . သူ. . သူရှိန်လား. . . ."

သံစဉ်၏ ခပ်တိုးတိုးမေးသံအဆုံးမှာ သူမ၏ညာဘက်


www.burmeseclassic.com

www.burmeseclassic.com



လက်တစ်ချောင်းလုံး ဆတ်ခနဲတုန်ခါသွား၏။ ထုံခနဲ ကျဉ်ခနဲဖြစ်သွားသလိုမျိုး ခံစားလိုက်ရသည်။

အံ့သြစွာဖြင့်. . သံစဉ် ကိုယ့်လက်ကို ပြန်ငုံ့ကြည့်နေမိသည်။ သူ့ညာလက်က ထုံဆေးထိုးခံလိုက်ရသလို ခံစားမှုကင်းမဲ့နေ၏။ အထိအတွေ့အာရုံ မရသလိုပင်. . .

သူ၏ စိတ်ဆန္ဒမပါသော ထိန်းချုပ်မှုမျိုးဖြင့် ညာလက်က ဘောလ်ပင်ကို ကောက်ကိုင်၍ စာရွက်ပေါ်တွင် တဂျစ်ဂျစ်နှင့် စတင်ရေးပါတော့သည်။

"ဟင်!. . . ဘယ်လိုဖြစ်တာလဲ ငါလဲမရေးဘဲနဲ့"

သူ့လက်ရေးမဟုတ်သောစာလုံးများက စာရွက်ဖြူဖြူပေါ်တွင်အထင်သား. . . ဖတ်ကြည့်လိုက်တော့. . .

**သံစဉ်လေး...မင်းထင်သလို မဟုတ်ပါဘူး...၊**

**ကိုယ်က မင်းကို တကယ်ချစ်ခဲ့တာပါ...၊**

**အခုလည်း မင်းအနားမှာ အမြဲရှိပြီး စောင့်ရှောက်နေဦးမှာပါ...။**

သေချာပါသည် သူရိန်စိုး၏ မကျွတ်မလွတ်သောဝိညာဉ်က သူမအနီးတွင် ရှိနေပါပြီ။ အန္တရာယ်အနှောင့်အယှက် ပေးမှာမဟုတ်မှန်း သိလိုက်ရလို့ နည်းနည်းတော့ စိတ်သက်သာရာရသွားသည်။

သို့သော်. . . သူတစ်ယောက်တည်း မဟုတ်ဘူးဆိုသောအသိက မလွတ်လပ်သလို၊ မလုံခြုံတော့သလို ခံစားလိုက်ရ၏။

ဆတ်ခနဲ လက်တုန်ခါသွားပြီး လက်ထဲကဘောလ်ပင်က တစ်ဖန်လွတ်ကျသွားပြန်သည်။ စိုးရိမ်စွာဖြင့် ညာလက်ကို ဆုပ်



www.burmeseclassic.com

www.burmeseclassic.com



နယ်နှိပ်နေမိသည်။ အခုတော့လည်း ပုံမှန်အတိုင်းပင် . . .

"ကိုသူရိန် . . ရှင် . . ရှင် . . ဒီမှာမနေပါနဲ့ ထွက်သွားပါ၊ ကျွန်မနဲ့ဝေးရာကို ထွက်သွားပါရှင်၊ အားလုံးပြီးဆုံးခဲ့ပါပြီ . . အစွဲမကြီးပါနဲ့တော့၊ ရှင်နဲ့ကျွန်မက ဘဝချင်းခြားနေပါပြီ၊ ဘယ်လိုမှ ပေါင်းစပ်လို့ မရတော့ပါဘူး၊ သွားပါတော့ ရှင်ထွက်သွားပါတော့၊ ကျွန်မကိုတကယ်ချစ်တယ်ဆိုရင် ရှင်ထွက်သွားပေးပါ ကိုသူရိန်"

သံစဉ်က ရှုံးသွပ်နေသူတစ်ယောက်ပမာ တတွတ်တွတ် ပြောနေမိသည်။ အခုနေ တစ်ယောက်ယောက်ကသာ တွေ့သွားလျှင် ဤစာရေးဆရာမ ယဉ်ယဉ်လေးနှင့်ရူးနေပြီဟု သတ်မှတ်ကြပေလိမ့်မည်။ တစ်ယောက်တည်း စကားတွေပြောနေသူကို ထိုသို့ပင် မှတ်ယူကြမည်မှာ မလွဲပေ . . .။

"ဟင်း!!. ."

ထိုအခိုက် ခပ်လေးလေး သက်ပြင်းချသံတစ်ခုကို ကြားလိုက်ရပြီးမှာတော့ . . နောက်ထပ်မည်သည့်အသံမျှ ထပ်မကြားရတော့၊ မည်သည့်လှုပ်ရှားမှုမျှ မကြုံရ . . မမြင်ရတော့ပေ။

သူတကယ်ထွက်သွားလေပြီလား . .၊ သံစဉ့်အပေါ် တကယ်ချစ်ပါသည်ဆိုတာကို သက်သေပြချင်၍လားမသိ . . အခုတော့ အခန်းထဲမှာ သံစဉ်တစ်ယောက်တည်း ဖြစ်နေလေသည်။

သူရိန်က သူမကိုတကယ်ချစ်ခဲ့ပါသည်တဲ့ . .၊ ဥပေက္ခာပြု လျစ်လျူရှု ပစ်ထားခဲ့သောသူ့စကားကို ယုံရပါမည်လား . .၊ ဘဝချင်းတူသောအခြေအနေမှာပင် ပေါင်းစပ်ခွင့်မရှိခဲ့တာ . . အခုလို ဘဝခြားသောအနေအထား၌ မည်သို့ပေါင်းစပ်နိုင်ပါမည်



www.burmeseclassic.com

www.burmeseclassic.com



နည်း။

အစွဲအလမ်းကြောင့် လူသားတွေ ဒုက္ခရောက်နေကြရသည်။ စွဲလမ်းစိတ်သည် သံသရာလည်စေသော အကြောင်းတရားပင်ဖြစ်၏။ အောင်မြင်မှုအပေါ် စွဲလမ်းခြင်း၊ ပစ္စည်းဥစ္စာကြွယ်ဝမှုအပေါ် စွဲလမ်းခြင်း၊ ရာထူးအာဏာတစ်ခုခုအပေါ် စွဲလမ်းခြင်း၊ ချစ်သောသူ ခင်သောသူ မြတ်နိုးရသောသူအပေါ် စွဲလမ်းခြင်း. . စသည့် စွဲလမ်းခြင်းများစွာရှိနေပါသည်။ မည်သည့်စွဲလမ်းမှုမှ မကောင်းပေ။

သံစဉ်သည်လည်း စွဲလမ်းမှုတစ်ခု အကြောင်းပြု၍ ဒုက္ခရောက်ခဲ့ရသည်။ ထို့အတူ သူရိန်စိုးသည်လည်း စွဲလမ်းမှုကြောင့်ပင် ယခုကဲ့သို့ဘဝကို ရောက်နေရသည် မဟုတ်ပါလား. . .။

အခုတော့. . အချစ်ဆိုတာကို သံစဉ် အဓိပ္ပါယ်မဖွင့်ဆိုနိုင်တော့. .၊ အချစ်ဝတ္ထုတွေရေးနေသော စာရေးဆရာမတစ်ယောက်က အချစ်အပေါ် နားမလည်တော့ဟုဆိုလျှင် ရယ်စရာတော့အကောင်းသား။

သေချာတာက သူမ၏ဝတ္ထုများသည်လည်း ကြေကွဲမှု၊ လွမ်းဆွတ်မှု တစ်ခုခုဖြင့် ဇာတ်သိမ်းကြသည်သာများ၏။

ဒီညတော့ စိတ်ရှုပ်ထွေးမှုများစွာကြောင့် စောစောစီးစီး အိပ်ရာဝင်ဖြစ်ခဲ့သည်။ စာဆက်ရေးလို့လည်း ရမည်မဟုတ်. .။

ဒီအိမ်တွင် သူမနှင့်အတူ ပရလောကသားတစ်ယောက် ရှိနေသည်။ သို့သော်လည်း. . . အရင်ညများကဲ့သို့ ထိတ်လန့်ကြောက်ရွံ့မှုမျိုး သိပ်မဖြစ်တော့၊ ရင်းနှီးပြီးသား လူတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ဟု သိထား၍ဖြစ်မည်။

ထိုညသည်ကား သံစဉ်အတွက်တော့ အခြားထူးခြားမှု တစ်စုံတစ်ရာမရှိဘဲ နှစ်ခြိုက်စွာအိပ်စက်ခွင့်ရခဲ့သည်။ အိပ်မက် မျှပင်မမက်ဘဲ အိပ်ရေးဝဝအိပ်စက်ခဲ့ရ၍ အားပြည့်သလိုခံစားရ၏။

သို့သော်. . ထိုမနက်အာရုံတက်မှာပင် ပြဿနာတက် တော့သည်။ သံစဉ်အိပ်ရာနိုးလာချိန်က မနက်ငါးနာရီအတိ. . အာရုံတက်၍ ရောင်ခြည်ဖြာနေပြီမို့ ကျေးငှက်များ၏ မင်္ဂလာ တေးသီကျူးသံ၊ ရှဉ့်ငယ်များ၏ ပြေးလွှားဆော့ကစားသံများကို ကြားနေရပြီ။

သံစဉ်သည် အိပ်ရာပေါ်မှာ တစောင်းအိပ်ပျော်နေရာမှ နိုးထလာခဲ့သည်။ မျက်လုံးကိုဖွင့်လိုက်စဉ်မှာပင်. . .

"အား!. . . အမလေး. . "

သံစဉ်တစ်ယောက် အာခေါင်ခြစ်ဟစ်အော်ရင်း ဝုန်းခနဲ အိပ်ရာပေါ်ကထပြေးလေ၏။

အဘယ့်ကြောင့်ဆိုသော် အိပ်ရာထက် သူမ၏ဘေးတွင် သူမလိုပင် တစောင်းအိပ်၍. . သူမအား စေ့စေ့ကြည့်နေသော လူတစ်ယောက် ရှိနေခြင်းကြောင့် ဖြစ်လေသည်။

ထိုသူ၏မျက်နှာနှင့် သံစဉ်၏မျက်နှာနှစ်ခုကြား ခြောက် လက်မထက် ပိုမဝေးပေ။

မိမိအိပ်ရာဘေးရောက်နေပြီး အနီးကပ်ကြည့်နေသော မျက်နှာတစ်ခုအား ရုတ်တရက်တွေ့လိုက်ပါက မည်သူမျှပင်သတ္တိ



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသူဖြစ်ပါစေ ရင်အစုံ ဗလောင်ဆူသွားမည်ဖြစ်သည်။

သံစဉ် ခုတင်ပေါ်မှခုန်ဆင်းပြေးပြီး အပေါက်ဝမှ ထိတ်လန့်ကြောက်ရွံ့စွာဖြင့် ခုတင်ဆီသို့ မဝံ့မရဲပြန်ကြည့်လိုက်မိသည်။

သို့သော် ခုတင်ပေါ်တွင် လုံးထွေးနေသော ခြုံစောင်မှအပ ဘယ်သူမှရှိမနေပေ။

သူမ တွေ့လိုက်ရသူက. . သူရိန်စိုးဆိုတာကို နှစ်ခါပြန်ကြည့်စရာမလိုပေ။ သူရိန်စိုးက တစ်ညလုံးဒီလိုပဲ သူမနံဘေးတွင်အိပ်ပြီး တစိမ့်စိမ့်ကြည့်နေခဲ့သည်လား၊ ဘယ်လောက်ထိတ်လန့်စရာ အဖြစ်ဆိုးပါလဲ. .။ သံစဉ် တစ္ဆေသရဲတစ်ကောင်နဲ့အတူ မအိပ်ချင်. .။

ဒီအိမ်လေးကို သူရောက်လာရသည်က အေးဆေးဆိတ်ငြိမ်စွာစာရေးဖို့နဲ့ လူတွေနှင့်ဝေးရာမှာ (ယာယီ)ဇာတ်မြှုပ်နေဖို့ လာခဲ့ခြင်းဖြစ်သည်။

အခုတော့. . ဒီအိမ်သည် သူမအတွက် မငြိမ်းချမ်းတော့ပေ။ လုံခြုံမှုလည်းမပေးနိုင်တော့။ ဒီအိမ်မှာနေ၍ အလုပ်ဆက်လုပ်ဖို့ ဖြစ်နိုင်တော့မည်မဟုတ်၊ အကောင်းဆုံးကတော့ ဒီအိမ်မှ အမြန်စွန့်ခွာနိုင်ရန်သာဖြစ်သည်။ နောက်ထပ်လုံခြုံအေးချမ်းသော နေရာတစ်ခုကို ရှာဖွေရတော့မည်။

ဒါပေမယ့် သူမစိတ်ကူးတို့ အကောင်ထည်မဖော်နိုင်ခဲ့။

သံစဉ်၏နေအိမ်သို့ ဘယ်လိုမှမမျှော်လင့်ထားသော လူတစ်ယောက် ရောက်ရှိလာခဲ့၍ဖြစ်သည်။

ခေါ်လာသူက အမိုး. . .



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုတွေ့လိုက်တော့. . သံစဉ်၏ရင်ထဲမှာ နွေးခနဲ ဖြစ်သွားပြီး အားလည်းတက်သွားရသည်။

အမျိုးအမည်မသိ ဝေဒနာတစ်ခုလည်း စတင်ခံစားလိုက်ရသည်။ သူသည် သံစဉ်အတွက်တော့ ကောင်းကင်ပေါ်ကကျလာသော ကယ်တင်ရှင်ပင် ဖြစ်ပေလိမ့်မည်။

သူ့နာမည်က. . . ရဲမိုး။



www.burmeseclassic.com

www.burmeseclassic.com



"ပန်း" … ပန်းဆိုတာ ပန်းတိုင်းလည်းမမွှေး…တဲ့
ဥပမာ… "စက္ကူပန်း" လိုပေါ့…
"စမ်း" …စမ်းဆိုတာလည်း စမ်းတိုင်းလည်းမအေး…တဲ့
ဥပမာ… "ရေပူစမ်း" လိုပေါ့…

# အခန်း(၆)

"ဟာင်!…ကိုရဲမိုး၊ ရှင်. . ရှင်. . ဘယ်လို ရောက်လာတာလဲ"

မယုံနိုင်လောက်အောင် အံ့ဩသောလေသံဖြင့် သံစဉ်က မေးလိုက်မိသည်။ ကိုရဲမိုးက ခရီးဆောင်အိတ်ကို ကြမ်းပေါ်ချ ရင်း ပြုံးပြ၏။ သူ့အပြုံးက တည်ငြိမ်အေးချမ်းသောအပြုံး။ သူက ရွှန်းရွှန်းလဲ့လဲ့ဖြင့် သံစဉ်ကိုကြည့်ရင်း ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်. . သံစဉ်ကိုလိုက်ရှာနေတာ တစ်လရှိပြီ၊ အဲဒီ တစ်လလုံး သံစဉ့်ကိုမနားမနေလိုက်ရှာနေခဲ့တယ်၊ သံစဉ် ရန်ကုန် ကထွက်သွားပြီလို့ ကြားလိုက်ကတည်းက. . ပျောက်ဆုံးနေတဲ့ အမှန်တရားတစ်ခုကို တွေ့လိုက်ရတယ်သံစဉ်"

"ဘယ်လို. . ကိုရဲမိုး၊ ပျောက်ဆုံးနေသောအမှန်တရား ဟုတ်လား. . ဘာအဓိပ္ပါယ်လဲ"

ရဲမိုးက ရှေ့သို့ခြေတစ်လှမ်းတိုးလာသည်။ တစ်ယောက် ကိုတစ်ယောက် မျက်တောင်မခတ်စတမ်း စိုက်ကြည့်နေပြီးမှ သူ က စကားတစ်ခွန်းကို ခပ်တိုးတိုးဆိုလိုက်၏။

"သံစဉ်ကို အရမ်းချစ်နေမိပြီဆိုတဲ့ အမှန်တရားလေ. ."

"အို!. . ."

"သံစဉ်. . ကိုယ့်ကိုကြည့်ပါအုံး၊ ကိုယ် အားလုံးကို အ ကောင်းဆုံးနားလည်ခဲ့ပါပြီ၊ ဒါကြောင့်. . သံစဉ်ကို လိုက်ရှာရင်း ပေါ်ဒီ မအူပင်ခရိုင်က ခုနစ်အိမ်တန်းရွာလေးအထိ ရောက်လာ ခဲ့တာပေါ့၊ ကိုယ်ဆုံးဖြတ်ပြီးပြီ. . သံစဉ်ဆိုတဲ့ဘဝထဲကို လိုက်နေ ကြည့်ဖို့လေ"

အံ့ဩစရာပါပဲ. . ဗိသုကာအင်ဂျင်နီယာတစ်ယောက် ဖြစ်ပြီး လက်တွေ့ဆန်တဲ့ ရဲမိုးဆိုသူက သံစဉ်၏ဘဝထဲကို လိုက် နေကြည့်မယ်တဲ့. . .

လွန်ခဲ့တဲ့လေးလက သူနှင့် ပန်းချီပြခန်းတစ်ခုတွင် စတွေ့ ခဲ့သည်။ ယောကျ်ားပီသသော ဆုံးဖြတ်ချက်ပြတ်သားသော ခတ် ထက်ထက်လူတစ်ယောက်ဟု ခြုံငုံ၍မှတ်ချက်ချခဲ့သည်ထက် မပို



www.burmeseclassic.com

www.burmeseclassic.com



ခဲ့။ အထူးသဖြင့် အချစ်တွေ သေဆုံးခြောက်ခန်းနေသော သံစဉ်၏နှလုံးသားကို ရိုက်ခတ်ပုတ်နှိုးမည့်လူတစ်ယောက် ဖြစ်လာမည်ဆိုတာကိုတော့ လုံးဝတွေးထင်မထားခဲ့။ ထိုပြပွဲမှာပင် သူက အတင်းလာမိတ်ဆက်၍ ဖုန်းနံပါတ်တောင်းသွားခဲ့သည်။

သံစဉ်အနေနဲ့ကတော့ မိတ်ဆွေအသစ်တစ်ယောက် တိုးသည်ဟု သဘောထား၍ အပြန်အလှန် ဖုန်းနံပါတ်တွေ ပေးဖြစ်ခဲ့သည်။

သို့သော် သူနှင့်တွေ့ဆုံမှုက အလွယ်တကူမပြီးသွားခဲ့ အကြိမ်ကြိမ်အခါခါ ထပ်ဆုံဖြစ်ခဲ့သည်။ ဤသည်မှာလည်း သူ၏ ပဋ္ဌလက်ဆန်သော ပရိယာယ်ကြောင့်ပင် ဖြစ်ပေလိမ့်မည်။

ချစ်ဦးသူနှင့် သေကွဲကွဲခဲ့ရ၍ စိတ်ဒဏ်ရာအကြီးအကျယ်ရနေသော သံစဉ်ဆိုတဲ့ ကြွပ်ဆတ်ဆတ် မိန်းကလေးတစ်ယောက် ရဲမိုးဆိုသော ခတ်ထက်ထက် ယောကျာ်းတစ်ယောက်၏ ကျွမ်းကျင်စွာနှစ်သိမ့်ပေးမှုအောက်တွင်. . အရည်ပျော်ခဲ့ရသည်။

သို့သော်. . . လူကိုယုံသော်လည်း ကံကြမ္မာကို မယုံနိုင်သောဘဝမှာ. . သံစဉ်အတွက် မျှော်လင့်ချက်မှန်သမျှ. . တံခါးပိတ်၍ အမှောင်ထဲမှာ ငုတ်တုတ်ထိုင်ရင်း အလင်းရောင်ကို မွတ်သိပ်စွာ စောင့်စားနေရုံမှတပါး အခြားမရှိတော့ပေ။

"ပန်း"

ပန်းဆိုတာ ပန်းတိုင်းလည်းမမွှေးတဲ့. . .

ဥပမာ. . 'စက္ကူပန်း'လိုပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"စမ်း"

စမ်းဆိုရာမှာလည်း စမ်းတိုင်းလည်းမအေးတဲ့. . .

ဥပမာ. . 'ရေပူစမ်း'လိုပေါ့။

သံစဉ်ဘဝမှာတော့ မွှေးသောပန်းနှင့် အေးသောစမ်းဆိုတာ ရှာနိုင်ပါဦးမလား။ ခဲမှန်ဖူးတဲ့စာသူငယ်လို ထွေခွချိန်ရုံနှင့်ကြောက်လန့်ခဲ့ရပြီပဲ။ ဒါကြောင့်လည်း သူ့ရဲ့ချစ်ခွင့်ပန်မှုကို ခေါင်းမညိတ်နိုင်ခဲ့. . . ပညာသားပါပါဖြင့် ရှောင်တိမ်းခဲ့သည်။

အလွယ်တကူ ခေါင်းညိတ်လို့လည်းမဖြစ်၊ ယောကျ်ားတစ်ယောက်ကို အပေါ်ယံသုံးသပ်ကြည့်ရုံနှင့် မိမိဘဝရဲ့ အရှင်သခင်ဟူသောနေရာကို သူမ အလွယ်တကူမပေးနိုင်။

ဤဗျူဟာက မိန်းကလေးတို့၏ ရှေးရိုးစွဲ အစဉ်အလာတစ်ခုဆိုသော်ငြား. . ယနေ့တိုင် အသုံးဝင်နေပါသည်။

"ကျွန်မဘဝထဲ လက်တွေ့ဆန်ဆန် တကယ်ဝင်လာနိုင်လို့လား ကိုရဲမိုး၊ ကျွန်မဘဝ. . ကျွန်မအကြောင်းကို လေ့လာပါအုံး၊ ပြီးတော့မှ စဉ်းစားဆုံးဖြတ်ပါ"

သံစဉ်က အလိမ္မာသုံး၍ ပြောခဲ့သောစကားဖြစ်သည်။

သူကလည်း လျှင်မြန်ထက်မြက်လွန်းလှသည်။

"အကုန်သိပြီးပါပြီ သံစဉ်၊ သံစဉ်ရဲ့ဘဝ၊ ပြီးတော့ သံစဉ်ရဲ့သေသွားတဲ့ ပထမဦးဆုံးချစ်ရသူ သူရိန်စိုး"

သူသည်သံစဉ်၏ ဘဝဇာတ်ကြောင်း အတော်များများကို သိနေခဲ့သည်။ သူ၏ကျွမ်းကျင်သော ပညာရပ်အတွက် စိတ်ထဲမှ တိတ်တခိုး ချီးကျူးနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားပါရစေဦး"

မရိုးနိုင်တဲ့ လက်စွဲစကားနဲ့ အဖြေတစ်ခုတုံ့ပြန်ခဲ့သည်။ ဒီနောက်တွင်တော့ အခုလိုလူသူကင်းရှင်းတဲ့ အရပ်ဒေသတစ်ခုမှာ တစ်ကိုယ်တည်း လာနေခဲ့သည်။ အရာရာကိုလည်း မေ့ဖျောက်ရင်းနဲ့ပေါ့. . ။

အခုတော့ မေ့ဖျောက်ထားတာတွေက တစ်ခုပြီးတစ်ခု ပြန်ပေါ်လာနေပါပြီ။

ပထမဆုံးပေါ်လာတာ သူရိန်စိုး၊ သူပေါ်လာတဲ့ ဘဝက ပေတဘဝနှင့်ဖြစ်သည်။

ဒုတိယတစ်ခါ ခြေရာလက်ရာဖျောက်၍ တိမ်းရှောင်ခဲ့သော်လည်း အနံ့ခံကောင်းစွာဖြင့် ရှာဖွေရောက်ရှိလာသော ရဲမိုးမှာ မိမိပုန်းအောင်းရာ တောတွင်းဂေဟာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့လေသည်။

"ကိုယ် အရမ်းအံ့ဩတယ်၊ ပြီးတော့ သံစဉ်ကိုလည်း ချီးကျူးတယ်၊ ဒီလိုနေရာ ဒီလိုအိမ်မျိုးမှာ မိန်းကလေးတစ်ယောက်တည်း သတ္တိရှိရှိ လာနေရဲတာကိုပေါ့. . ."

ရဲမိုးက အိမ်ကိုဝေ့ဝဲကြည့်ရင်း ချီးကျူးစကားဆိုနေသည်။

သံစဉ်ကတော့ မချိပြုံးတစ်ချက်ပြုံးရင်း. . .

"ဒါတွေအရေးမကြီးပါဘူး. . ၊ အရေးကြီးတာက အခုကိုရဲမိုးက သံစဉ်ဆီလိုက်လာတာတော့ဟုတ်ပြီ၊ ဘယ်မှာနေမှာလဲ. ."

"ဘယ်မှာနေမလဲ. . ဟုတ်လား သံစဉ်၊ သံစဉ်ဆီလာ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဒီမှာပဲနေမှာပေါ့"

ဘာမှမဖြစ်သလို ခပ်အေးအေးပြောလိုက်သော စကားကြောင့် သံစဉ်မျက်လုံးပြူးသွားရသည်။

"ဟင်!. . . ဘယ်လိုဖြစ်မှာလဲ၊ မဖြစ်နိုင်တာ"

"ဘာဖြစ်လို့ မဖြစ်နိုင်တာလည်း"

"အို. . . စဉ်းစားကြည့်ပါဦး၊ ရှင်နဲ့ကျွန်မက ချစ်သူတွေလည်းမဟုတ်၊ ဘာမှလည်း မပတ်သက်သေးဘူး၊ အခုလို အိမ်တစ်လုံးမှာ ဘာမှမပတ်သက်တဲ့ ယောကျ်ားတစ်ယောက်နဲ့ မိန်းမတစ်ယောက်က အတူနေရမလား"

"သံစဉ်ရယ်. . ခက်တာပဲ၊ အင်းလေ. . . သံစဉ် ပြောတာလည်းမှန်ပါတယ်၊ ဒါပေမဲ့ ကိုယ်ပြောပြီးပြီလေ. . ၊ သံစဉ့်ကို ချစ်မြတ်နိုးလွန်းလို့. . တစ်တိုင်းပြည်လုံးလိုက်ရှာပြီးမှ အခုလို ရောက်လာတဲ့သူကို သံစဉ်က နှင်ထုတ်မလို့လား၊ ဒီတောထဲမှာ ကိုယ်က ဘယ်မှာသွားနေရမလဲ သံစဉ်"

"ဒါပေမယ့် . . ."

ရဲမိုးက ချက်ချင်းပင်. . .

"ဒီမယ်သံစဉ်. . . ဒီလိုနေရာမှာ သံစဉ်အတွက် အဖော်လိုအပ်တယ်၊ ဒါငြင်းလို့မရဘူး၊ ပြီးတော့ ကိုယ်က ဒီရှေ့ကဧည့်ခန်းမှာအိပ်မှာပါ၊ သံစဉ်ကအခန်းထဲမှာအိပ်ပေါ့. . ၊ အဓိက ယုံကြည်မှုပဲ၊ ကိုယ်က မြတ်နိုးမှုနဲ့ အချစ်စစ်ကို တန်ဖိုးထားတဲ့သူ၊ ဒါတော့ သံစဉ်ယုံပေးပါ၊ ပြီးတော့. . . ဒီပတ်ဝန်းကျင်မှာ လူသူလေးပါးမှ မရှိပဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာအစားအသောက်ဆင်းရဲတယ်၊ ကျွန်မလည်း ဖြစ်သလို စားပြီးနေတာ . . ကောင်းကွက်ဘာမှမရှိဘူး၊ ပြီးတော့ ရှင့်အတွက် ကျွန်မက ချက်ပြုတ်ပေးနေရရင်လည်း အဆင်မပြေဘူးနော်"

သံစဉ်ကလည်း အားမနာပဲ တဲ့တိုးပြောလိုက်သည်။

သူကတော့ ခပ်ပြုံးပြုံးပင် . . .

"အိုကေ . . . ရတယ်၊ ကိုယ့်မှာလည်း ရိက္ခာခြောက်တွေ၊ စည်သွတ်ဘူးတွေပါတယ်၊ ကိုယ့်အတွက် ဘာမှလုပ်ပေးစရာမလိုဘူး၊ ကိုယ်က သံစဉ်ကိုတောင် ကူညီပေးဦးမှာ . . ၊ သံစဉ်ကို တတ်နိုင်သလောက်ကူညီပေးချင်လို့ ရောက်လာတာပါကွာ . . ၊ ပြီးတော့ အကြာကြီးမနေပါဘူး၊

အမိက,ကတော့ သံစဉ်ရဲ့ဘဝထဲကို ကိုယ်လာနေကြည့်တာပါ၊ သံစဉ်ရဲ့ဘဝထဲ လက်တွေ့ဆန်ဆန် ဝင်လာနိုင်လို့လားဆိုတဲ့ သံစဉ်ပြောတဲ့စကားအတွက် အကောင်းဆုံးဖြေရှင်းချက်တစ်ခုကို လက်တွေ့တည်ဆောက်ပြချင်လို့ပါ သံစဉ်"

ကြည့်ပါအုံး . . . ဘယ်လောက် အမှတ်အတေးကြီးသူတစ်ယောက်လဲလို့။

သံစဉ်စိတ်မဆိုးပါ၊ သူ့စကားကို အလေးအနက် သဘောထားတတ်သူတစ်ယောက်အတွက် ကျေနပ်မိသည်။ သူ့စိတ်ဓါတ်၊ သူ့အကျင့်သိက္ခာကို အနီးကပ်စောင့်ကြည့်ခွင့်ရတာပေါ့။

ပြီးတော့ . . . လောလောဆယ် ကြောက်လန့်နေရတဲ့အ



www.burmeseclassic.com

www.burmeseclassic.com



ချိန်မှာ သူဟာ အားကိုဖော်တစ်ယောက်များ ဖြစ်လေမလား။

"ကောင်းပြီလေ. . . ကျွန်မ ရှင့်ကို ယုံကြည်ပေးလိုက်မယ်၊ ရှင့်အိတ်ကို ဧည့်ခန်းမှာ သွားထားလို့ရပါပြီ"

"ဝမ်းသာပါတယ် သံစဉ်ရယ်. . ၊ ကိုယ့်ကို ဒီထက်မက ယုံကြည်နိုင်အောင်ကို ကြိုးစားပါ့မယ်၊ ကိုယ်ဟာ သံစဉ်အတွက် ခွန်အားဖြစ်စေရမယ်လို့ ကတိပြုတယ်ကွာ"

နွေးထွေးသောအပြုံးနှစ်ခုက ဆက်စပ်ယှက်နွယ်သွားကြသည်။

သို့သော်. . . မျက်နှာကြက်တစ်နေရာမှ စိမ်းဖန့်ဖန့်မျက်လုံးတစ်စုံကိုကား သူတို့နှစ်ယောက်စလုံး သတိမမူမိပါတကား. . . ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ခေါင်းပေါ်ကိုမှ တည့်တည့်ပြုတ်ကျလာသော သစ်ကိုင်းခြောက်ကို သံစဉ် ကြည့်လိုက်မိသည်။ လက်မောင်းခန့်ရှိသော သစ်ကိုင်းတစ်ခု...

သို့သော်...သူထင်သလို သစ်ကိုင်းခြောက်တော့မဟုတ်၊ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ် သစ်ကိုင်းစိုကြီး ဖြစ်နေသည်။

# အခန်း(၇)

"ဒီမှာတော့ ကော်ဖီ၊ ပေါင်မုန့်နဲ့ ကြက်ဥဟာဒ်ဖရိုဒ် ပဲရှိတယ်"

သံစဉ်က ကော်ဖီကို တစ်ငုံချင်း အရသာခံသောက်နေရင်းမှ ရဲမိုးကို လှမ်းပြောလိုက်၏။ ရဲမိုး ထမင်းစားပွဲတွင် ဝင်ထိုင်လိုက်သည်။ သူကြည့်ရတာ တစ်ညလုံး အိပ်ရေးပျက်နေပုံရ၏။ သူ့မျက်လုံးတွေက အိပ်ရေးမဝသဖြင့် နီကြောင်ကြောင်ဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။

"ဘယ်လိုလဲ. . . ညကအိပ်ပျော်ရဲ့လား"

သံစဉ်၏အမေးကြောင့် ရဲမိုး သက်ပြင်းတစ်ချက်ကို ဟူးခနဲမှုတ်ထုတ်ရင်း ခေါင်းခါပြ၏။ အတော်လေး စိတ်မောလူမော ဖြစ်နေပုံလည်းပေါက်၏။ တစ်စုံတစ်ခုကို ထုတ်ပြောသင့်၊ မပြောသင့် ချိန်ဆနေပုံလည်းပေါ်သည်။

"အိပ်ရာပြောင်းလို့ အိပ်မပျော်တာလား၊ အင်း. . ကျွန်မမှာလည်း မွေ့ရာအပိုမရှိတော့ ရှင့်အတွက် ဖျာပဲပေးနိုင်တယ်လေ၊ ဖျာနဲ့အိပ်ရလို့ ကျောတွေနာပြီး မအိပ်နိုင်တာများလား"

ရဲမိုး ခေါင်းကိုသာ တွင်တွင်ခါပြပြီးနောက် သံစဉ်ကို စိုက်ကြည့်ရင်းဆို၏။

"မဟုတ်ပါဘူး သံစဉ်၊ ဖျာနဲ့အိပ်ရလို့ ပြဿနာမရှိပါဘူး၊ ကိုယ်အိပ်တတ်ပါတယ်၊ အင်း. . . အိပ်ရာပြောင်းလို့ အိပ်မပျော်တာထင်တယ် တော်တော်နဲ့အိပ်မပျော်ဘူး၊ ပိုဆိုးတာက. . ."

ရဲမိုး၏လက်ချောင်းများက စားပွဲကို တဒေါက်ဒေါက် ခေါက်နေ၏။ တစ်စုံတစ်ခုကို အသည်းအသန် လွန်ဆွဲစဉ်းစားနေဟန်တူသည်။ တစ်ခုခုကိုမျိုသိပ်ထားမှန်းလည်း သံစဉ် တွက်ဆမိ၏။

"အရင်တုန်းက ဒီအိမ်မှာ သံစဉ်တစ်ယောက်တည်းနေတာလား. . အဆင်ပြေရဲ့လား"

မထင်မှတ်သောစကားကြောင့်. . အံ့သြသွားရသည်။

"ဟုတ်တယ်လေ၊ သံစဉ်တစ်ယောက်တည်းနေတာ ဒီ



www.burmeseclassic.com

www.burmeseclassic.com



ရက်သားနဲ့. . . ဘာဖြစ်လို့မေးတာလဲ"

"ဪ. . . ကိုယ်က ဒီအိမ်မှာ သံစဉ်အပြင် နောက်တစ်ယောက်များ ရှိနေသေးသလားလို့. . ."

"ရှင်!. . ဘယ်လို. . ."

ကိုရဲမိုးတစ်ယောက် ညက ဘာတွေကြုံတွေ့ခဲ့ရပါလိမ့်။

"ဒါနဲ့ သံစဉ်. . . ညက ဝုန်းဒိုင်းခလွမ်းနဲ့ ပြိုလဲကျသံတွေ မကြားဘူးလား"

"ရှင်. . မကြားမိပါလား၊ ဘာတွေပြိုလဲကျလို့လဲ ကိုရဲမိုး"

"အင်း. . အဲဒါပဲ ကိုယ်စဉ်းစားနေတာပါ၊ ထကြည့်တော့ ဘာမှမတွေ့ဘူး၊ အားလုံးက ခြေရာလက်ရာမပျက်ပဲ၊ အင်းလေ ကိုယ့်အိပ်မက်ဆိုးတွေ မက်တာဖြစ်မှာပါ"

"ဟုတ်ပါလိမ့်မယ်ရှင်၊ ခရီးပန်းပြီး အိပ်ရာပြောင်းတော့ အယောင်ချောက်ချားတွေ မက်တာနေမှာပါ၊ ကဲပါလေ ကော်ဖီတွေအေးကုန်တော့မယ်. . သောက်လိုက်ပါဦး"

"နောက်ဆို ဘာမှမလုပ်ထားနဲ့သံစဉ်၊ ကိုယ့်ဟာကိုယ် လုပ်ပါ့မယ်၊ ကိုယ့်အတွက်သံစဉ်မှာ ဝန်ထုပ်ဝန်ပိုးမဖြစ်ချင်ဘူး၊ ကိုယ်ကသာ သံစဉ်ကို ကူညီလုပ်ကိုင်ပေးရမှာပါ"

"ဪ. . . ရပါတယ်၊ ဒါကလည်း တကူးတက လုပ်ထားမျိုးတော့ မဟုတ်ပါဘူးလေ၊ သံစဉ်ကိုယ်တိုင်လည်း မနက်စာအတွက် ပြင်ရတာပဲလေ၊ ပြီးတော့ သံစဉ်က အိမ်ရှင်ဆိုတော့ ဧည့်ပေးရမှာပေါ့၊ ကိုရဲမိုးက ဧည့်သည်မဟုတ်လား"

သည်စကားကြောင့် ရဲမိုးက သံစဉ်ကို ရီဝေဝေကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"သံစဉ်ရယ်. . . ကိုယ့်ကို ချေ့သည်လို့ သဘောထားနေတုန်းပဲလားဟင် "

သူ့စကားကြောင့် သံစဉ်ပြုံးလိုက်မိသည်။ ယောက်ျားတွေက မိန်းမတွေထက် စကားပရိယာယ် ကြွယ်ကြသည်ကိုး. . ။ မိန်းမတစ်ယောက်၏ ရင်ကိုလှုပ်ရှားစေနိုင်အောင် လှပသေသပ်စွာ ပြောဆိုတတ်သော စကားဗျူဟာကို ယောက်ျားတိုင်းက မွေးရာပါ တတ်မြောက်ခဲ့ကြသည်လား မပြောတတ်. . .။

မည်သို့ဆိုစေကာမူ သူရောက်လာတော့ အိမ်ကလေးက အနည်းငယ်စိုပြည်လန်းဆန်းလာရသလိုပင်. . ။ ရဲမိုးက အိမ်အလုပ်များကို ဝိုင်းလုပ်ပေးရှာသည်။

မီးကူမွှေးပေး၏။ ရေတွေခပ်ပေး၏။ ဝေးလံသောအိမ်သာအထိ ရေကို ခေါက်တုံ့ခေါက်ပြန် ဖြည့်ပေး၏။ ဤတစ်ချက်ကပင် သံစဉ်အတွက် အတော်သက်သာရာရခဲ့သည်။

ဒီတော့လည်း သံစဉ်က စာရေးချိန်ပိုရခဲ့သည်။

သို့သော် သိပ်မကြာလိုက်. . .

"အား"ခနဲအော်သံကြောင့် သံစဉ်တစ်ယောက် အပြေးအလွှားထွက်ကြည့်လိုက်တော့ ခေါင်းမှသွေးများယိုစီး၍ ခွေလဲကျသွားသောရဲမိုးကို တွေ့လိုက်ရ၏။

"ဟင်. . ကိုရဲမိုး. . ဘာဖြစ်တာလဲ၊ ဟာ. . သွေးတွေ"

"အား. . ကျွတ်ကျွတ်. . သစ်ကိုင်းပြုတ်ကျတာ သံစဉ်သစ်ကိုင်းခြောက်က ခေါင်းပေါ် တည့်တည့် ပြုတ်ကျတာ"

သူ့ခေါင်းပေါ်ကိုမှ တည့်တည့်ပြုတ်ကျရသည်ဆိုသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ကိုင်းခြောက်ကို သံစဉ်ကြည့်လိုက်မိသည်။ လက်မောင်းခန့်ရှိသော သစ်ကိုင်းတစ်ခု. .၊ သို့သော် သူထင်ထားသလို သစ်ကိုင်းခြောက်တော့မဟုတ်။ စိမ်းစိမ်းစိုစို လတ်လတ်ဆတ်ဆတ် သစ်ကိုင်းစိုကြီးပင်ဖြစ်သည်။

လေမတိုက်၊ မိုးမရွာပဲနှင့်. . ဤသစ်ကိုင်းက အဘယ်ကြောင့် ကျိုးကျပါသနည်း။ သဘာဝမကျသော ဖြစ်ရပ်ပင်ဖြစ်၏။

"လာ. . လာ. . ကိုရဲမိုး၊ ဒီအတိုင်းနေလို့တော့မရဘူး၊ သွေးတွေထွက်နေတယ်၊ ဆေးထည့်ပြီး ပတ်တီးစည်းမှဖြစ်မယ်၊ အိမ်ထဲမှာ ဆေးသေတ္တာရှိတယ်၊ လာ. . လာ. ."

သံစဉ်က သူ့လက်မောင်းကို တွဲကိုင်၍ အိမ်ထဲခေါ်လာခဲ့သည်။ ခန္ဓာကိုယ်ချင်း နီးကပ်စွာထိတွေ့မှုကြောင့်. . သူတို့နှစ်ယောက်စလုံး ရင်ခုန်နေသည်ကိုတော့ ငြင်း၍မရပေ။

"ကိုယ်တော့ ဒီသစ်ကိုင်းကျိုးကျတာကိုပဲ ကျေးဇူးတင်ရမလိုဖြစ်နေပြီ သံစဉ်. ."

"အမယ်. . . ဘာကြောင့်လဲ. ."

"အခုလို သံစဉ်ရဲ့အပြုအစု ခံရလို့လေ"

"ဟွန်း. . အရေးထဲ သူကတမျောင့်၊ သနားလို့လုပ်ပေးတာနော် တစ်မျိုးထင်မနေနဲ့"

"သနားပါသံစဉ်. . ကိုယ်က သနားဖို့ကောင်းပါတယ်"

သံစဉ်က ပတ်တီးစည်းပေးပြီးချည်ရန်အတွက် ပတ်တီးတို ကတ်ကြေးဖြင့်ဖြတ်ရန် ပြင်လိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



"အို!. ."

"အား!. . အမယ်လေး"

"ဟယ်. . . ကိုရဲမိုး. . ဆောရီးနော်. . ဆောရီးနော်"

ကတ်ကြေးက လက်လွန်ကာ ရဲမိုး၏ခေါင်းကို ထိမိသွားသည်။ အရှိန်သိပ်မပါ၍ ဒဏ်ရာတော့မရလိုက်ပေ။

"ဟယ်. . . သိပ်နာသွားသလားကိုရဲမိုး"

"အီး. . ရပါတယ်သံစဉ်၊ မတော်တဆပဲ"

အမှန်က မတော်တဆဟု ပြောရခက်နေသည်။ သံစဉ်၏ကတ်ကြေးကိုင်လက်ကို တစ်စုံတစ်ယောက်က ဆောင့်တွန်းလိုက်ခြင်းဖြစ်သည်။ ထိုအထိအတွေ့ကို သံစဉ် ကောင်းစွာသိလိုက်သည်။ သူမကိုယ်တိုင်လည်း စဉ်းစားလို့မရပဲဖြစ်နေသည်။ ရှင်းပြရခက်သောကိစ္စမို့ မတော်တဆဟု ခေါင်းစဉ်တပ်လိုက်ရ သော်လည်း စိတ်ထဲမှာတော့မလုံပေ။

ရဲမိုး ကိုယ်တိုင်ကလည်း စိတ်ထဲသိပ်ဘဝင်မကျဖြစ်ရပြီ ဒဏ်ရာကလည်း တစ်ခုပြီးတစ်ခု ရနေ၏။ ညကလည်း ကောင်း စွာမအိပ်လိုက်ရ။

သူ အိပ်မပျော်တပျော်ရှိချိန်တွင် တစ်စုံတစ်ယောက်က သူ့ခြေထောက်ကို လာဆောင့်ဆွဲသည်။ လန့်ဖျပ်ပြီး မျက်လုံးဖွင့် ကြည့်တော့ ခပ်လှမ်းလှမ်းအမှောင်ထဲမှ တောင့်တောင့်ကြီး နေတဲ့ လူတစ်ယောက်ကို တွေ့လိုက်ရသည်။ မီးဝင်းဝင်းတော မတတ် မျက်လုံးအစုံဖြင့် သူ့ကိုစိုက်ကြည့်နေ၏။

ရဲမိုး ထိုသူကိုငေးကြည့်နေမိသည်။ လည်ချောင်း


www.burmeseclassic.com

www.burmeseclassic.com



တစ်ဆို့နေခဲ့သည်။ ထိုသူက 'တောက်'တစ်ချက်ခေါက်လိုက်ပြီး ဖြုတ်ခနဲ ကွယ်ပျောက်သွား၏။

နားလည်ရခက်စွာဖြင့် ရဲမိုး ပြန်လှဲချ၍ အိပ်နေလိုက်သည်။ ခရီးကပန်းပြီ လူတစ်ကိုယ်လုံးနုံးချည့်နေ၍ အိပ်ချင်စိတ်က ကြီးစိုးလာပြန်သည်။ မှေးခနဲအိပ်ပျော်ခါနီးမှာပင် သူ့ရင်ဘတ်ပေါ်သို့ တစ်စုံတစ်ခု ပိကျလာ၏။

အထိတ်တလန့်ဖြင့် နိုးထလာရင်း လှုပ်ရှားရုန်းကန်သော်လည်းမရ။ မျက်လုံးထဲ ဘာမှမမြင်ရသော် လူတစ်ယောက်က သူ့ခန္ဓာကိုယ်ရင်ဘတ်အပေါ် တက်ထိုင်၍ လည်ပင်းကိုညှစ်ရန် ကြိုးစားနေသည်ဟု ခံစားမိသည်။

အကြောက်အကန်ရုန်းကန်သော်လည်းမရ၊ ဟစ်အော်ရန် ကြိုးစားသော်လည်း အသံကမထွက်။ လည်ပင်းက အစ်သထက်အစ်လာပြီး အသက်ရှူမဝတော့. . .

နောက်ဆုံး. . ဂုဏ်တော်ကိုးပါးကို စိတ်ထဲက တတွတ်တွတ်ရွတ်ဆိုလိုက်တော့မှ အနှောင့်အယှက်က လွတ်မြောက်သွားရ၏။

ညတစ်ညသည် ချောက်ချားတုန်လှုပ်စွာဖြင့် ကုန်လွန်ခဲ့ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူ့အနားမှာ သူရိန်စိုးဆိုတဲ့ တရွေ့တစ်ကောင် ရှိနေလေပြီ။
တရွေ့တစ်ကောင်၏နှိပ်စက်မှုကို သူခံနေရပြီ။
ထိုတရွေ့က အကြီးကြီးသော တရွေ့တစ်ကောင် ဖြစ်နေပါလိမ့်မည်။

# အခန်း(၈)

"ဒါ. . ကိုယ့်လက်ဆောင်ပါ၊ သံစဉ့်အတွက် ရည်ရွယ်ပြီး လုပ်ထားတာပါ၊ လက်ခံပေးပါလို့ ကိုယ်တောင်းဆိုပါရစေ"

ရဲမိုးပေးသော ကြက်သွေးရောင် ကတ္တီပါဘူးကလေးကို ဖွင့်ကြည့်လိုက်သည်။ သံစဉ်တွက်ဆထားမိသလိုပင်. . အထဲမှာ လက်စွပ်လေးတစ်ကွင်း၊ နီလာနှစ်ပွင့်ကိုရံ၍ ပုံဖော်ထားသော



www.burmeseclassic.com

www.burmeseclassic.com



လက်စွပ်လေးက တောက်ပနေ၏။

"ဒါ. . စေ့စပ်လက်စွပ်ပုံစံပဲ ကိုရဲမိုး"

"ဟုတ်ပါတယ် ဒီသဘောပါပဲ"

"ဒါပေမဲ့. . . ဒါမျိုးက ချစ်သူဆီက အဖြေရပြီးမှ ပေးရမယ့် လက်ဆောင်မျိုးပါ ကိုရဲမိုး"

သံစဉ်၏စကားကြောင့် ရဲမိုးပြုံးလိုက်သည်။

ထို့နောက်. . .

"ဒီသဘောပါပဲ သံစဉ်"

"အမယ်. . . ရှင့်ကိုဘယ်သူက အဖြေပေးသေးလို့လဲ"

"ဟား. . . ဟား. . . ဟား. . ."

ရဲမိုး အထွေအထူး မတုံ့ပြန်ပဲ ရယ်မော၍ အပြင်ထွက်သွားတော့၏။ သံစဉ်ကသာ ကတ္တီပါဘူးလေးကို ဆုပ်ကိုင်ရင်း အတွေးပေါင်းများစွာဖြင့် ကျန်ရစ်ခဲ့တော့သည်။ တွေးမယ်ဆိုလည်း တွေးစရာတွေကအများကြီး. . .

ပွင့်ပွင့်လင်းလင်းပြောရရင် အခုချိန်မှာ လောကကြီးထံမှ အဖော်တစ်ယောက် တောင်းခံဖို့အရေးကို သံစဉ်တွန့်ဆုတ်နေမိပြီ။ သူ့ဆန္ဒကို လောကကြီးက အသိအမှတ်ပြုရာမှာ အမြဲတမ်း လွဲမှားစွာ နားလည်တတ်လို့ပဲဖြစ်သည်။

တောင်းသည်ကတခြား၊ ရခဲ့တာကတခြား ဖြစ်နေတတ်၏။ မလိုချင်ဘဲ လက်ခံနေရသည့် မှားယွင်းသော လက်ဆောင်များအတွက် လောကကြီးကိုကျေးဇူးတင်နေရတာ ဘယ်လောက်ရယ်စရာကောင်းသလဲလို့. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုယ်ကိုယ်လည်း လောဘကြီးသူလားလို့ ပြန်ဆန်းစစ်စပြုလာမိပြီ။

ယောကျ်ားတစ်ယောက်ထံမှ အရည်အချင်းဆိုတာတွေက 'မျက်လှည့်ဆန်သောအတတ်ပညာ'တွေ ဖြစ်နေသည်က များ၏။ ကတိဆိုတာကို ယုံကြည်ကိုးစားခဲ့ဖူးသည်။ တကယ်ရခဲ့တာက. . 'စီးပွားရေးဆန်သော လူမှုကျင့်ဝတ်' တချို့သာဖြစ်ခဲ့၏။

ဖေးမမျှဝေမှုဆိုတဲ့ ခေါင်းစဉ်အောက်မှာ. . ဖြစ်လာတာက သူ့ရဲ့'မိသားစုအတွက်'များသာ ဖြစ်နေခဲ့သည်လေ. . .။

ဒီတော့လည်း အချစ်ကိုသံသယဝင်ခဲ့တာ သံစဉ်၏အမှားတော့မဟုတ်ပါ။ ယောကျ်ားတစ်ယောက်၏ တပ်မက်မှုကို ခေါင်းစဉ်ပြောင်းတပ်ပြီးပေးလာသော နှင်းဆီပန်းစည်းအစား သူကိုယ်တိုင် စိုက်ပျိုးယူရသည့် ခရေပန်းလေးများကိုသာ ပိုမက်မောစွာ တန်ဖိုးထားလာမိသည်။ ဒီအချက်ကို သတိပြုမိလာတော့. . . လောကသည် သံစဉ်အတွက် အသက်ရှင်သန်ရတာ ပိုထိုက်တန်လာသလိုပင်။ သို့သော်. . .

သံစဉ်ဘဝထဲ သိမ်မွေ့စွာဝင်လာခဲ့သော ရဲမိုးကိုတော့ သူမ မတားဆီးမိဘဲ ကျေကျေနပ်နပ်နှင့် လက်ခံမိပြီလား ဆိုတာကိုတော့ ကိုယ်တိုင်ဝေခွဲမရဖြစ်မိသည်။ တကယ်တော့. . သံစဉ်ကိုယ်တိုင် ခရေတစ်ပင်ကို ကိုယ်တိုင်စိုက်မိပြီဖြစ်ပေ၏။

အိမ်ထဲမှာတော့ ရဲမိုးရှိမနေတော့ပေ။ ထို့ကြောင့် သံစဉ်ကတ္တီပါဘူးကို အသာအယာဖွင့်လိုက်သည်။ လက်စွပ်လေးကိုကျေနပ်စွာ လှည့်ပတ်ကြည့်ရင်း တည်ငြိမ်နေသော နှလုံးသားက



www.burmeseclassic.com

www.burmeseclassic.com



တဒိတ်ဒိတ်ခုန်လာခဲ့သည်။

အချစ်သည်သိမ်မွေ့စွာဖြင့် သူမကို ဖြားယောင်းနိုင်ခဲ့ပြီလား။ ကြေကွဲအထီးကျန်နေရသူတစ်ယောက်အတွက် အချစ်သစ်ဆိုတာက ထွက်ပေါက်တစ်ခုများလား။ တိကျသော အနက်အဓိပ္ပါယ် မဖော်တတ်တော့ပေ။

လက်ရှိဖြစ်ပေါ်နေသော သံစဉ်၏ စိတ်ဆန္ဒက လက်စွပ်လေးကို လက်သူကြွယ်တွင် ဝတ်ဆင်လိုစိတ် ဖြစ်ပေါ်နေခြင်းပင်ဖြစ်၏။ ထို့ကြောင့် လက်စွပ်လေးကိုထုတ်၍ လက်ချောင်းတွင်စွပ်ရန် ပြင်လိုက်သည်။ ထိုစဉ်မှာပင်. . .

"ဖောင်း!. ."

"အမေ့!. . . ဟင်. . ."

မမြင်ရသောလက်တစ်စုံက သူမလက်ကိုအရှိန်ဖြင့် လွှဲရိုက်လိုက်ခြင်းကို ခံလိုက်ရသည်။ လက်စွပ်လေးက လွင့်ထွက်သွားပြီး ကြမ်းပြင်ပေါ် လိမ့်သွား၏။

"ဟင်. . . ကြမ်းကြားထဲ လက်စွပ်ကျသွားပြီ"

ထိတ်လန့်မှုထက်. . လက်စွပ်အပေါ် နှမြောတမ်းတမှုကြောင့် လက်စွပ်ကျသွားရာအပေါက်သို့ ကမန်းကတန်း လေးဘက်ထောက်၍သွားရင်း ကြည့်လိုက်မိသည်။ မှောင်မည်းနေ၍ ဘာမှမမြင်. . .

"ဒုက္ခပါပဲ၊ ကိုရဲမိုးသိရင် စိတ်မကောင်းဖြစ်တော့မှာပဲ"

စိတ်ပျက်စွာဖြင့် သံစဉ်ခုံပေါ် ထိုင်ချလိုက်သည်။ ဒါ ဘယ်သူ့လက်ချက်လဲ၊ သိပ်တော့စဉ်းစားစရာမလို. . ။ သူရှိုးစိုး. . ။



www.burmeseclassic.com

www.burmeseclassic.com



သူကလွဲ၍ ဘယ်သူမှမဖြစ်နိုင်. .၊ သံစဉ်၏ရင်ထဲ မောဟိုက်လာခဲ့သည်။ ဤမျှအထိ နှောင့်ယှက်ရန်မသင့်၊ အခြေနေမှန်တစ်ခုကို နားလည်ပေးဖို့ကောင်းသည်. . အခုတော့. . .။

"ဖူး!. . ."

သံစဉ်၏မျက်နှာကို လေဟပ်သလို ခံစားလိုက်ရပြန်သည်။ သူမအနားမှာ သူရိန်စိုးဆိုတဲ့ တစ္ဆေတစ်ကောင် ရှိနေပါလိမ့်မည်။

"ကိုသူရိန်စိုး၊ ရှင်ဒီနားမှာရှိနေတယ်ဆိုတာ ကျွန်မသိတယ်၊ ရှင်ကျွန်မကို ထပ်မနှောင့်ယှက်ရင်ကောင်းမယ်. .၊ ရှင့်ကြောင့် ကျွန်မဘဝက အဝေးကြီးကို လွင့်စဉ်ခဲ့ရပြီးပြီ၊ အခုတစ်ခါ ထပ်မနှောင့်ယှက်ပါနဲ့တော့၊ ကျွန်မတောင်းပန်ပါရစေ၊ တကယ်တောင်းပန်ပါတယ်ရှင်"

သံစဉ်၏အသံမှာ ငိုသံတစ်ဝက်ရောစွက်နေ၏။ သံစဉ်ဆိုတဲ့ မိန်းကလေးတစ်ယောက်၏ စိုးရိမ်စိတ်ကို တစ္ဆေတစ်ကောင် နားလည်နိုင်ပါမလားမသိ. . .

သို့သော် အဖြေကရှင်းပါသည်။

"ဒုန်း"ခနဲ နံရံကို ထုရိုက်သံကြီးပေါ်လာ၏။

ဘယ်သူမှရှိမနေမှန်းသိလျက်နဲ့ ထိုနေရာကို သံစဉ် အထိတ်တလန့်ကြည့်ရင်းက မတ်တတ်ထရပ်လိုက်မိသည်။

"ဝရော်!. . ဝုန်း!. . ခွမ်း!. . . ခလွမ်း!!. . ."

"ဟာ. ."

စင်မြင့်တစ်ခုပေါ်မှ ဖန်ပုလင်းတစ်လုံး ထင်းကျကွဲသွား



www.burmeseclassic.com

www.burmeseclassic.com



မြန်သည်။ ကြမ်းပြင်တွင်ပျံ့ကျဲနေသော ဖန်ကွဲစများကို မှန်းတီး ရှာကြည့်ရင်း သံစဉ်က ခေါင်းကိုတွင်တွင်ခါယမ်းနေမိသည်။ နား နှစ်ဖက်ကို လက်ဖြင့်အုပ်ရင်း အရူးတစ်ယောက်လို တုန်ခါနေမိ သည်။

တစ္ဆေတစ်ကောင်၏အငြိုးကို ကောင်းစွာသိနေရပြီ။ မိုးနှင့် နီးစပ်မည်ကို အလိုမရှိဖြစ်နေသည်ဟု ရှင်းလင်းစွာ သိ ထိုက်ရပြီ။

ရဲမိုးရောက်တဲ့ညက တစ်ညလုံးအိပ်မရအောင် သူနှောင့် ယှက်ခဲ့သည်။ သစ်ကိုင်းအစိမ်းကြီးကိုချိုး၍ ရဲမိုး၏ခေါင်းပေါ် တည့်တည့်ကျစေခဲ့သည်။ ပတ်တီးစည်းပေးစဉ်ကလည်း . . သူမ လက်ထဲက ကတ်ကြေးကို ဆောင့်တွန်းခဲ့၍ ရဲမိုးခေါင်းကို ထိခိုက် ခဲ့ရသည်။

ဒါတွေအားလုံး 'သူရိန်စိုး'ဟူသည့် တစ္ဆေတစ်ကောင်၏ ရန်ငြိုးကြောင့်ဆိုတာ သေချာနေပြီ။ ယခု သူမ သဘော ကျသော လက်စွပ်လေးကိုပါ ပျောက်ဆုံးစေခဲ့ပြီ။

ဒီလောကကြီးမှာ သံစဉ်အတွက် ပျော်စရာဆိုတာ မရှိ တော့ပြီလား။ အရာရာသည် လောကကြီး၏ နှိပ်စက်မှုအောက် မှာ ခေါင်းငုံ့ခံနေရတော့မည်လား . . ။



www.burmeseclassic.com

www.burmeseclassic.com



မြွေနှစ်ချောင်းကို ကုတင်ပေါ်မှ တွဲလောင်းချ၍ ထိုင်နေသည်။ ဆံပင်ရှည်များက မျက်နှာရှေ့သို့အုပ်မိုးကျနေ၍ မျက်နှာကိုမမြင်ရ။ အမှောင်ထဲမှာ ဆံပင်ဖားလျားချပြီး မျက်နှာမမြင်ရသော မိန်းမတစ်ယောက်...

# အခန်း(၈)

မမြင်အောင်လုပ်ထားလျှင် ပိုမြင်ချင်ကြသည်။ မကြည့်ကြနဲ့ဟုဆိုလျှင် ပိုကြည့်လိုကြသည်။ မသွားနဲ့ဆိုလျှင် ပိုသွားချင်တတ်ကြသည်။ ယခုလည်း မချစ်စေချင်လို့ ပိုချစ်သွားတာလားမသိ. .။ လူ့သဘောသဘာဝကိုက ဤအတိုင်းပင်ဖြစ်၏၊ အတား



www.burmeseclassic.com

www.burmeseclassic.com



အဆီးအနှောင့်အယှက်များ ရှိလာလေလေ သူတို့နှစ်ယောက်က ချစ်နိုးကပ်သွားလေဖြစ်သည်။ အိုးချင်းထား အိုးချင်းထိ၊ ကြိုးချင်းထားတော့ ကြိုးချင်းငြိခဲ့လေပြီ။

မြီးကောင်ပေါက်မ ကောင်မလေးတစ်ယောက်ရဲ့ ဟန်ပန်မျိုးနှင့် ပန်းနုရောင်ရှက်သွေးဖြာပြီး အသာအယာ ခေါင်းလေးညိတ်ပြခဲ့သော ကိုယ့်အမူအရာကို သံစဉ်ကိုယ်တိုင် အံ့ဩမိသည်။

"ဟား. . . ဝမ်းသာလိုက်တာ သံစဉ်ရယ်၊ ကိုယ့်အချစ်ကို လက်ခံလိုက်ပြီပေါ့နော်"

". . . . . . . . . . . ."

"တကယ်ပါပဲ၊ အပျော်ဆုံးနေ့တစ်နေ့ပါပဲ သံစဉ်၊ ဟောဒီသူမရှိသူမရှိတောလေးထဲက အိမ်လေးမှာ ချစ်သူဆီက အဖြေရတာ ဘယ်လောက်ရင်ခုန်လှုပ်ရှားဖို့ ကောင်းသလဲလို့. . ."

"အိုး. . . လွှတ်ပါအုံး၊ ချက်ချင်းကြီးနော်. . ."

ရင်ခွင်ထဲဆွဲသွင်း၍ အတင်းပွေ့ဖက်လိုက်၍ အသက်ရှူကျပ်သွားရသောသံစဉ်က ရုန်းထွက်ရင်းမှ. . .

"ဒါပဲနော်. . . သစ္စာမပျက်ကြေး၊ တစ်ယောက်ကိုတစ်ယောက် နားလည်ကြေးနော်"

ဒီတော့လည်း ရဲမိုးသွက်လက်စွာ အဖြေပေးလိုက်၏။

"စိတ်ချ သံစဉ်. . . ကိုယ့်ကိုလုံးဝယုံပါ၊ ကိုယ့်ဘက်ကအာအကြောင်းနဲ့မှ မပြောင်းလဲဘူး၊ ခဏတဖြုတ်စိတ်လှုပ်ရှားမှုကြောင့် ချစ်တာမျိုး မဟုတ်ဘူးသံစဉ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် . . . ဘာလို့ချစ်တာလည်းဟင်"

"ချစ်လို့ကိုချစ်တာ၊ ခေါင်းကလည်း ခပ်မာမာ၊ သတ္တိကလည်းအပြည့်၊ ထက်ထက်မြက်မြက်ရှိပြီး ရည်မှန်းချက်ကြီးတဲ့ ချစ်သူကို . . ချစ်တာ မမှားပါဘူးနော်"

တောစခန်းလေးမှာ တောပန်းလေးတွေ ပွင့်ပါပြီ။ ချစ်သူနှစ်ယောက်သည် မေတ္တာကိုအရင်းခံ၍ 'အချစ်ဗိမာန်'ကို တည်ဆောက်ရန် ကြံစည်ကြကုန်၏။ သူတို့ကိုယ်တိုင်ကလည်း နှလုံးသားဗိသုကာရှင်တွေဖြစ်၏။

ချစ်သူဆိုတဲ့ ဘဝအစလေးသည် ချိန်ခွင်လျှာညီမှုများဖြင့် ရောင့်ရဲစွာရှိခဲ့သည်။ သာယာချမ်းမြေ့ခဲ့ကြသည်။ ဒီတစ်ကြိမ်မှာတော့ လောကကြီးရဲ့လက်ဆောင်က မှန်ကန်ပါစေလို့လည်း . . . သံစဉ်တစ်ယောက် ကျိတ်ဆုတောင်းနေမိသည်။

ချစ်ရသောကိုသည် သူမဘဝကို ချစ်ခြင်း၏ ပဉ္စလက်ဖြင့် လွှမ်းမိုးခဲ့လေပြီ။

'ဘယ်လောက်ပဲ ကြေကွဲစရာတစ်ခုခု၊ ဒါမှမဟုတ် . . . 'နောင်တ'ဆိုတဲ့ ဖြစ်ရပ်တစ်ခုခုကို ကိုကပေးခဲ့မယ်ဆိုရင်တောင်မှ သံစဉ် ရောင့်ရဲစွာနဲ့ လက်ခံနေမိမှာပါကို' . . . ။

ဤသို့ သံစဉ်တစ်ယောက် စိတ်ပိုင်းဖြတ်လိုက်မိပြီ။ ရဲမိုးကလည်း အချစ်ကြီးတတ်သူပီပီ သူ့အပေါ် ကလေးတစ်ယောက်လို အစစအရာရာဂရုစိုက်ခဲ့သည်။

"ကို . . ကိုပေးတဲ့ လက်စွပ်လေးကို ပြန်ရှာကြမယ်နော်"

သံစဉ်၏ နမော်နမဲ့နိုင်မှုကြောင့် မတော်တဆပြုတ်ကျ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်ဟုသာ ပြောပြထားသည်။

"လက်စွပ်က အရေးမကြီးပါဘူးသံစဉ်ရယ်. . ၊ ရင်ထဲက အချစ်တွေ ခိုင်မာနေရင်ပြီးတာပဲ. ."

ဤသို့နားလည်တတ်သော ချစ်သူကိုရ၍လည်း သံစဉ် ကြည်နူးချမ်းမြေ့ခဲ့ရသည်။

"ကို. . ဧည့်ခန်းမှာအိပ်ရတာ အဆင်ပြေမှာမဟုတ်ဘူး၊ ဒှာနဲ့အိပ်ရတော့ ကျောနာမှာပဲ၊ သံစဉ့်အခန်းမှာပဲ လာအိပ်ပါ။ ဒီလိုပြောလို့ တစ်မျိုးမမြင်နဲ့ဦး၊ ကိုယ့်ချစ်သူဖြစ်နေလို့ ဂရုစိုက်မိ တာပါ"

အတော့်ကိုကြိုးစား၍ ဤစကားကို သံစဉ်ထုတ်ပြောခဲ့ရ ခြင်းဖြစ်သည်။ သို့သော် ရဲမိုးကတော့ နားလည်မှုပေးရှာပါသည်။

"ကိုယ်. . . နားလည်ပါတယ်ကွယ်၊ သံစဉ်ရဲ့ စေတနာ အတွက်လည်း ကျေးဇူးတင်ပါတယ်၊ သံစဉ့်အပေါ် ဘယ်လိုမှ မမြင်ဘူး၊ ပိုတောင်ချစ်သွားသေးတယ်၊ သိတတ်လွန်းတဲ့ချစ်သူ လေးကို အထင်ကြီးလေးစားပြီးသားပါ သံစဉ်. ."

ထိုနေ့. . နေ့တာကရှည်လျားလွန်းလှသလို ခံစားကြရ သည်။ ဖြစ်နိုင်လျှင် နေမင်းကြီးကို အနောက်ဂေါ်ယာကျွန်း မြန် မြန်ရောက်အောင် နှစ်ယောက်သား ပြိုင်တူတွန်းပို့လိုက်ချင်မိ ကြတော့သည်။

သို့သော်. . . ထိုညသည် မျှော်လင့်ထားသလို သာယာ ချမ်းမြေ့ဖွယ်ကောင်းသော ညတစ်ညမှ ဟုတ်ပါလေစ. .

ထိုညက လေနီကြမ်းများ တိုက်ခတ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်ပန်းပင်များ၏ ယိမ်းနွဲ့သံ၊ သစ်ကိုင်းသစ်ခက်များ အချင်းချင်း ပွတ်တိုက်ရိုက်ခတ်သံတို့ကို အတိုင်းသားကြားနေရ၏။

"ဒီည လေတွေသိပ်တိုက်နေပါလား. ."

"ဟုတ်တယ်ကို၊ မိုးဦးကာလရောက်တော့မယ်လေ၊ မုန်တိုင်းတွေဖြစ်လာဖို့ အားယူစပြုနေတဲ့အချိန်ပေါ့. . ."

ခါတိုင်းဆို ညစာစားပြီးသည်နှင့် စာထိုင်ရေးနေတာ ညတစ်နာရီခွဲ. . နှစ်နာရီအထိ၊ အခုတော့ ရဲမိုးစာအုပ်တစ်အုပ်ဖတ်ပြနေသည်ကို သူမနားထောင်နေရလေပြီ။ သံစဉ်က သူ့ပခုံးကိုမှီရင်း နားဆင်နေသည်။ စာရေးစက္ကူနှင့် ဘောလ်ပင်ကတော့ စားပွဲပေါ်မှာ သည်အတိုင်းပင်. . .

ထိုစဉ်. . .

"ဒုန်း!. ."

သူတို့ထိုင်နေရာ အောက်ခြေကြမ်းပြင်မှ ပင့်ဆောင်လိုက်သောအသံတစ်ခုဖြစ်သည်။ နှစ်ယောက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အသံတိတ်သွားကြသည်။

"ဒုန်း!. . . ဒုန်း!. . ."

ထပ်ကြားရပြန်သည်။ သည်တစ်ခါတော့ ကြားရုံတင်မက ခြေချထားသောကြမ်းပြင်ပင် တုန်ခါသွား၏။

"ဘာဖြစ်တာလဲမသိဘူး၊ အိမ်အောက်ကို တောကောင်တကောင်ကောင် ဝင်နေတာများလား"

"ကိုယ်တော့ ဒီလိုမထင်ဘူး. . ."



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာလေတွေက ပိုကြမ်းလာ၏။ လေတိုက်သံတပေါ်ဝေါ်နှင့်အတူ သစ်ရွက်သစ်ခက်များက တရှဲရှဲမြည်ဟည်း၍ လှုပ်ယမ်းနေ၏။

"ချွမ်း!. . ခလွမ်း!. . "

"ဟင်. . . ပြတင်းပေါက်မှန် ကွဲသွားပြီ"

လေနီကြမ်း တိုက်ခတ်နေသည်မှန်သော်လည်း မှန်ကွဲရလောက်အောင်တော့ မပြင်းထန်ပေ။ ထို့အပြင် သစ်ကိုင်းသစ်ခက်တစ်ခုခု လာရိုက်ခတ်၍ မှန်ကွဲခြင်းလည်းမဟုတ်. . ။ ရိုက်ခတ်စရာ သစ်ကိုင်းလည်းမရှိပဲ မှန်က သူ့အလိုလိုကွဲသွားခြင်းဖြစ်သည်။

ရဲမိုးက မှန်ကွဲစများကို ဖယ်ရှားရန် ထိုင်ရာမှ ထလိုက်ချိန်မှာပင် မီးပျက်သွား၏။

"ဟာ. . . ဒုက္ခပဲ မီးပျက်ပြီ"

"ခဏလေးကို၊ ဒီမှာပဲရပ်နေ ဖယောင်းတိုင်နဲ့မီးခြစ် သွားယူလိုက်မယ်"

သံစဉ်က အထာသိနေပြီမို့ အမှောင်ထဲမှာ စမ်းတဝါးဝါးသွားနိုင်သည်။ ရဲမိုးသာဆိုလျှင် ဝင်တိုက်မိကုန်မည်။ ဖယောင်းတိုင်ထုပ်နှင့်မီးခြစ်က အိပ်ခန်းထဲမှာဖြစ်သည်။ သံစဉ်က နံရံကိုစမ်းပြီး တဖြည်းဖြည်းလျှောက်နေရ၏။

ရဲမိုး အမှောင်ထဲမှာ တွေတွေကြီးရပ်နေရင်းက တွေးနေမိသည်။ သဘာဝမကျသော ဖြစ်ရပ်များကို တစ်ခုချင်း တွေးနေမိခြင်း ဖြစ်သည်။ လေကြမ်းလို့ ဓာတ်ကြိုးတွေပြတ်ကျပြီး မီးပျက်



www.burmeseclassic.com

www.burmeseclassic.com



တာဖြစ်နိုင်သည်။ သို့သော်. . စိတ်ထဲမှာမယုံရဲတော့၊ သွေးရိုးသားရိုးမဟုတ်ပဲ တစ်စုံတစ်ခု၏ ပယောဂများလာဟု သူတွေးနေမိသည်၊ ထိုစဉ်. . .

"ရှပ်!. . ရှပ်!. . ရှပ်!. ."

ခြေသံက ခပ်တိုးတိုးပင်. . .

"သံစဉ်လား. . . သံစဉ်. . သံစဉ်. ."

တုံ့ပြန်သံမကြားရပေ။ ဧကန္တ သံစဉ် သူ့ကိုစနောက်ဖို့ တိုးတိုးတိတ်တိတ် ရောက်လာခြင်းများလား. . .။ ခြေသံက ရဲမိုး အနီး ရောက်လာသည်။ အနားမှာ လူတစ်ယောက်ရောက်နေသည်ဆိုသော အာရုံခံစားမှုကို သူရလိုက်သည်။ စိတ်ထဲမှာတော့ သံစဉ် နောက်မလို့ဟုသာ ထင်နေမိသည်။ ထို့ကြောင့်. . .

"ဟိတ်!. ."

ဦးစွာလက်ဦးမှုယူ၍. . ရဲမိုး သူမလက်ကို လှမ်းပြီးဖမ်းဆုပ်လိုက်သည်။

"ဟာ!. . ."

ရေခဲတမျှ အေးစက်နေသောလက်ကြီး. . .။

ဒီလက်သည် ဘယ်နည်းနဲ့မှ သံစဉ်၏လက်မဟုတ်၊ အအေးဓာတ်က သူ့လက်သို့တိုင် ကူးစက်၍ ထုံကျဉ်သွားလောက်အောင် အေးစက်နေသည်။

ထို့ကြောင့်. . ချက်ချင်းလွှတ်ချပြီး အထိတ်တလန့်ဖြင့် နောက်သို့ခြေလှမ်းနှစ်လှမ်းမျှ ဆုတ်လိုက်သည်။ ပါးစပ်မှလည်း အထစ်ထစ်အငေါ့ငေါ့ဖြင့်. . .

www.burmeseclassic.com



"မင်း. . . မင်း. . . ဘယ်သူလဲ. . . ဘယ်သူလဲ"

". . . . . . . . . . ."

ထိုသူ၏နှုတ်မှ အက်ကွဲခြောက်ကပ်သော အသံတစ်ခု ထွက်ပေါ်လာ၏။ အသံက ချွဲသလိပ်တွေပြည့်ကျပ်နေသော ပန်းနာသည် ဝေဒနာရှင်တစ်ယောက်၏ အသံမျိုး. . .

"ထွက်သွား. . . မင်း. . . ဒီအိမ်က အမြန်ထွက်သွား"

သူ့အသံက ခပ်တိုးတိုးအသံဖြစ်သော်လည်း အမိန့်ပေးသံပေါက်နေ၏။ ရဲမိုး ရဲဆေးတင်ကာ ဒေါသသံဖြင့်. . .

"မင်း. . မင်းကဘယ်သူလဲ. . ဘာလို့ ငါ့ကိုထွက်သွားခိုင်းနေတာလဲ. . ."

အမှောင်ထဲမှာ ပုထမဆုံးမြင်တွေ့လိုက်ရတာက အဖြူရောင် အခိုးငွေ့ပါးပါးများ ယှက်သန်းလို့နေခြင်းပင်။

"ဒီ. . မှာ. . ဆက်. . နေ. . ရင်. . မင်း. . သေ. . ရလိမ့်. . မယ်. . "

တစ်လုံးချင်းထွက်ပေါ်လာသော စကားသံတွေကြောင့် ရဲမိုး တုန်လှုပ်သွားမိသည်။ သို့သော် တုန်လှုပ်မှုနှင့်အတူ ဒေါသတွေများလည်း တွဲပါလာ၏။

"ဘာတွေလာပြောနေတာလဲ. . .၊ မင်းက ဘာကောင်မှန်းဆိုတာ ငါမသိသလို. . ဂရုလည်းမစိုက်ဘူး"

"ဟား. . ဟား. . ဟား. . "

အသက်မပါသော ခြောက်ကပ်ကပ်ရယ်သံကြီးက ပေါ်ထွက်လာပြန်သည်။ ရယ်သံက တစ်နေရာတည်းကမဟုတ်. .



www.burmeseclassic.com

www.burmeseclassic.com



တုန်ဟည်းရိုက်ခတ်ကာ လေးဖက်လေးတန်မှာ ပျံ့လွင့်လာ၏။

ထို့အတူ မျက်လုံးစိမ်းတစ်စုံက သူ့ခန္ဓာကိုယ်ကို လေထဲမှ လှည့်ပတ်၍ ကြည့်နေလေသည်။

"ဟား . . ဟား . . ဟား . ."

သူ အလှည့်စားခံနေရပြီကို ရဲမိုးသိလိုက်မြို။ ချာချာလည်၍ပတ်ပြေးနေသော မျက်လုံးအစိမ်းတွေကို လိုက်ကြည့်နေလို့ဖြစ်သေး . . ။ ကြာလာရင် ခေါင်းတွေမူးနောက်ကာ ချာချာလည်ပြီး သူသာ ခွေလဲကျသွားရချေမည်။

"သံစဉ် . . သံစဉ် . . ဘယ်မှာလဲ"

ဖယောင်းတိုင်နှင့် မီးခြစ်ကိုသွားယူသည့် ချစ်သူမှာ အခုထိပေါ်မလာသေးပေ။ တုန့်ပြန်သံလည်းမကြား၍ စိုးရိမ်စိတ်ပူစွာဖြင့် အိပ်ခန်းရှိရာ စမ်းတဝါးဝါး လျှောက်လာခဲ့သည်။

ခုတင်ပေါ်မှာ လူတစ်ယောက်ထိုင်နေ၏။ ဝိုးတဝါးသာ

ပုံဖမ်းကြည့်လျှင် ထိုသူမှာအမျိုးသမီးတစ်ဦး ဖြစ်၏။ ခြေနှစ်ချောင်းကို ခုတင်ပေါ်မှ တွဲလောင်းချ၍ ထိုင်နေသည်။ ဆံပင်ရှည်များက မျက်နှာရှေ့သို့ အုပ်မိုးကျနေ၍ မျက်နှာကိုမမြင်ရ ရဲမိုး ထိတ်ခနဲဖြစ်သွား၏။

ရဲမိုး စားပွဲကိုစမ်းမိပြီး လိုက်စမ်းရင်းမှ ဖယောင်းတိုင်ထုပ်နှင့် မီးခြစ်ကို တွေ့လိုက်သွားသည်။ ဝမ်းသာပြီး ဖယောင်းတိုင်တစ်တိုင် ထွန်းလိုက်၏။

ထိုအခါကျမှ အခန်းထဲမှာ ဖယောင်းတိုင်မီးရောင်ဖြင့် ထင်ထင်ရှားရှား မြင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . သံစဉ် ဘာလုပ်နေတာလဲ"

ခုတင်ပေါ်မှ ဆံပင်ဖားလျားနှင့်က အခြားသူမဟုတ် သံစဉ် ဖြစ်နေ၏။

ရဲမိုး သူမမျက်နှာပေါ်က ဆံပင်တွေကို အနောက်သို့ ဖယ်ရှားသပ်တင်ပေးရင်း. . သူမပခုံးကို သိုင်းဖက်၍မေးလိုက်သည်။

သံစဉ်မှာ. . အခုမှ အိပ်ရာက လန့်နိုးထလာသူတစ်ယောက်လို ဖြစ်နေသည်။ ထိုနောက် ရုတ်တရက် ရဲမိုးရင်ခွင်ထဲ တိုးဝင်၍ ရှိုက်ငိုလေတော့သည်။

"အဟင့်. . . ဟင့်. . . ဟင့်. . "

"သံစဉ် ဘာလို့ငိုတာလဲ၊ ကိုယ့်ကိုပြောပါဦး"

"သံစဉ်ကြောက်တယ်၊ ဒီမှာမနေချင်တော့ဘူး"

သံစဉ်ကပြောလည်းပြော ငိုလည်းငို၏။

"သံစဉ်. . . ဖယောင်းတိုင်နဲ့ မီးခြစ်ယူဖို့ အိပ်ခန်းထဲဝင်လာတယ်၊ အခန်းထဲမှာ သူ့ကိုတွေ့လိုက်ရတာပဲ"

"ဘယ်သူ့ကိုလဲ သံစဉ်. . သူဆိုတာဘယ်သူလဲ"

"သူရိန်စိုး. . . သေသွားတဲ့ သံစဉ်ရဲ့ပထမဆုံးချစ်သူ၊ ပြီးတော့. . သူက. . ကိုကို ဒီအိမ်ကမောင်းထုတ်ဖို့၊ ကိုကိုမချစ်ဖို့ အတူမနေဖို့ ပြောတယ်၊ သူ့မျက်နှာက ခါတိုင်းလို ဖြူဖပ်ဖြူရော် မဟုတ်ဘူး၊ နီရဲပြီး ကြောက်စရာကောင်းနေတယ်၊ တအားဒေါသထွက်နေပုံပဲ၊ ကို့ကို သတ်မယ်လို့ပြောတယ်၊ သံစဉ်ကြောက်တယ် ကို. . ၊ သူ့ကိုကြောက်တာထက် ကိုတစ်ခုခုဖြစ်မှာကို ပိုစိုးရိမ်



www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဪ. . . သံစဉ်လေးရယ်"

ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တင်းကျပ်စွာ ပွေ့ဖက်ထားမိကြသည်။ လက်မလွှတ်ရဲ. . ၊ လွှတ်လိုက်သည်နှင့် အခိုးအငွေ့များလို လွင့်ပျယ်သွားမည်အလား. . .

ထိုစဉ် အခန်းတံခါး သူ့အလိုလို ဝုန်းခနဲ ပိတ်သွားလေသည်။

"ဝုန်း!!. . . "



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ပင်ကြီးမှ ကောက်ထိုးဆင်းလာသော နာနာဘာဝကောင်ကြီး ချွန်မြသော လက်သည်းရှည်ကြီးများဖြင့် ပင်စည်ကိုထိုးဆောက်ရင်း တရွေ့ရွေ့ဆင်းလာချေပြီ။ မြင်ကွင်းက ဆွေးမျက်ဖွယ်အတိ ဖြစ်နေ၏။

# အခန်း(၉)

[illegible]နီကြမ်းတိုက်ခတ်မှုက ပြီးဆုံးသွားပြီဖြစ်သည်။ နံဘေးကိုလှည့်ကြည့်လိုက်တော့ ချစ်ရသောသံစဉ်မှာ အိပ်မောကျနေပြီ။ ချစ်သူမျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ရဲမိုးစိတ်ထဲ သနားမိသည်။

သူ့ခမျာ စိတ်မောလူမောဖြင့် အတော်ဒုက္ခရောက်ခဲ့ရှာသည်။ တော်ရုံမိန်းမသားဆို မလွယ်၊ သံစဉ်က အင်မတန်ရဲရင့်၊ အင်မတန်စိတ်ဓါတ်မာ၍သာ အခုလိုနေနိုင်ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ဗိုက်က တရစ်ရစ်နဲ့ နာလာပြန်ပြီ"

ကိုယ့်ဗိုက်ကို စိတ်ပျက်စွာပြောရင်း နာရီကိုကြည့်တော့ ည တစ်နာရီခွဲပင် ရှိချေပြီ။

ဤအိမ်၏ဒုက္ခက အိမ်သာကို ဝေးလံစွာဆောက်ထားခြင်းပင်။ တောဓလေ့၊ တောစရိုက်ဟု ပြောရမည်လားမသိ. .။ ဒီလိုဗိုက်နာနေရင် တစ်ညလုံး ကောင်းမွန်စွာအိပ်စက်ခွင့်ရမည် မဟုတ်တော့။ ရဲမိုး ဓါတ်မီးနှင့်သံတုတ်ကိုယူ၍ အိပ်ရာမှ အသာလေးထသည်။

သံစဉ်ကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ. . အပြစ်ကင်းသော ကလေးတစ်ယောက်ပမာ အိပ်မောကျနေသောချစ်သူကို ကြည့်လိုက်ပြီးနောက် အနောက်ဘက် ထွက်လာခဲ့သည်။

"ဂျောက်!. . ဂျိဂျိ!. . "

"ဟာ. . အရေးထဲ၊ ချက်ကကြပ်နေပြန်ပြီ"

အနောက်ဘက်တံခါးက ချက်ဖြုတ်မရ ဖြစ်နေပြန်သည်။ အားစိုက်ဆွဲထုတ်လိုက်မှ ချက်ကပြုတ်သွားသည်။

"အရင်နေ့တွေက ဒီလိုမဟုတ်ပါဘူး၊ ချက်ချင်းကြီး ဘာလို့ကြပ်သွားတာလဲ"

တံခါးကိုတွန်းဖွင့်လိုက်တော့မပွင့်၊ ချက်လည်းပြုတ်နေပြီ။ အားစိုက်၍ တွန်းကြည့်ပြန်သော်လည်း မရဖြစ်နေသည်။ တံခါးကို အပြင်ကနေ တစ်ယောက်ယောက်တွန်းထားမှန်း သိသာလှသည်။ အဘယ်ကြောင့်ဆိုသော်. . .



www.burmeseclassic.com

www.burmeseclassic.com



တွန်းလိုက်တိုင်း တံခါးက အနည်းငယ်ပွင့်ဟသွားပြီး ပြန်ပြန်ပိတ်လာ၍ဖြစ်သည်။ ပုံမှန်မဟုတ်သော အခြေအနေတစ်ရပ်ဆိုတာ နားလည်လိုက်ပြီ။ ရဲမိုး ခေါင်းတစ်ချက်ညိတ်၍ ပြုံးလိုက်ပြီးနောက် တံခါးကို ခြေထောက်ဖြင့် တအားဆောင့်ကန်ဖွင့်လိုက်၏။

" ဝုန်း!. . . ဒုန်း!. . . "

အခုတော့လည်း အတားအဆီးမရှိ ပွင့်သွား၏။ ဘယ်လက်က ဓါတ်မီးကိုဖွင့်၊ ညာလက်က သံတူတ်ကိုကိုင်ရင်း အိမ်ပြင်ဘက် ထွက်လိုက်၏။ ကြယ်ရောင်လရောင်က မှိန်တုတ်တုတ်သာ. . .

ခြေမလှမ်းခင် ပတ်ဝန်းကျင်အနှံ့ ဓါတ်မီးဖြင့်မွှေ့ယမ်းထိုးကြည့်သည်။ ထူးခြားမှုတစ်စုံတစ်ရာ မရှိတော့မှ အိမ်သာဘက်သို့ ထွက်လာခဲ့၏။

"တောက်. . တောက်. . တောက်. . တောက်တဲ့"

သစ်ပင်ကြီးတစ်ပင်တွင် ကပ်နေသော တောက်တဲ့တစ်ကောင်၏ ထအော်လိုက်သောအသံကြောင့် ရဲမိုး တွန့်ခနဲ ဖြစ်သွားရသည်။ နည်းနည်းတော့ လန့်သွား၏။ ဓါတ်မီးရောင်တွင် တောက်တဲ့ကို တွေ့ရတော့မှ စိတ်အေးရပြီး ဆက်လျှောက်လာသည်။ ခြေလှမ်းကို မြန်နိုင်သမျှမြန်မြန် လျှောက်လာ၏။

"ဝေါ!. . ဝရော!. . . ရှဲ!. . . ရှဲ!. . . ရှဲ!. . . "

ဘူနောက်မှ ရုတ်တရက် ထွက်ပေါ်လာသောအသံကြောင့် ချက်ချင်းပင် ဓာတ်မီးနှင့်လှည့်ထိုးကြည့်သည်။ မြက်ရိုင်း



www.burmeseclassic.com

www.burmeseclassic.com



ပင်တစ်ချို့ လှုပ်ယမ်းနေသည်မှအပ ဘာမျှမတွေ့ရသော်လည်း တောကောင်တစ်ကောင်(သို့မဟုတ်)တစ်စုံတစ်ယောက် နောက်မှဖြတ်ပြေးသွားသလိုမျိုး ခံစားရ၏။

သို့နှင့် ရဲမိုး ဆက်လျှောက်လာရာ အိမ်သာကိုပင် လှမ်းမြင်နေရပြီ။

"ဝရော်. . . ဝရော်. . ကျွီ!. . ကျွီ!!. . "

"ဟာ. . ဘာလဲ"

သူမြင်လိုက်သည်က အိမ်သာမှာ. . လှုပ်ယမ်းနေသလိုပင်။ အမြင်မှားလေရသလားဟု မျက်စိနှစ်ဖက်ကိုပွတ်၍ ကြည့်ပြန်သည်။ အိမ်သာက လှုပ်ယမ်းမြဲ လှုပ်ယမ်းနေသည်။ သူရပ်နေရာနှင့် အကွာဝေးက ဆယ်ပေခန့်သာ ကွာဝေးတော့သည်။

ရဲမိုး ခြေလှမ်းကိုရပ်လိုက်ပြီး သံတုတ်ကိုမိမိရရကိုင်လိုက်ကာ ဓါတ်မီးဖြင့် အိမ်သာကိုထိုးထား၏။ အိမ်သာက ယိမ်းနွဲ့လှုပ်ခါနေသည်ကို ဓာတ်မီးရောင်အောက်တွင် အထင်အရှားတွေ့နေရသည်။

ထိုစဉ်. . . ပိတ်ထားသော အိမ်သာတံခါး အနည်းငယ်လှစ်ဟ၍ လက်တစ်ဖက် ထွက်ပေါ်လာသည်။

လူတစ်ယောက်၏လက် ဖြစ်သော်ငြားလည်း သွေးများပေကျံနေ၏။ ထိုလက်က. . အိမ်သာတံခါး၏ အပေါ်ဘောင်ကို ဆုပ်ကိုင်လိုက်၏။ နောက်ထပ်တစ်ဖက် ထပ်ထွက်လာပြန်သည်။ လက်နှစ်ဖက်ဖြင့် တံခါးကိုဆုပ်ကိုင်ထား၏။

ရဲမိုး ချွေးများပျံလာသည်။ နဖူးတွေ့ဒူးတွေ့ အနေအ



www.burmeseclassic.com

www.burmeseclassic.com



ထားက လက်တွေ့မှာခက်ခဲလှသည်။

ပြန်လှည့်ပြေးမည် ကြံပြီးမှ စိတ်ကူးတစ်မျိုး ပြောင်းသွားသည်။ ပြေးနေသရွေ့ ရှုံးနိမ့်သူဖြစ်နေရမည်. . ရဲရဲရင်ဆိုင်တာပဲ ကောင်းတယ်။

ထိုအတွေးဖြင့် ဖြစ်လာသမျှကို သတ္တိရှိရှိ ခုခံသွားရန် ဆုံးဖြတ်လိုက်၏။ မိမိတစ်ဦးတည်းအတွက်မဟုတ်၊ အသက်မကချစ်ရသော သံစဉ်နှင့်လည်း သက်ဆိုင်နေသည်။

စွမ်းအားတကာတို့တွင် အချစ်စွမ်းအားက အကြီးဆုံးဖြစ်မည်ထင်သည်။ အရာရာကိုရင်ဆိုင်ဝံ့သည်မှာ အချစ်စွမ်းအားပင်ဖြစ်၏။ ရဲမိုးသည်လည်း ထိုအချစ်စွမ်းအားကြောင့် ရဲရင့်တက်ကြွလာတော့သည်။

"လာခဲ့စမ်း. . . သရဲတစ္ဆေဆိုတဲ့ကောင်တွေ"

အိမ်သာတံခါးက 'ကျွီ'ခနဲပွင့်သွားပြီး ကုန်းကုန်းကွကွပုံစံဖြင့် လူတစ်ယောက် တွေ့လိုက်ရ၏။

သံစဉ်ပြောပြထားသော ဇာတ်လမ်းအရ. . ဒါ သူရိန်စိုးဆိုတဲ့ သရဲပင်ဖြစ်မယ်ဟု တွေးလိုက်မိ၏။

သို့သော်. . . သံစဉ်ပြောပြထားသောပုံထက် ပိုကြောက်စရာကောင်းနေ၏။

ရဲမိုး ခြေထောက်အနီးတွင်ရှိနေသော ခဲလုံးကြီးတစ်လုံးကို ကောက်ယူလိုက်၏။ ထိုအချိန်တွင် နာနာဘာဝကောင်မှာ အိမ်သာအောက်သို့ ရောက်နေလေပြီ။

"ကဲ. . . လာစမ်း၊ ရှောင်နိုင်ရင်ရှောင်ပေတော့"



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှခဲလုံးကြီးက 'ဝိုး'ခနဲ အရှိန်ဖြင့် ပြေးထွက်သွားပြီး၊ ပစ်မှတ်ကို တည့်တည့်ထိမှန်သွားသည်။

"ဝုန်း!. ."

အဖြူရောင်မီးခိုးလုံးကြီး ဝုန်းခနဲ တက်လာ၏။

ဘာဆက်ဖြစ်မလဲဟု ရင်ထိတ်ထိတ်ဖြင့် စောင့်ကြည့်ရင်း ရဲမိုး နောက်ထပ်ခဲလုံးတစ်လုံးကို အသင့်ပြင်ထားလိုက်သည်။ မီးခိုးငွေ့ဖြူဖြူတွေ တဖြည်းဖြည်း လွင့်ပျယ်သွားချိန်တွင် ထိုနေရာ၌ ဘာမှမရှိတော့ပေ။

ဒီပုံစံနှင့် အိမ်သာဘယ်လိုတက်ရပါမည်နည်း။

ကံအားသင့်စွာ ဗိုက်ကမနာတော့. . တော်သေးသည်ဟု ဆိုရချေမည်။ အိမ်သာတက်နေတုန်း ဒီကောင်ကြီးရောက်လာရင် ဘယ်လိုမှမလွယ်. . .

"ဂွျတ်!. . ဂွျတ်!. ."

ထိုစဉ်. . သူ့အနောက်ဘက်မှ အသံကြား၍ လှည့်ကြည့်လိုက်ရာ. . .

နာနာဘာဝကောင်ကြီးက ချွန်မြသော လက်သည်းရှည်ကြီးများဖြင့် ပိတောက်ပင်၏ပင်စည်ကိုထိုးစိုက်ရင်း တရွေ့ရွေ့ဖြင့် ဇောက်ထိုးဆင်းလာသည်ကို တွေ့လိုက်ရသည်။

ရဲမိုး အသက်ကိုမှန်မှန်ရှူ၍ တည်ငြိမ်အောင် ကြိုးစားထိန်းချုပ်လိုက်ပြီးနောက်. . ဒုတိယအကြိမ်မြောက် ခဲလုံးကြီးဖြင့် အားကုန်လွှဲပစ်လိုက်၏။ ခဲလုံးက ပင်စည်ကိုထိ၍ ပြန်ပြုတ်ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုရဲမိုး. . . ကိုရဲမိုးရေ. . ."

"ဟာ!. . သံစဉ်. .၊ မလာနဲ့. . အဲဒီမှာပဲနေ"

နာမည်တကြော်ကြော်ခေါ်ရင်း. . လျှောက်လာသော သံစဉ်ကို လှမ်းမြင်နေရသည်။

ချစ်သူအတွက် စိုးရိမ်စိတ်ဖြင့် ရဲမိုး နောက်ကြောင်းပြန်လှည့်၍ ပြေးလာခဲ့၏။ ပြေးရင်း နောက်သို့လှည့်ကြည့်လိုက်ရာ အပင်မှ ဇောက်ထိုးကြီးဆင်းလာသော နာနာဘာဝကောင်ကြီးလည်း မရှိတော့ပေ။

"သံစဉ်. . ဘာလို့ထွက်လာတာလဲ၊ အိမ်သာသွားမလို့လား"

"မဟုတ်ဘူးကို၊ ကို အပြင်ထွက်သွားတာ အရမ်းကြာနေလို့ စိတ်ပူပြီး လိုက်လာတာ"

"ကဲ. . . အထဲသွားကြစို့ကွာ"

သံစဉ်၏ပခုံးကိုသိုင်းဖက်၍ အိမ်ထဲခေါ်လာခဲ့သည့်တိုင် ရဲမိုးမှာ တစ်ချက်တစ်ချက် နောက်ကိုမသိမသာ ခိုးကြည့်နေမိသည်။

သတိထားမိသလောက်. . ထိုတစ္ဆေသည် သူ့ကိုသာ ဦးတည်တိုက်ခိုက်၏။ သံစဉ့်ကိုထိခိုက်အောင် မတိုက်ခိုက်ပေ။ ဒါကလည်း သူတို့နှစ်ယောက်ကြားမှာ တည်ရှိခဲ့သော နားလည်မှုကြောင့်လား၊ ရင်းနှီးမှုကြောင့်လေလား. . .

သူတို့နှစ်ယောက် ဘယ်လောက်ရင်းနှီးပြီး ဘယ်လောက်ထိနားလည်ခဲ့ကြပါလိမ့်. . ။



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူကို မမေးသင့်သောမေးခွန်းမို့ ထုတ်မမေးသော်လည်း သူ့ရင်ထဲမှာတော့ သိချင်လာခဲ့သည်။

ထိုအတွေးက ရဲမိုး၏ရင်ထဲမှာ ဆူးတစ်ချောင်းလို စူးနစ်နေပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျေးလက်တောရွာတွေမှာ တိုင်ပြင်တွေ အောက်စက်တွေတော့ သုံးလာကြပါတယ်။ အိမ်သာကျတော့ ကောင်းကောင်းဆောက် သုံးသင့်တယ်လို့ ဘယ်နှဦးပြောလိုလဲ...

# အခန်း(၁၀)

“ဟင့် အင်း. .”

ဤစကားလုံးနှစ်ခုလုံးက. . သူတို့နှစ်ယောက်အကြား ဟာမှုတစ်ခု ဖြစ်လာခဲ့၏။ နှစ်ယောက်စလုံး တစ်ယောက်မျက် တစ်ယောက်ကြည့်ရင်း တိတ်ဆိတ်သွားကြသည်။ တိတ်ဆိတ် ာ ကြီးမားခြောက်ကပ်လွန်းလှသည်။ နံရံမှ နာရီစက္ကန့်သံ. ချက်ချက်ကို ကြားနေရသည်အထိ တိတ်ဆိတ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်မှုကို စတင်ဖြိုခွင်းလိုက်သူက ရဲမိုး. . .

"ဒါ. . ဒါဆို သံစဉ်က ကိုယ့်ကို လက်မထပ်နိုင်ဘူး ပြော ချင်တာလား"

"လက်မထပ်နိုင်တာ မဟုတ်ဘူးကို၊ လက်မထပ်ချင်သေး တာပါ"

"ဘာကြောင့်လဲ၊ ဘာဖြစ်လို့လဲသံစဉ်"

ရဲမိုးအသံက မဆိုစလောက်လေးကျယ်သွားသည်။ သံ စဉ်က သူ့ကိုတစ်ချက်စောင်းငဲ့ကြည့်ရင်း မထုံတက်သေးပုံစံဖြင့် ပြော၏။

"ကျွန်မမှာ ရည်မှန်းချက်တွေ ရှိသေးတယ်၊ ပန်းတိုင်မ ရောက်သေးဘူး၊ ကျွန်မရည်မှန်းချက် မပြည့်မချင်း လက်ထပ်ဖို့ ကိစ္စကို လုံးဝမစဉ်းစားချင်ဘူးကို. ."

ရဲမိုး သံစဉ်၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်၍ မျက်နှာချင်း ဆိုင် အနေအထားဖြစ်အောင် ဆွဲလှည့်လိုက်သည်။ ထို့နောက် ဝေဒနာတစ်ရပ်ကို မျိုသိပ်ထားသော လေသံဖြင့်ပြော၏။

"ရည်မှန်းချက်. . .၊ အဲဒီရည်မှန်းချက် ဘယ်တော့ပြည့် မှာလဲ၊ တစ်နှစ်၊ နှစ်နှစ်၊ ဒါမှမဟုတ် ဆယ်နှစ်လား၊ သံစဉ်ရယ်. . လူတိုင်းမှာ ရည်မှန်းချက်ဆိုတာ ရှိကြတာပဲ၊ ကိုယ့်မှာလည်းရှိ တယ်၊ ပန်းတိုင်မရောက်မချင်း လက်မထပ်ဘူးဆိုတာတော့ မ ဟုတ်သေးဘူး သံစဉ်၊ ဒါအစွန်းရောက်တာပဲ. . ချစ်သူတွေရဲ့ ပန်းတိုင်ဟာ. . လက်ထပ်ခြင်းမဟုတ်ဘူးလားသံစဉ်"

"ဒါကြောင့် ပြောတာပေါ့၊ ကျွန်မရဲ့ လက်တွေ့ဘဝထဲမှာ

www.burmeseclassic.com



လာမနေနိုင်ပါဘူးလို့၊ ကိုက ရန်ကုန်လိုမြို့ကြီးမှာ ကားတွေတစီစီ ဆူညံပွက်နေတဲ့အထဲမှာ ကျင်လည်ခဲ့သူဆိုတော့ ဒီနေရာလေးမှာ ဘယ်ပျော်နိုင်ပါ့မလဲ၊ အခုပဲ စိတ်ညစ်နေပြီမဟုတ်လား"

သံစဉ်၏ စကားကြောင့် ရဲမိုး စိတ်ပျက်စွာဖြင့် ခေါင်းကိုခါယမ်းလိုက်၏။

"မဟုတ်ဘူးသံစဉ် လုံးဝမဟုတ်ဘူး၊ တကယ်မပျော်နိုင်တာ အခုလိုကျေးလက်ဘဝမဟုတ်ပါဘူး၊ ကျေးလက်ဘဝနဲ့မဆိုင်ဘူး. . ကိုယ်မပျော်တာက သံစဉ်ဖန်တီးတဲ့ဘဝထဲမှာ မပျော်တာပါ"

သံစဉ်က ရဲမိုးကို အံ့သြနားမလည်နိုင်စွာကြည့်ပြီး တုန်လှုပ်သောလေသံဖြင့် မေး၏။

"ဒါဖြင့်. . . ကို. . လိုတာကဘာလဲ၊ ဘာကိုဖြစ်စေချင်တာလဲကို"

"ဒီမှာသံစဉ်၊ ဘဝဆိုတာ အပျော်လည်းရှိရမယ်၊ သာယာမှုလည်း ရှိရမယ်၊ အချစ်. . မျှော်လင့်ချက်အားလုံး လိုအပ်တယ်၊ ပြီးတော့ အောင်မြင်မှု. . .၊ နောက်ပြီး. . . လုံခြုံမှု၊ အို. . အားလုံးလိုအပ်တယ်၊ သံစဉ်ကို လူနေမှုပုံစံ မြင့်မြင့်မားမားနဲ့ နေစေချင်တယ်၊ စိတ်ကူးယဉ်ဆန်တယ်ပဲပြောပြော သံစဉ်ကို အမြင့်ဆုံးမှာထားချင်တာပါ. . .

ကြည့်လေ. . . ကျေးလက်တောရွာတွေမှာ တီဗွီတွေအောက်စက်တွေတော့ သုံးလာကြပါတယ်၊ အိမ်သာကတော့ ကောင်းကောင်း ဆောက်သုံးသင့်တယ်လို့ ဘယ်နှခါးပြောလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကိုပဲကြည့်လေ အိမ်သာသွားရတာ ဘယ်လောက်ဒု
ရောက်သလဲ”

သံစဉ် တုန့်ပြန်စကားပြောဖို့ မေ့နေလေ၏။

ရဲမိုး ခံစားချက်တွေကို ထပ်အန်ထုတ်ပြန်သည်။

သည်တစ်ခါတော့လေသံက ခပ်အေးအေး. . .

“ယောကျ်ားဆိုတာ ကိုယ်အရှင်သခင်ဖြစ်နိုင်တဲ့ နေ
မှာပဲ နေချင်ကြတယ်. . ၊ ဒါယောကျ်ားတစ်ယောက်ရဲ့ ကိုယ်
အတ္တပဲသံစဉ်၊ အချစ်ဆိုတာ Romanticism ပဲ သံစဉ်၊ စွန့်စာ
တွေ၊ စိတ်ကူးယဉ်ဆန်မှုတွေ ရှိနေမှာပဲ၊ စိတ်ကူးယဉ်မဆန်
ရင်တော့ နဂိုကတည်းက အချစ်နဲ့မပက်သက်အောင်နေပေါ့.
ဖြစ်နိုင်ရင်ကိုယ်က သံစဉ်ကို တိုင်းတာမှုကြိုးမပါတဲ့ မေတ္တာ
နဲ့ပဲ တိုင်းတာချစ်သွားချင်တာပါ”

စကားလည်းဆုံး ရဲမိုး ထိုင်ရာမှထသွားပါတော့၏။

အခန်းထဲမှာ ကျောက်ရုပ်တစ်ရုပ်ပမာ ကျန်ရစ်ခဲ့သူ
တော့ သံစဉ်သာဖြစ်နေ၏။

တကယ်တော့. . သူတို့နှစ်ယောက်ကြား ပြဿနာသ
သိပ်ကြီးကြီးမားမားတော့မဟုတ်၊ ‘ကွာဟမှု’ဆိုသော အ
အဖွဲ့ကိစ္စများ စုပေါင်းမိလာသောအခါ မြူမှုန်မှ အစိုင်အခဲ
ထည် ဖြစ်လာရခြင်းပင်ဖြစ်သည်။

သံစဉ်အပေါ် စွဲလမ်းမြတ်နိုးမှုကြီးစွာဖြင့် ရဲမိုးမှာ ဤ
သော လူမရှိသူမရှိ နေရာလေးကို လက်တွေ့ဆန်ဆန် ရော
လာခဲ့သည်။ ဒုက္ခသုက္ခများစွာကို ပုံစံအမျိုးမျိုးဖြင့် ခံခဲ့ရသ



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရဲမိုး မညည်းညူခဲ့၊ စိတ်မပျက်ခဲ့ပေ၊ ချစ်သူအတွက် ပါရမီဖြည့်ဖက်အဖြစ် ရပ်တည်ပေးခဲ့သည်။ အချိန်ပြည့် စာရေးနိုင်ရန်အတွက် ဝေယျာဝစ္စအားလုံး သူတတ်သမျှ လုပ်ပေးခဲ့သည်။

သံစဉ်မှာ နှစ်ဆယ့်လေးနာရီအတွင်း သူ့အတွက်အချိန်ပေးနိုင်သောအချိန် တစ်နာရီမျှပင်မရှိခဲ့. .။ ချစ်သောသူ ရဲမိုး၏ မျက်နှာကို ကြည့်မည့်အစား သံစဉ့်မျက်လုံးတွေက စာရွက်ပေါ်မှာပဲ ရှိနေခဲ့သည်။ ချစ်သည်၊ ကြိုက်သည် ဟူသော စကားထက် သူမ,ရေးသော ဇာတ်လမ်းများကိုသာ ကြားနေခဲ့ရသည်။

တဖြည်းဖြည်းနှင့် ချစ်သူပုံရိပ်က တစ်စထက်တစ်စ မှေးမှိန်လာခဲ့သည်။ ရဲမိုး အိမ်ရှေ့တွင် တစ်ယောက်တည်း ငုတ်တုတ်သွားထိုင်နေခဲ့ရ၏။ ထမင်းစားချိန်ရောက်လို့ ရဲမိုးသွားခေါ်တော့ 'မဆာသေးဘူး. . စားနှင့်နော်. . ' ဟူသော သံစဉ်၏ စကားတစ်ခွန်းကြောင့် ကိုယ့်ထမင်း ကိုယ်ခူးစားခဲ့ရတာများပြီ။

သံစဉ်ပြောနေကျက. . ကိုယ့်ရဲ့အိမ်ထောင်ဘက်၊ လက်တွဲဘက် ဆိုတာထက် ပါရမီဖြည့်ဖက်ကို ပိုလိုချင်ပါသတဲ့. .။

"ဩော်. . . သံစဉ်ရယ်၊ စာရေးဆရာမတစ်ယောက်ရဲ့ ပါရမီဖြည့်ဘက်ဆိုတာ တကယ်တော့မလွယ်ပါလားနော်"



www.burmeseclassic.com

www.burmeseclassic.com



ရုတ်တရက်ဆိုသလို အိမ်အောက်မှ ဆူညံသံများ ထွက်ပေါ်လာပြန်သည်။ အသံတွေက လူနှစ်ယောက် လုံးထွေးသတ်ပုတ်နေသလိုမျိုး...

# အခန်း(၁၁)

အိမ်အနောက်ဘက်တွင် ရေဖြည့်နေသော ရဲမိုးကို သံစဉ်က စကားတစ်ခွန်းလာပြောသည်။ နည်းနည်းတော့ ဆန်းနေ၏ဟု ရဲမိုး ထင်မိသည်။

"ဒီမှာကို... ခဏလေး၊ ခဏလောက် အိပ်ခန်းထဲမှာနေ ပေးပါလား"

"ဘယ်လို သံစဉ်၊ အိပ်ခန်းထဲဝင်နေရမယ်၊ ဘာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



လဲ”

“လိုရင်းချုံ့ပြောမယ်ကို၊ ကျွန်မဦးလေး လာနေပြီ၊ သူက စားဖို့ ရိက္ခာလာပို့တာ၊ ဘာပဲဖြစ်ဖြစ် ကို့ကိုမတွေ့စေချင်သေးဘူး လေ. . .”

“ဒါပေမယ့် သံစဉ်၊ ကို့ကိုဒီအိမ်လိုက်ပို့တာက ဒီခြံက အမိုးနော်. .”

“အိုကေ. . . ရတယ်၊ အဲဒါ ပြဿနာမရှိဘူး၊ အခု ခဏ လေးရှောင်ပေးဖို့ပဲ၊ ကူညီပါကို. . ဒါ ကျွန်မဂုဏ်သိက္ခာနဲ့ ပတ်သတ်နေတယ်လေ”

“အင်း. . ဟုတ်ပါပြီ၊ ကိုယ်သဘောပေါက်ပြီသံစဉ် စိတ်ချပါ”

သံစဉ်ပြန်ထွက်သွားတော့မှ ရဲမိုးစဉ်းစားမိသည်။ အိမ်ပေါ်မှာရှောင်ပုန်းတာထက်စာရင် ခြံထဲဆင်းနေတာက ပိုကောင်းလိမ့်မည်။ အိမ်ထဲမှာဆို ချောင်ပိတ်မိသွားနိုင်သည်။

သို့သော် တစ်ခုပြန်စဉ်းစားမိသည်။ အိမ်ခန်းထဲမှာနေရင် သူတို့ပြောစကားတွေကို ကြားနိုင်သည်။ သံစဉ်အကြောင်း မသိသေးတာလေးတွေ သိရနိုင်သည်။ ထိုဆုံးဖြတ်ချက်ဖြင့် အိပ်ခန်းထဲဝင်နေလိုက်သည်။

အပြင်မှခြေသံများကို ကြားနေလာရသည်။ သံစဉ်နှင့်ဦးလေးဖြစ်သူတို့၏ စကားသံများ ဖြစ်ပုံရသည်။

“ဦးလေးအလုပ်ကိစ္စလေးပေါ် လာလို့ ခရီးထွက်သွားတာ တူမကြီးဆီ ခုမှရောက်ဖြစ်တော့တယ်၊ အဆင်ပြေရဲ့လား. .”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်. . ပြေပါတယ်၊ ဟို. . အားတော့နာပါတယ် ဦး
လေး၊ တလက်စတည်း ဒီဆန်အိတ်ကို မီးဖိုချောင်ထဲ ချထားပေး
ပါနော်၊ အိမ်မှာကလည်း သမီးတစ်ယောက်ထဲဖြစ်နေတော့. ."

"အေးပါကွယ် ရပါတယ်၊ ဦးလေးကို ဘာမှအားမနာပါ
နဲ့. ."

'ဒုန်းခနဲ' ဆန်အိတ်ချသံကို ကြားလိုက်ရသည်။

"ကျန်တာကော. . ဘာတွေလိုသေးလဲ တူမကြီး"

"မလိုတော့ဘူး. . . အားလုံးရှိတယ်ဦးလေး၊ သမီးလည်း
သိပ်မကြာတော့ပါဘူး၊ ဒီတစ်အုပ်ရေးပြီးရင် ပြန်တော့မှာပါ"

"တူမကြီးက ဘယ်မှာအိပ်သလဲ၊ ဒီအခန်းထဲလား"

"ဟုတ်တယ်ဦးလေး"

စကားသံတွေက နီးကပ်လွန်းနေ၏။ အိပ်ခန်းသို့လျှောက်
လာသော ခြေသံများကိုလည်း ရဲမိုး ကြားလိုက်ရသည်။ အတွေး
အထူး မစဉ်းစားနိုင်တော့. . ရဲမိုး ခုတင်အောက်သို့ လှိမ့်ဝင်လိုက်
သည်။ မွေ့ရာအခင်းနဲ့ဖုံးထား၍ ရုတ်တရက်တော့ မတွေ့မြင်နိုင်
ပေ။

စကားသံတွေက အခန်းဝတွင် ရပ်သွားသည်။ ရဲမိုး
ခုတင်အောက်မှာ ငြိမ်ကုပ်နေရသည်။ ထိုသို့ ခုတင်အောက်မှာ
တစောင်းလှဲရင်း ပုန်းအောင်းနေစဉ် သူ့ကျောကုန်းကို တစ်ခုခု
တစ်ခုလာထိ၏။

ထိုအထိအတွေ့ကြောင့် နောက်ကိုအသာလေး ခေါင်း
လှည့်ကြည့်လိုက်တော့. . .



www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးဗျာ!. . ."

ရဲမိုး ထိတ်ခနဲ လန့်အော်လိုက်မိသည်။

သူလိုပင် တစောင်းအနေအထားဖြင့် ကျောပေးအိပ်နေသော လူတစ်ယောက်၊ ရဲမိုးအသံက လေသံခပ်အုပ်အုပ်သာ ထွက်သွား၍ ဘယ်သူမှ မကြားလိုက်ကြပေ။

ခုတင်အောက်မှ ထိုသူက သူ့ကိုကျောပေးအိပ်လျက် ငြိမ်သက်စွာရှိနေသည်။ မျက်နှာမမြင်ရသော်ငြား ထိုသူသည် သံစဉ့်ရည်းစား 'သူရိန်စိုး'ပင်ဖြစ်မည်ဆိုတာ ရဲမိုး သိလိုက်သည်။ ခုတင်အောက်မှာ ရဲမိုး ချွေးစေးများပျံလာခဲ့သည်။

အပြင်ဘက်တွင် စကားသံများမကြားရတော့၍ ခုတင်အောက်မှ အမြန်လျှောထွက်၍ ထလိုက်မိသည်။ အသက်ကိုလည်း အခုမှ တဝကြီးရှူနိုင်သည်။ အိမ်ရှေ့တံခါးအနားကပ်၍ လှမ်းမျှော်ကြည့်လိုက်တော့ ဟိုင်းလတ်ကားနံဘေးမှာ သံစဉ်နှင့် သူ့ဦးလေးတို့ စကားတွေပြောနေကြသည်။ သူတို့နှစ်ယောက် ဘေးတွင်တော့ လူတစ်ယောက်ရပ်နေ၏။

ထိုလူကိုမြင်လိုက်ရတော့ ရဲမိုး၏စိတ်ထဲတွင် တစ်မျိုးတစ်ဖုံ ခံစားလိုက်ရသည်။

ထို့နောက် ကားကို ဦးလေးဖြစ်သူက မောင်းနှင်၍ ထွက်သွား၏။ ထိုလူစိမ်းကတော့ ကားနှင့်လိုက်ပါသွားခြင်းမရှိပဲ သစ်ပင်အနောက်သို့ ဝင်သွားသည်ကို တွေ့လိုက်ရသည်။

သံစဉ်မှာလည်း အိမ်ဘက်သို့ ပြန်လျှောက်လာနေပြီဖြစ်၍. . ရဲမိုး အကြည့်မှခွာကာ ထိုင်ခုံပေါ်တွင် ဟန်မပျက်ထိုင်နေ



www.burmeseclassic.com

www.burmeseclassic.com


လိုက်သည်။ စိတ်ကတော့ ခုတင်အောက်မှ ကျောပေးအိပ်နေသူထံ ရောက်သွားပြန်သည်။

"ဦးလေးလေ ဆန်နဲ့ရိက္ခာ လာပို့တာ၊ ပုစွန်တွေလည်းပါတယ်၊ ကြက်တစ်ကောင်လည်း ပါတယ်၊ သူလာပို့မှ အသားစိုစားရတာ၊ ဆန်လည်းကုန်ခါနီးပြီလေ"

သံစဉ်က လေသံအေးအေးဖြင့် သူ့ရှေ့ခုံတွင် ထိုင်ရင်းပြောသည်။

"ဒါနဲ့ သံစဉ်. . ဟိုတစ်ယောက်က ဘယ်သူလဲ"

ရဲမိုး၏ စကားကိုနားမလည်ဟန်ဖြင့် သံစဉ်ပြန်မေး၏။

"ဘယ်တစ်ယောက်ကို ပြောတာလဲကို"

"ကားဘေးမှာရပ်နေတဲ့ တစ်ယောက်လေ. .၊ ထောင်ထောင်မောင်းမောင်း အသားမည်းမည်းနဲ့လေ"

ဆတ်ခနဲ သံစဉ်ထရပ်လိုက်သည်။ သူ့မျက်နှာကလည်း တစ်စုံတစ်ခုကို ထိတ်လန့်သွားသလို. . .

"အဲဒီလူ လာတယ်ဟုတ်လား၊ ကို တကယ်မြင်လိုက်ရတာလား"

"ဟာ. . သံစဉ်ကလည်း ဒီလူက သံစဉ်တို့ဘေးမှာ ရပ်နေတာလေ၊ ကားနဲ့ပါလာတာ မဟုတ်ဘူးလား၊ ဘာလဲ သံစဉ်က သူ့ကိုမတွေ့ဘူးလား"

"ဟုတ်တယ်. . မတွေ့ဘူး. .၊ ကားပေါ်မှာ ဦးလေးတစ်ယောက်ပဲပါတယ်၊ သံစဉ်မြင်တာ ဦးလေးတစ်ယောက်တည်းပဲ တခြားဘယ်သူမှမပါဘူး၊ ဒါကို ကိုက အခုလိုမြင်လိုက်ရတယ်ဆို


www.burmeseclassic.com

www.burmeseclassic.com



တော့. . .”

ရဲမိုး အံ့သြရလေပြီ။ သဘာဝမကျသော. . ပုံမှန်မဟုတ်သော ဖြစ်ရပ်ဟုလည်း ချက်ချင်းနားလည်လိုက်ပြီ။

“ပထမတစ်ခေါက် အခုလိုပဲ ဦးလေး ရိက္ခာလာပို့တုန်းက ကိုပြောတဲ့ပုံစံနဲ့လူကို ကျွန်မတွေ့လိုက်တယ်၊ သူကားပေါ်မှာ ပါလာတာ၊ ဒါပေမဲ့. . ဒါကို ဦးလေးကမမြင်ဘူး၊ သူတစ်ယောက်တည်းလာတာလို့ပြောတယ်၊ သံစဉ်ကတော့ အသေအချာကို တွေ့နေခဲ့ရတာ၊ ဘယ်လိုရှင်းပြရမှန်း မသိခဲ့ဘူး၊ အခုတစ်ခေါက်ကျတော့ သံစဉ်ကမမြင်ဘူး ကိုကမြင်တယ်၊ ပြောပါဦး. . သူက ကားပေါ်ပြန်ပါသွားတာလား”

“မဟုတ်ဘူးသံစဉ် သူနေခဲ့တယ်”

“နေခဲ့တယ်. . . ဟုတ်လား ကို”

“ဟုတ်တယ်သံစဉ်. . . ကားနဲ့ပြန်မလိုက်သွားဘူး”

သံစဉ်၏မျက်နှာ ဖြူဖပ်ဖြူရော်ဖြစ်သွား၏။

သူနည်းတူ ရဲမိုးမှာလည်း အံ့သြရှုပ်ထွေးမှုများစွာဖြင့် နောက်ကျိနေရတော့သည်။

အစတုန်းက သူရိုန်စိုးသရဲပဲရှိတယ် ထင်ထားခဲ့တာ. .၊ ခု. . ဒီသရဲကလည်း သူတို့ကိုခြောက်လှန့်နေတာပဲပေါ့။

ထိုစဉ်. . . .

“ဝုန်း!. . ဒိုင်း!. . ဝရော!. . ခွီး!. . ဒုန်း!. . ဒုန်း!. .”

အိမ်ခေါင်မိုးပေါ်မှ ဆူညံသောအသံကြီးများ. . .

ကြောင်နှစ်ကောင် ရန်ဖြစ်သလိုမျိုး၊ သွပ်မိုးပြစ်၍ အသံ



www.burmeseclassic.com

www.burmeseclassic.com



တွေက ဆူညံနေ၏။

နှစ်ယောက်သားမတိုင်ပင်ဘဲ ခြံအပြင်ပြေးထွက်ရင်း ခေါင်မိုးပေါ်ကြည့်လိုက်ကြသည်။ ကြောင်တစ်ကောင်၏ အရိပ်ယောင်မျှမတွေ့. .၊ ယုတ်စွအဆုံး ငှက်တစ်ကောင်ပင်မရှိပေ။

နားမလည်စွာဖြင့် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း အိမ်ထဲပြန်ဝင်လာခဲ့ကြသည်။ ရုတ်တရက်ဆိုသလို အိမ်အောက်မှ ဆူညံသံများထွက်ပေါ်လာပြန်သည်။ အသံတွေက လူနှစ်ယောက် လုံးထွေးသတ်ပုတ်နေသလိုမျိုး. .

"ဘုန်း!. . ဒိုင်း!. . ခွပ်!. . အင့်!. ."

နှစ်ယောက်စလုံးအထိတ်တလန့်ဖြင့် ခုံပေါ်ခုန်တက်လိုက်မိကြသည်။ ကြမ်းပြင်ကို ဒုန်းဒိုင်းလာဆောင့်သော အသံများကြောင့် ခြေတောင်မချရဲတော့ပေ။ ထို့နောက်. .

"ဝရော!. . . ရှီး!. . . ရှီး!. . ."

မြည်သံကြီးက အိမ်အနောက်ဘက်မှ ထွက်ပေါ်လာ၍ ပြေးကြည့်ပြန်သည်။ ထူးဆန်းသော မြင်ကွင်းတစ်ခုကိုလည်း အံ့ဩထိတ်လန့်စွာ မြင်တွေ့လိုက်ရပြန်သည်။ သစ်ပင်တချို့၌ လောင်မီးကျသလို အတန်းလိုက်ကြီးဖြစ်နေသည်။ မီးလောင်ခံထားရသလို သစ်ရွက်သစ်ခက်များက အတန်းလိုက်ကြီးဖြစ်နေသည်။

တစ်ပင်လုံးတော့မဖြစ်. .၊ တစ်စုံတစ်ခု ဖြတ်သန်းသွားသော လမ်းကြောင်းတစ်လျှောက်ရှိ သစ်ရွက်များမှာ လောင်ကျွမ်းခံလိုက်ရသလို ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေလဲ. . . ဘာဖြစ်တာလဲ"

"ပုံစံက လောင်မီးကျသလိုမျိုးပဲ. . . ထူးဆန်းတယ်"

နောက်ထပ် ဘာသံမှတော့ ထပ်မကြားရတော့ပေ။

ဒါပေမယ့် ထူးဆန်းကြောက်မက်ဖွယ်ရာကောင်းသော ဖြစ်ရပ်များက ထပ်မံဖြစ်ပေါ်လာတော့မယ်ဆိုတာကိုတော့ နှစ်ယောက်စလုံး သိနားလည်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေရာကပလယ်မြေမြက္ခု၊ ပလယ်မြေဆိုတာ. . .လှတ်လပ်တယ်၊ ချုပ်ကိုင်မှုမရှိဘူး၊ ဒါဟာ ငါတို့လိုသူတွေအတွက် ဘုံမိနက်သန် နေရာမှန်ပဲ၊ ဒါဟာ ငါတို့ရဲ့မြေကျပ်စခန်းပဲ. . .

# အခန်း(၁၂)

သစ်ပင်ကြီး၏ အမြင့်ဆုံးအကိုင်းကြီးပေါ်မှာ သူတို့နှစ်ယောက်စလုံး ရပ်နေကြသည်။ မျက်လုံးများက တစ်ယောက်ကိုတစ်ယောက် မခွာတမ်းစိုက်ကြည့်လျက် နှစ်ယောက်စလုံး မလှုပ်မယှက်ဖြင့်. . .

"မင်း. . အများကြီးနုပါသေးတယ် ကောင်လေး၊ မင်းအ



www.burmeseclassic.com

www.burmeseclassic.com



ဆင့်နဲ့ ငါ့ကိုယှဉ်လို့မရဘူး၊ ငါက နယ်လှည့်နေတဲ့ကောင်. . မင်းလို တစ်နေရာတည်းမှာပဲ တဝဲဝဲလည်ဖြစ်နေတဲ့ကောင် မဟုတ်ဘူး"

အသားမည်းမည်းလူကြီးက ပြုံးစစဖြင့် စတင်ပြော၏။

"ဒီမှာ. . . ခင်ဗျား ဘာလို့ဒီကိုရောက်လာရတာလဲ၊ တိုယ့်ဘာသာ တခြားနေရာကို လွတ်လွတ်လပ်လပ်သွားစမ်းပါ၊ ကျုပ်တို့ကမ္ဘာကို လာမနှောင့်ယှက်ပါနဲ့"

သူရိန်စိုးက ဒေါသကိုချုပ်တည်းကာ ပြန်ပြော၏။

"မင်းမှားနေပြီကောင်လေး၊ ငါက မင်းကိုနှောင့်ယှက်ဖို့လာတာမဟုတ်ဘူး မင်းကိုကူညီဖို့လာတာ. . သိရဲ့လားကောင်လေး၊ ပြီးတော့ ဒီနေရာဟာ သတ်မှတ်ချက်က ကင်းလွတ်နေသေးတဲ့နေရာပဲ ဘယ်သူမှမပိုင်ဘူး၊ မင်း ပိုင်တယ်လို့ထင်လို့လား"

"ဘာကိုကူညီမှာလည်း ခင်ဗျားက. . ."

"မင်းသိပ်ခက်တဲ့ကောင်ပဲ၊ မင်း အခု ဒုက္ခရောက်နေတယ်လေ၊ ပြုံးပျော်နိုင်လို့လား၊ ဟိုအင်ဂျင်နီယာဆိုတဲ့ကောင်က မင်းအချစ်ကို လုယူသွားပြီလေ၊ မင်း. . ဘာတတ်နိုင်လို့လဲကောင်လေး"

သူ့စကားကြောင့် သူရိန်စိုး၏ဒေါသက ပိုထွက်လာ၏။ အနာပေါ် တုတ်ကျခံလိုက်ရသလိုမျိုး ဖြစ်သွားသည်။

"ကျုပ်. . . ဒီကောင်ကိုသတ်မှာ"

"မင်းမသတ်နိုင်ဘူး၊ အလွန်ဆုံး ခြောက်ရုံပဲ တတ်နိုင်မှာ၊ သတ်လို့မရဘူး၊ ဒါတွေမင်းသိရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com


"ဒါဖြင့် ကျုပ်ဘာလုပ်ရမလဲ"

အသားမည်းမည်းလူကြီးက သစ်ကိုင်းပေါ် ခြေနှစ်ချောင်း တွဲလွဲချ၍ သက်တောင့်သက်သာရှိစွာ ထိုင်ချလိုက်၏။

"ထိုင်စမ်းပါဦးကွာ၊ တို့တတွေ အေးအေးဆေးဆေး ပြောကြတာပေါ့၊ ရန်ဖြစ်နေလို့ အကျိုးမရှိဘူး. . ငါပြောတာယုံ၊ ငါက မင်းကိုကူညီဖို့ရောက်လာတာ၊ ဘဝတူချင်းမို့ လာကူညီနေတာကို မင်းက ဒီလိုမဆက်ဆံရဘူးကောင်လေး၊ ငါက မင်းကိုသနားလို့ ညာနေတာ. . သိရဲ့လား၊ မင်းကို ငါနားလည်အောင်ရှင်းပြမယ် သေသေချာချာနားထောင်၊ ကဲ. . ထိုင်ပြီးနားထောင်. . "

သူရိန်စိုးက စိတ်လျှော့လိုက်ဟန်ဖြင့် သူ့လိုပင်သစ်ကိုင်း ပေါ် ထိုင်ချလိုက်သည်။ ထိုလူကြီးက ဆက်ရှင်းပြ၏။

"ငါ့နာမည်ကအဂ္ဂ. . ၊ လူ့ဘဝတုန်းကတော့ ဆေးဆရာကြီး ဦးအဂ္ဂပေါ့၊ ငါက မင်းတို့လို တဝဲလည်လည် ဖြစ်နေသူတွေရဲ့ ဒုက္ခကို လိုက်ကယ်နေတာကွ. . ၊ ငါတို့ဘဝက တကယ်တော့ အခက်ခဲတွေအများကြီးပဲကွ၊ သွားချင်ရာသွားလို့မရဘူး၊ လုပ်ချင်တာလဲ လုပ်လို့မရဘူး၊ အဆင့်ဆင့် ပိုင်ရာဆိုင်ရာတွေရဲ့ ခွင့်ပြုချက်နဲ့နေရတာ၊

ဒါပေမဲ့. . ဒီနေရာက ပလပ်မြေကွ၊ ပလပ်မြေဆိုတော့ လွတ်လပ်တယ် ချုပ်ကိုင်မှုမရှိဘူး၊ ဒါဟာငါတို့လို ဘဝတူတွေ အတွက် ဘူမိနက်သန် နေရာမှန်ပဲပေါ့၊ ငါတို့ရဲ့ ခြေကုပ်စခန်းပဲ သိလားကောင်လေးရဲ့"

"ဒီတော့ ခင်ဗျားရည်ရွယ်ချက်က. . . "


www.burmeseclassic.com

www.burmeseclassic.com



"ရှင်းပါတယ်၊ ငါတို့လိုကောင်တွေ ဒီမှာနေကြမယ်၊ ဒီမှာ ငါတို့ရွာတည်ထောင်မယ်၊ စုပေါင်းနေထိုင်ကြမယ်၊ တရားဝင် ခွင့်ပြုချက်ရအောင် ငါဆက်ကြိုးစားမယ်၊ ရောက်ရာပေါက်ရာ မျှောလွင့်နေလို့ မဖြစ်ဘူး၊ ငါတို့ရဲ့အောင်မြေဆိုတာ ရှိကိုရှိရမယ်၊ ဒီအတွက် ငါကြိုးစားနေတာကွ၊ ဒီအိမ်က လူတွေကိုတော့ ရှင်း ပစ်ရမယ်. . ၊ မောင်းထုတ်ရမှာပေါ့ ကောင်လေးရေ"

"မဖြစ်ဘူး၊ ကျုပ်ချစ်သူကို အထိခိုက်ခံလို့မရဘူးနော်"

ရုတ်တရက် ရှုံးရှုံးရှဲရှဲဖြစ်သွားသော သူ့ရိုန်စိုးကိုကြည့် ၍ ဦးအဂ္ဂဆိုသောလူကြီးက ရယ်၏။

"ဟား. . . ဟား. . . အတော်ရယ်ရတဲ့ကောင်၊ သူ့ဟာ တျ သိတတ်လိုက်တာလွန်ရော၊ အများအတွက်. . တစ်ယောက် ရင်းသင့်ရင် ရင်းရမှာပေါ့ ဟေ့ကောင်ရ. . ."

"ဟာ. . မဖြစ်ဘူး၊ ဒီမယ် ကျုပ်ချစ်သူကို မှဲ့တစ်ပေါက် တောင်အစွန်းမခံဘူး၊ ဒါကိုတော့ ခင်ဗျားမှတ်ထားပါ ဦးအဂ္ဂ၊ ဒါတော့ လုံးဝခွင့်မလွှတ်ဘူး"

"အေးပါကွာ. . ငါကတိပေးပါတယ်၊ မင်းချစ်သူလေးကို မထိခိုက်စေရပါဘူးကွာ၊ ဒါပေမဲ့ လုပ်သင့်တာတွေတော့ လုပ်ရ လိမ့်မယ်"

"လုပ်သင့်တာဆိုတာက. . ."

"ဒီလိုကွ. . . သူတို့က သက်ရှိလူသားတွေ၊ ပြောရရင် ငါတို့ထက် အားကြီးတယ်၊ သူတို့တစ်တွေစည်းလုံးနေရင် ငါတို့ အတွက် အဆင်မပြေဘူး၊ ဒီတော့ မနော အတိုက်တွေလုပ်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



'လမိုင်း'ဆိုတာ. . ဒါပဲကောင်လေး၊

လမိုင်းကပ်ပြီး မနောအတိုက် လုပ်ရမယ်၊ တစ်ယောက်ကိုတစ်ယောက် အထင်လွဲအမြင်လွဲ ဖြစ်လာအောင်၊ အလိုလိုနေရင်း ကြည့်မရတာတွေ၊ အကောင်းကြီးကနေ ထရန်ဖြစ်တာမျိုးတွေပေါ့၊ လမိုင်းအတိုက်က သိပ်ပရိယာယ်ကြွယ်တယ်၊ ဒါတွေမင်းကို ငါသင်ပေးမှာပါ"

"ကျုပ်ချစ်သူကို မထိခိုက်ရင်ပြီးရောဗျာ. .၊ ကျန်တာခင်ဗျားနဲ့ကျုပ် လက်တွဲမယ်"

"အဟက်. . . ဟက်. . . ဒီလိုပဲဖြစ်ရမယ်လေ၊ မင်းကိုလည်း စွမ်းအားတွေမြင့်လာအောင် ထပ်သင်ပေးမယ်၊ မင်းလုပ်ရမယ့် တာဝန်နဲ့ဝတ္တရားကိုလည်း အတိအကျသင်ပြပေးမယ်၊ ငါတို့လိုကောင်တွေ အနေဆင်းရဲ အစားဆင်းရဲ ဖြစ်နေသူတွေအတွက် ငါတို့ကြိုးစားလုပ်ဆောင်ရမယ်၊ ကိုယ့်ကိစ္စတစ်ခုတည်း မကြည့်နဲ့၊ အများအတွက်ကြည့်. . . ဟုတ်ပြီလား"

ဦးအဂ္ဂ စကားဆုံးသည်နှင့် 'ဝေါခနဲ' ပျောက်သွား၏။

သူရိန်စိုး လိုက်ရှာကြည့်သော်လည်းမတွေ့။ သူ့စွမ်းအားတွေက ဦးအဂ္ဂကို မမီသေးဘူးဆိုတာကို လက်ခံလိုက်ရသည်။

တခဏအတွင်းမှာပင် ဦးအဂ္ဂက ဖြုန်းဆိုပြန်ရောက်လာသည်။ သူ့လက်နှစ်ဖက်မှာ မြေကြွက်ကြီးနှစ်ကောင်. . .။

လက်သည်းချွန်များဖြင့် ထိုးစိုက်ထား၍ သွေးများက တောက်တောက်ပင် ကျနေလေသည်။

"ရော့. . စားလိုက်ဦးကောင်လေး၊ သိပ်ဆူဖြိုးတဲ့ အသား



www.burmeseclassic.com

www.burmeseclassic.com



တွေကွ သွေးကလည်း လတ်လတ်ဆတ်ဆတ်. . ချိုမှချို၊ အခုနေ အားရှိအောင်ကြိုးစားထားရမယ်၊ ရှေ့လျှောက် လုပ်စရာတွေအများကြီး၊ တာဝန်တွေက အများကြီးပဲ"

ပြောပြောဆိုဆို မြေကြွက်ကြီးကို အားပါးတရ ကိုက်ဆွဲလိုက်၏။ နှုတ်ခမ်းတွင် ပေကျံသွားသော သွေးများကိုသူ၏ လျှာရှည်ကြီးဖြင့် အငမ်းမရ လျက်လိုက်သေးသည်။

"စားလေ. . . ကောင်လေး"

"ကျုပ်. . အဲ့လိုမစားတတ်ဘူး၊ ခင်ဗျားက ဘယ်လိုဖမ်းခဲ့တာလည်း"

"ကြောင်ရိုင်းတစ်ကောင်ဘဝနဲ့ပေါ့ကွာ. . . ဟားဟားဟား"



www.burmeseclassic.com

www.burmeseclassic.com



သူချစ်ခဲ့ရသော စာရေးဆရာမမှ ဟုတ်ပါလေစ၊ ရယ်မောသံက ကြားနေကြနင့်မတူ၊ သံစဉ်၏မျက်လုံးအစုံက နီရဲတွတ်နေ၏။ ပြီးတော့ သာမန်ထက် စူးရှတောက်ပလွန်းနေသည်။ လက်ချောင်းများကို ကွေးချည်ဆန့်ချည် လုပ်နေပုံကလည်း နားလည်ရခက်စွာ...

# အခန်း(၁၃)

ထမင်းဟင်းတွေ အကုန်ခူးခပ်ပြီး အားလုံးအဆင့်သင့်ဖြစ်တော့မှ စာရေးနေသော သံစဉ်ရှိရာသို့လျှောက်လာခဲ့၏

"သံစဉ်. . . ထမင်းစားကြမယ်လေ၊ နေ့လည်ဆယ့်နှစ်နာရီတောင်ခွဲနေပြီ"

သံစဉ်က တစ်ချက်မော့ကြည့်လိုက်ပြီး စာဆက်ရေးရင်း



www.burmeseclassic.com

www.burmeseclassic.com



မှ. . .

"ကိုဆာရင်စားပေါ့. . ကလေးတွေမှ မဟုတ်တာ၊ ဝမ်းချင်းဆုံတာမှ မဟုတ်တာ. . ."

ရဲမိုး ဒေါ်သဖြင့် ဝုန်းခနဲ သူ့ရှေ့မှာဝင်ထိုင်ရင်း စကားလုံးတွေ သွန်ချပစ်လိုက်၏။

"ဒီမှာသံစဉ်၊ မင်းကိုချစ်တဲ့စိတ်တစ်ခုတည်းနဲ့ အရာရာကို သည်းခံခွင့်လွှတ်ပြီး နေနေတာနော်၊ မင်းပုံစံက တဖြည်းဖြည်း တရားလွန်လာပြီ. . ."

"ဘာတွေတရားလွန်နေမိလို့လဲ. . ၊ ကိုယ့်ဘာသာ အေးအေးဆေးဆေး စာရေးနေတာပဲ၊ ဒီလိုနေချင်လို့ ဒီမှာလာနေတာပဲ"

"အေး. . . ဟုတ်တယ်၊ ဒါပေမယ့် ငါကလူကွ၊ မင်းက ငါ့ကို လူတစ်ယောက်လို သဘောမထားဘူး၊ မင်းဟာ သိပ်အတ္တကြီးတဲ့မိန်းမပဲ. . မင်းအတွက်ပဲမင်းကြည့်တယ်၊ ငါ့အတွက် တစ်စက်ကလေးမှ ထည့်မတွက်ဘူး၊ ငါ့မှာတစ်နေ့တစ်နေ့ တစ်ယောက်တည်း ထိုင်လိုက်၊ ထလိုက်၊ အိပ်လိုက်နဲ့ ဘာအဓိပ္ပါယ်မှ မရှိတော့ဘူး"

"ဒီမှာ ကိုရဲမိုး၊ ကျွန်မရှင့်ကို ဒီထက်ပိုပြီး ဘာမှမဖြည့်ဆည်းပေးနိုင်ဘူး၊ ရှင်ကြိုက်သလိုဆုံးဖြတ်"

"မင်း. . . မင်း. . ."

လက်ဝါးကိုဖြောက်၍ ရိုက်ရန်ဟန်ပြင်လိုက်ပြီးမှ ဒေါ်သတို့ ချုပ်တည်းထားဟန်ဖြင့် ရဲမိုးက လက်ကိုပြန်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟူးခနဲ သက်ပြင်းရှည်ကြီးကိုလည်းချလိုက်၏။

ထိုခဏ၌ မျက်နှာကြက်ပေါ်၌ကပ်နေသော မျက်လုံးတစ်စုံကို ဘယ်သူမှသတိမထားမိကြပေ။

ထို့အတူ အနက်ရောင်အခိုးအငွေ့အမျှင်တန်းတစ်ခုကလည်း သံစဉ်၏ နှာခေါင်းပေါက်မှတစ်ဆင့် လျှောခနဲတိုးဝင်သွားသည်ကို သူတို့နှစ်ယောက်စလုံး မသိလိုက်ကြပဲရှိ၏။

ရုတ်တရက်ဆိုသလို သံစဉ်ထိုင်ရာမှ ဝုန်းခနဲ ထရပ်လိုက်၏။ ရေးလက်စ စာရွက်တွေက အခန်းထဲမှာ ပလူပျံသွားရ၏။

"ဒီမှာ . . ရှင့်ကိုထပ်ပြောမယ်၊ ဒီကို ရှင့်ဘာသာရှင့်လာတာ ဘယ်သူမှမခေါ်ဘူး . . မနေချင်ရင်ပြန်၊ ကျွန်မဘဝကို ပုံစံသွင်းဖို့ ချုပ်ကိုင်ဖို့တော့ လာမကြိုးစားနဲ့ လုံးဝမရဘူးမှတ်"

ရဲမိုးကလည်း နာကြည်းအခံရခက်စွာဖြင့် ထိုင်ရာမှ ဝုန်းခနဲ ထလိုက်ပြီး လက်ညှိုးငေါက်ငေါက်ထိုး၍ . . .

"ဒီမယ် . . သံစဉ်၊ တကယ်တော့ မင်းဟာမုဆိုးတစ်ပိုင်းမိန်းမရိုင်းပဲ၊ မင်းကို ဒီလိုစိတ်ဓါတ်မျိုးရှိမယ်လို့ လုံးဝမထင်မှတ်ထားဘူး၊ ပညာတတ် ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက်၊ စဉ်းစားချင့်ချိန်နိုင်စွမ်းရှိတဲ့ မိန်းမတစ်ယောက်လို့ ထင်ထားတာ . .၊ လူတစ်ယောက်ကို လူလိုအသိမှတ်မပြုတဲ့ မင်းရဲ့နိဂုံးလည်း မလှနိုင်ဘူးဆိုတာ . . မှတ်ထား"

ထိုသို့ ရဲမိုးပြောလိုက်ရာ သံစဉ်က ရဲမိုး၏ပါးကို ဖြန်းခနဲ ရိုက်ပစ်လိုက်၏။

"ဖြန်း!. ."



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်၌ သံစဉ်၏ မျက်လုံးအစုံမှာ သာမန်ထက်နီရဲပြီး တောက်ပစူးရှနေလေသည်။

ပြင်းထန်သော ရိုက်ချက်ကြောင့် ရဲမိုး တစ်ပတ်လည် ထွက်သွားရသည်။ ထို့နောက် ချက်ချင်းပြန်လှည့်၍ သံစဉ့်ပါးကို ပြန်ရိုက်ချလိုက်လေတော့သည်။ သို့သော်. . ရိုက်ချက်က သံစဉ် ကိုမထိ. . .

ရဲမိုးခြေထောက်ကို တစ်စုံတစ်ယောက်က ဆောင့်ဆွဲ လိုက်၍ဖြစ်သည်။ အံ့သြစွာဖြင့် လှည့်ကြည့်တော့လည်း ဘယ် သူမှရှိမနေပေ။ သို့သော်. . သူလှုပ်လို့မရပဲ သူ့ခန္ဓာကိုယ်တစ်ခု လုံး ချုပ်နှောင်ခံထားရသလိုဖြစ်နေ၏။

သန်မာသောလူတစ်ယောက်က သူ့နောက်မှနေ၍ သိုင်း ဖက်ချုပ်ထားလိုက်သလိုပင် ရှိနေလေတော့သည်။

"ဟာ. . . အီး. . ."

အံ့သြကြောက်လန့်စွာဖြင့် ရဲမိုး ရုန်းကန်နေရသည်။ ဘယ်လိုမှမရ. .၊ လက်နှစ်ချောင်းက သူ့နံဘေးတစ်ချက်စီတွင် ကပ်နေ၏။ ခြေထောက်ကလည်းကြမ်းပြင်မှာ သံမှိုစွဲထားသည့် အလား. .၊ တစ်ကိုယ်လုံး ချွေးစေးများပျံပြီး. . သံစဉ်ကို ထိတ် လန့်တုန်လှုပ်စွာ ငေးကြည့်နေ၏။

"ဟား. . . ဟား. . . ဟား. . . . ဟား"

သံစဉ်က ဝမ်းခေါင်းသံကြီးဖြင့် အားရပါးရ ရယ်မော လိုက်သည်။ သူမတစ်ကိုယ်လုံးလည်း တသိမ့်သိမ့်တုန်ခါလို့နေ ၏။ ထို့နောက် ရှေ့သို့တိုးကပ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ကိုကြည့်ရင်း သူနားမလည်နိုင်တော့ပေ။

သူချစ်ခဲ့ရသော စာရေးဆရာမ သံစဉ်မှ ဟုတ်ပါလေစ၊ ရယ်သံက ကြားနေကြနှင့်မတူ၊ သံစဉ်၏ မျက်လုံးအစုံက နီရဲတွတ်နေပြီး သာမန်ထက် စူးရှတောက်ပလွန်းနေသည်။

လက်ချောင်းများကို ကွေးချည်ဆန့်ချည် လုပ်နေပုံက လည်း ရဲမိုး နားလည်ရခက်နေမိသည်။ တစ်ကိုယ်လုံး တုန်ခါလျက်ရှိသော သံစဉ်၏လက်က ရိုပ်ခနဲမြောက်သွားပြီး. . .

"ဗြိုး!. . . ဗြိုး!. . ."

"အား!. . . အီး!. . . အား!. . ."

သံစဉ်၏ လက်ဝါးကုတ်ချက်က ရဲမိုး၏မျက်နှာကို ကန့်လန့်ဖြတ်ကုတ်မိသွား၏။ နာကျင်စွာ ညည်းတွားအော်ဟစ်ရင်း ရဲမိုးမှာ ထိတ်လန့်စွာဖြင့် ချစ်သူကို ကြည့်နေ၏။ ခုအချိန်အထိ သူ့တစ်ကိုယ်လုံးလှုပ်မရသေး. . .

ကြောင်ရိုင်းတစ်ကောင်၏ ချွန်မြသောလက်သည်းများဖြင့် အကုတ်ခံလိုက်ရသည့်အလား ရဲမိုး၏မျက်နှာ၌ သွေးတွေရဲခနဲ ဖြစ်သွား၏။ လက်သည်းဒဏ်ရာ အစင်းကြောင်းများမှ သွေးများယိုစီးကြနေ၏။

"ဟား. . . ဟား. . . ဟား. . . ဟား"

သံစဉ်က အသံနက်ကြီးဖြင့်ရယ်ရင်း သူ့ခန္ဓာကိုယ်ကို သိုင်းဖက်လိုက်သည်။ သံစဉ်၏အပြုအမူက ချစ်ကြိုက်စချစ်သူနှစ်ဦး သာယာကြည်နူးနေသလိုမျိုး ဖြစ်သွားပြန်၏။

သို့သော်. . လက်တွေ့တွင်တော့ ထိုသို့မဟုတ်၊ လွန်စွာမှ



www.burmeseclassic.com

www.burmeseclassic.com



နားလည်ရခက်သော ကြောက်လန့်ဖွယ်အပြုအမူတစ်ခုကို ပြု လုပ်ပါလေတော့သည်။

"ရှလွတ်!. . . ရှလွတ်!. . . ဟင်း. . "

"အား!. . . အီး!. . . သံ. . သံစဉ်"

အထိန်းချုပ်ကင်းမဲ့စွာဖြင့် သံစဉ်က သွေးများအားလုံးကို မက်မောစွာ လျက်နေပါသည်။ အံ့ဩစရာမှာ သံစဉ်၏ လျှာ သည် နူးညံ့သိမ်မွေ့သော မိန်းကလေးတစ်ယောက်၏လျှာနှင့် လားလားမျှ မတူပေ။ ကျားလျှာတစ်ခုလို ခက်ထန်ကြမ်းတမ်းနေ လေသည်။

သွေးများစင်ကြယ်သွားသောအခါ၌ သံစဉ်က လူချင်းခွာ လိုက်ပြီး ရဲမိုးအား ဆောင့်တွန်းထုတ်လိုက်သည်။ ရဲမိုးမှာ အရုပ် တစ်ရုပ်လို လွင့်ထွက်သွားပြီး နံရံထောင့်၌ ခွေခွေလေး လဲကျ သွားတော့သည်။

ပြင်ပခန္ဓာကိုယ်၏ နာကျင်မှုထက် ရင်ထဲအသည်းထဲမှ နာကျင်မှုကပိုများ၏။ အချစ်ရဆုံးချစ်သူ၏ တုံ့ပြန်မှုက ရင်ထဲ မီးဟုန်းဟုန်းတောက်လောင်နေလေပြီ။

အချစ်ဆိုတာ. . . ရက်စက်တဲ့ နတ်သမီးတစ်ပါး၊ တော ထဲမှာဖွား၍ ခြသေ့်မနို့ရည် သောက်သုံးခဲ့သည်တဲ့. . . ။

ဒါကို ရဲမိုး လက်ခံယုံကြည်ရပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်မှ ရယ်သံကြီးတစ်ခုကြားလိုက်ရသည်။
ရယ်သံက ခြောက်ကပ်အက်ကွဲတုန်ခါနေ၏။
လေးပက်လေးတန်မှ ကြားနေရသလိုမျိုး။
နာနာဘာဝတစ္ဆေကောင်သည် သူ့အား
ကောင်းစွာဆော့ကစားနေပြီဖြစ်သည်။

# အခန်း(၁၄)

ည သည်တိတ်ဆိတ်နေ၏။

လဆန်း(၁၂)ရက် ရှိပြီဖြစ်၍ လရောင်က ဖြာကျနေသည်။ ဘော်ငွေရောင် စန္ဒာလမင်း၏ ထွေးပွေ့လွှမ်းခြုံမှုအောက်၌ သစ်ပင်ပန်းမံအားလုံး ရွှန်းလဲ့စိုပြည်နေကြ၏။

ထိုအချိန်မှာ. . ပိန္နဲပင်ကြီးပေါ်တွင် အသံထွက်သော



www.burmeseclassic.com

www.burmeseclassic.com



စကားသံတို့ ထွက်ပေါ်နေ၏။

"ဘယ်လိုလဲကောင်လေး . . သဘောကျရဲ့လား"

ဦးအဂ္ဂအမေးကို သူရိန်စိုး ပြန်မဖြေဘဲနေလိုက်သည်။

"မင်းသဘောကျတာ ငါသိပါတယ်၊ တွေ့လား ငါ့ပညာတွေ . . မနော အတိုက်ဆိုတာ ဒါမျိုးကွ . . ၊ တစ်ယောက်ကိုတစ်ယောက် မုန်းစိတ်ဝင်ပြီး မသင့်မတင့်ဖြစ်ကုန်ကြပြီလေ၊ သူတို့အချင်းချင်း ပြိုကွဲဖို့လိုတယ်၊ ဒါမှငါတို့ ရည်ရွယ်ချက်အောင်မြင်မှာ၊ မင်းအတွက်လည်း အဆင်ပြေတယ်၊ အခုဆို ဒီအင်ဂျင်နီယာဆိုတဲ့အကောင်ကို မင်းရည်းစားက ကြည့်မရတော့ဘူး . . ၊ ဟိုကောင်ကလည်း မင်းကောင်မလေးကို တော်တော်နာကြည်းသွားပြီ"

"ဒါပေမဲ့ . . . လူတွေကိုထိခိုက်အောင် မလုပ်ပါနဲ့"

သူရိန်စိုး၏စကားကြောင့် ဦးအဂ္ဂ အံ့သြသွားပုံရသည်။

"ဟေ . . ဘယ်သူ့ကိုထိခိုက်လို့လဲ၊ မင်းကောင်မလေးမှာ ခြစ်ရာရှရာလေးတစ်ခုတောင် ဖြစ်ခဲ့လို့လား၊ ဟိုကောင့်မှာပဲ ဖြစ်တာပဲ၊ ဒါ ဘာဝမ်းနည်းစရာဘာရှိလဲ ဟေ့ကောင်"

"ဒီမယ်ဦးအဂ္ဂ၊ နောက်ဆို ကျုပ်ချစ်သူခန္ဓာကိုယ်ထဲ မဝင်ပါနဲ့"

"ဟေ . . အဟား . . . ဟား"

သူရိန်စိုး၏ စကားကြောင့် ဦးအဂ္ဂမှာသဘောကျစွာဖြင့် ရယ်နေတော့၏။

"ဩော် . . ဒုက္ခ . . ဒုက္ခ၊ အတော်ဒုက္ခများတဲ့ကောင်၊


www.burmeseclassic.com

www.burmeseclassic.com


ထားပါတော့လေ. . . အခုညက ဟိုကောင့်ကို အပြတ်နှာရမယ့် ပွဲပဲ၊ မင်းလည်းဘေးကနေလို့မဖြစ်ဘူး ဝင်ပါရမယ်"

"ဘယ်လိုဝင်ပါရမလဲ. ."

"ငါပြောပါ့မယ်. . . ငါပြောသလိုသာလုပ်ပါ၊ မင်းမှတ်ထားဖို့က ဒီကောင်က မင်းရဲ့ပြိုင်ဘက်. . မင်းရဲ့ရန်သူဆိုတာ မမေ့နဲ့၊ ရန်သူကို တိုက်ခိုက်တဲ့နေရာမှာ မသနားရဘူးကွ. .၊ နောက်တစ်ခု မင်းသိထားဖို့က သက်ရှိလူကို ကိုယ်ထိလက်ရောက် တိုက်ခိုက်ဖို့အတွက် သက်ရှိလူသားရဲ့အကူအညီ လိုတယ်ကွ"

ထိုည၌ ရဲမိုးမှာ မူလအတိုင်း ဧည့်ခန်းတွင်အိပ်ရ၏။ အိပ်ခန်းကိုတော့ သံစဉ်က အထဲမှသော့ခတ်ထားပုံရသည်။ ဒီည ဒီအိမ်မှာ နောက်ဆုံးညပါ။ မနက်မိုးလင်းတာနဲ့ ဤနေရာမှ ရဲမိုး ထွက်ခွာသွားပါတော့မည်။

ရဲမိုး၏ရင်ထဲမှာ တစစ်စစ်ကိုက်ခဲနာကျင်နေသည်။ ထို့အတူ ပါးပြင်တစ်ခုလုံးလည်း သံစဉ်ပေးသော လက်ဆောင် ဒဏ်ရာကြောင့် တဖျဉ်းဖျဉ်းနာကျင်နေရသည်။ ညစာမစားဖြစ်၍ ဝမ်းဗိုက်ကလည်း ဆာလောင်နေ၏။

အိပ်ရာဝင်တော့ ညကိုးနာရီကျော်ကျော်လေးပဲ ရှိသေးသည်။ သို့သော်လည်း အခုချိန်မှာ ရဲမိုးအတွက် ခေါင်းမြီးခြုံအိပ်စက်ခြင်းက အကောင်းဆုံးဖြစ်၏။

"ဂွတ်!. ."

ကြမ်းပြင်ကိုနင်းလျှောက်လာသံ. . .


www.burmeseclassic.com

www.burmeseclassic.com



သံစဉ် နောင်တရ၍ သူ့ကိုလာကြည့်ခြင်းပေလော။

ရဲမိုး မလှုပ်မယှက်ဖြင့် ခေါင်းမြီးခြုံနေလိုက်သည်။

ရုတ်တရက် သူ့စောင်ကို ဆွဲချခံလိုက်ရသည်။

ခေါင်းမြီးခြုံထားသောစောင်က လျှောခနဲလျှောကျသွား၏။ ရဲမိုး ခေါင်းထောင်၍ ကြည့်လိုက်သည်။ သူ့စိတ်ထဲမှာတော့ သံစဉ်က ပြန်လာချော့သည် ဟုထင်နေ၏။

သို့သော်. . တကယ်တန်းမှာတော့ အနားမှာ ဘယ်သူမှ မရှိ၊ သူအံ့သြသွားရပြီ။

"ဟင်. . . ဘယ်သူမှလည်းမရှိပါလား"

"အဟီး. . . ဟီး. . . အဟင့်. . ဟင့်. . ."

ရုတ်တရက်ပေါ်ထွက်လာသော ကလေးတစ်ယောက်၏ငိုသံ. . .

အသံလာရာသို့ လှည့်ကြည့်လိုက်တော့ သူ့ခေါင်းရင်းထောင့်လေးမှာ ထိုင်ငိုနေသော မိန်းကလေးတစ်ယောက်၊ ကောင်မလေးက အလွန်ဆုံးရှိမှ နှစ်နှစ်သမီးအရွယ်လောက်သာ ရှိပေမည်။ တရှိုက်ရှိုက်ငိုကြွေးနေသည့် ထိုကလေးမလေးသည် ဘယ်တဘယ်လို ရောက်လာပါသနည်း။

"ကလေး. . . ကလေးက ဘယ်သူလဲ၊ ဘယ်ကရောက်လာတာလဲ"

ရဲမိုးလှဲအိပ်နေရာက လူးလဲထကာ အနားတိုးကပ်၍မေးတော့ ကလေးမလေးက ငိုနေရာမှ ခေါင်းမော့ကြည့်၏။ ကလေး၏ မျက်နှာလေးကိုကြည့်ပြီး ရဲမိုးခေါင်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမျက်နှာကို ငါမြင်ဖူးသလိုပဲ၊ နေပါအုံး ဘယ်မှာမြင်ဖူး တာပါလိမ့်"

ရင်းရင်းနှီးနှီးကို တွေ့မြင်ဖူးနေသည်။

ဘယ်သူလဲ. . . ဘယ်သူနဲ့တူသလဲ။

ကလေးမလေးက မငိုတော့ဘဲ မျက်လုံးဝိုင်းလေးဖြင့် ရဲမိုး ကိုမော့ကြည့်နေ၏။ ထိုမျက်လုံးကလည်း ရဲမိုးအတွက် ကောင်း စွာရင်းနှီးနေပါသည်။

"သမီး. . . သမီးကဘယ်သူလဲ၊ သမီးနာမည် ဘယ်လို ခေါ်သလဲ"

သည်တစ်ခါတော့ ကလေးမလေးက ပြုံးရွှင်စွာဖြင့် ပြန် ဖြေသည်။

"သမီးနာမည်က သံစဉ်"

"ဟော်!. ."

မျက်လုံးပြူးပြီး အံ့ဩသွားရသူက ရဲမိုးဖြစ်နေ၏။

သံစဉ်တဲ့. . . ပြောလိုက်မှ သတိရသွားသည်။

ဟုတ်တာပေါ့. . ဘယ်သူနဲ့တူသလဲလို့ ကြည့်နေတာ၊ အချစ်ဆုံးချစ်သူ သံစဉ်နဲ့တူနေသည်ကိုး. . ၊ တူတာကမှ ချွတ်စွပ် တူနေသည်။ ကြီးတာငယ်တာ တစ်ခုပဲ ကွာလေသည်။

"သမီးနာမည်က သံစဉ်ဟုတ်လား၊ နေပါအုံးကွယ် သမီး က ဘယ်မှာနေတာလဲ"

"သမီးက ပိန္နဲပင်ပေါ်မှာနေတာ"

ကလေးမလေးက အိမ်အနောက်ဘက်ကို လက်ညှိုးထိုး



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုပိန္နဲပင်ပေါ်မှ နာနာဘာဝကောင်ကြီး ဖောက်ထိုးဆင်း
တကို ပြန်မြင်ယောင်လာမိသည်။

ထိုကလေးငယ်က ပိန္နဲပင်ပေါ်ကဆိုတော့. . .

ရဲမိုး အံကိုကြိတ်၍ ကလေးငယ်မ၏ လက်မောင်းတစ်
က်ကို လှမ်းကိုင်လိုက်သည်။

"ဂွျတ်!. ."

"ဟာ!. ."

ဂွျတ်ခနဲ အသံနှင့်အတူ ကလေးမလေး၏လက်မောင်း
အရင်းမှပြုတ်ထွက်ပါလာသည်။ မြင်ကွင်းက စိတ်မသက်
သာစရာပင်. . .။

ရဲမိုးလန့်ဖျပ်ကာ ထိုလက်ပြတ်ကြီးကို လွှင့်ပစ်လိုက်၏။

"ဘာလဲ. . . ဦးဦးက ဒီလက်ကိုမကြိုက်လို့လား၊ ဒါဆို
လက်ကိုယူ. ."

ကလေးမလေးက ကိုယ်ကိုဆတ်ခနဲခါချလိုက်ရာ ကျန်တဲ့
လက်တစ်ဖက်ပါ ဖုတ်ခနဲပြုတ်ကျလာပါတော့၏။

"ဟင်. . . မင်း. . . . မင်း"

ထိတ်လန့်တုန်လှုပ်စွာဖြင့် နောက်သို့ခုန်ဆုတ်လိုက်မိ
သည်။ ကလေးမက 'အဟက်'ခနဲတစ်ချက် ရယ်လိုက်ပြီး ခေါင်း
ကို စောင်းငဲ့လိုက်သည်။ ထိုခဏမှာပင် သူ့ဦးခေါင်းက ကြီးသ
ထက်ကြီးလာ၏။

ခန္ဓာကိုယ်ကသေးသေး ဦးခေါင်းကအဆမတန်ကြီးထွား
ပုံက ဘယ်လိုမှကြည့်မကောင်း။ ထိုမျှသာမက ဦးခေါင်းကြီး



www.burmeseclassic.com

www.burmeseclassic.com



က မည်းနက်လာ၏။ မီးသွေးခဲတမျှ မည်းနက်နေသောမျက်နှာ အဖြစ် ပြောင်းလဲသွား၏။

"အား!. . . သ. . . သရဲ"

ရဲမိုး စားပွဲပေါ်မှပန်းအိုးကို ဆွဲယူရင်း မျက်နှာမည်းကြီးကို အားကုန်လွှဲ၍ ပစ်ပေါက်လိုက်သည်။

"ဘုန်း!!"

"ရှူး!. ."

ပူစီဖောင်းတစ်ခုလို မျက်နှာမည်းကြီးက ထပေါက်ပြီး မီးခိုးငွေ့များပျံ့ထွက်လာပြီးနောက် ထူးဆန်းစွာကွယ်ပျောက်သွား ပါတော့သည်။ မျက်လှည့်ပြလိုက်သလိုပင်. . .

"ဟား. . . ဟား. . . ဟား. . ."

အပေါ်မျက်နှာကြက်မှ ရယ်သံကြီးတစ်ခု ကြားလိုက်ရ သည်။ ရယ်သံက လေးဖက်လေးတန်းမှ ကြားနေသလိုမျိုး. . နာနာဘာဝတစ္ဆေကောင်သည် သူ့အား ကောင်းစွာဆော့ကစား နေပြီဖြစ်သည်။

ရဲမိုး လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး အ သင့်စောင့်ကြည့်နေမိသည်။ ရယ်သံပျောက်သွားပြီး တစ်ဆက် တည်းမှာ ရဲမိုး၏ခြေထောက်ကို တစ်စုံတစ်ခုက လာရစ်ပတ်၏။

အထိတ်တလန့်ဖြင့် ငုံ့ကြည့်လိုက်တော့ ဆံပင်ထွေးကြီး တစ်ခု. .၊ ရှည်လျားသောဆံပင်အုံကြီးက မြွေတစ်ကောင်လို တွန့်လိမ်ခေါက်ကွေး၍ သူ့ခြေထောက်ကိုရစ်ပတ်နေသည်။

ရဲမိုး ခြေထောက်ကို ဆောင့်ရုန်းပြီး ခုန်ထွက်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ဆံပင်ထွေးကြီးကလည်း အငြိမ်မနေ။ ပါးပျဉ်ထောင်နေသော မြွေတစ်ကောင်လို သူ့နောက်ကိုလိုက်နေ၏။

ဪ. . မင်းကဒီလိုလား။ လာစမ်းပါ. . ။

ဒီတစ်ခါတော့. . ရဲမိုး ငြိမ်သက်စွာရပ်နေလိုက်သည်။ ဆံပင်ထွေးက ခြေထောက်တစ်ဖက်ကို လာရစ်ပတ်၏။ ထိုအခါမှ ထိုင်ချ၍ ဆံပင်ကို လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ပြီး ကျန်တစ်ဖက်က အိတ်ထဲမှ ဂက်မီးခြစ်ကိုထုတ်၍ ဆံပင်ကို မီးရှို့လိုက်၏။

*"အား!. . . ဝူး!. . . ဝူး!". . '*

ဗလုံးဗထွေးအော်သံတစ်ခုနှင့်အတူ ဆံပင်ထွေးကြီး ပျောက်ကွယ်သွား၏။

ဘာထပ်ဖြစ်ဦးမလဲဟု စောင့်ကြည့်သော်လည်း ငါးမိနစ်ခန့်ကြာသည်အထိ ဘာမှထပ်မတွေ့ရတော့ပေ။

ရဲမိုး ခြေတစ်လှမ်း စရွေ့လိုက်ချိန်မှာတော့. . ပြတင်းပေါက် မှန်တံခါး 'ဝုန်းခနဲ'ပွင့်လာပြီး သူ့မျက်နှာကို ခတ်မာမာအရာတစ်ခုက ခွပ်ခနဲ လာရောက်ထိမှန်လေတော့၏။

"ခွပ်!. . . အင့်!. . . "

ချက်ချင်းပင် နှာခေါင်းမှာ သွေးများယိုစီးကျရတော့သည်။ အပြင်မှခဲလုံးတစ်လုံးနှင့် ပစ်ပေါက်လိုက်ခြင်းဖြစ်သည်။ ပစ်ချက်က လက်မှန်းအတော်တည့်လေသည်။ ရဲမိုးခေါင်းထဲ အတော်မူးဝေသွားခဲ့ရသည်။ ခဲလုံးက သေးနေ၍တော်သေး၏။

"အား. . . ကျွတ်. . . ကျွတ်. . . တောက်"

နာခြင်း၊ ဒေါသဖြစ်ခြင်းများစွာဖြင့် ဒယိမ်းဒယိုင်လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း သံစဉ်၏ အိပ်ခန်းဝသို့ရောက်တော့. . တံခါးကို ထုရိုက်ပြီး အော်ခေါ်လိုက်သည်။

"သံစဉ်. . . ဟေ့. . . သံစဉ် ထစမ်းပါအုံး"

တံခါးကို တဒုန်းဒုန်းထုရင်း ထပ်ခေါ်ပြန်သည်။

"သံစဉ်. . . မင်း. . တံခါးဖွင့်ကြည့်ပါအုံး၊ သံစဉ်. . တံခါး. . . ဖွင့်. . . ဖွင့်"

"ကျွီ!. . ."

ရုတ်တရက်ပွင့်သွားသောတံခါးမှ မျက်နှာသေကြီးနှင့် ရပ်နေသောသံစဉ်ကို တွေ့လိုက်ရသည်။

သံစဉ့်လက်ထဲမှာ ဓါးမြှောင်တစ်ချောင်းရှိနေသည်။

သံစဉ်က နှုတ်ခမ်းတွန့်ရုံမျှ တစ်ချက်ပြုံးလိုက်ပြီးနောက် လှုပ်ရှားမှုတစ်ခုပြုလိုက်၏။

"ဟာ!. . . သံစဉ်. . . မလုပ်နဲ့. . ."

"စွပ်!!. . ."

ဓါးမြှောင်ဖြင့် ထိုးချလိုက်ရာ. . . ရဲမိုး၏ပခုံးကို စိုက်ဝင်သွားပြီး ခွေလဲကျသွားပါတော့သည်။

"အား!. . အီး!. . သ. . သံစဉ်. . . မင်း. . . မင်း. . ."



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူအပေါ် ဘယ်လောက်အထိ သာယာစေနိုင်ခဲ့ပါသလဲ၊
ဘယ်လောက်အထိကော လုံခြုံမှု ကာကွယ်စောင့်ရှောက်မှု
ပေးနိုင်ခဲ့ပါသလဲ၊ ဤမေးခွန်းကို သူရိန်စိုး မဖြေနိုင်ပါ။
ထုထည်မဲ့သော အရောင်လွင့်မျက်ရည်များသာ
သူ့မျက်ဝန်းမှာ ရစ်ဝိုင်းလာခဲ့ပါတော့သည်။

# အခန်း(၁၅)

"ဒီမှာ. . ဦးအဂ္ဂ၊ မနေ့ညက ရောက်လာတဲ့အကောင်တွေက ဘာကောင်တွေလဲ"

သူရိန်စိုး၏အမေးကြောင့် ဦးအဂ္ဂမှာ မီးလောင်ခံထားရသောဆံပင်တစ်ခြမ်းကိုလက်ဖြင့် ပွတ်သပ်ရင်း လေသံမာမာဖြင့် ပြန်ဖြေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့တပည့်တွေလေ. . . ဘာဖြစ်လို့လဲ"

"ဘယ်နှယောက်တောင်လဲ"

"အကောင်နှစ်ဆယ်လောက်တော့ ရှိမယ်"

"ဟာ. . . များလှချည်လား၊ သူတို့အခုဘယ်မှာနေလဲ"

"အနောက်ဘက်က သစ်ပင်အုပ်မှာ၊ ဒါရှာ ယာယီပါ. . .နောက်ဆို ဟောဒီအိမ်ထဲမှာ လုံလုံခြုံခြုံနေကြရတော့မှာပါ"

ဦးအဂ္ဂ၏စကားကြောင့် သူရိန်စိုး ဒေါသထွက်သွား‌ရသည်။

"ဒီမယ်. . . ခင်ဗျား အခု ဘာတွေလုပ်နေတာလဲ. . ."

"ဟာ. . . ကောင်လေးရာ ဘာလုပ်ရမှာလဲ၊ ငါ့အလုပ်ငါလုပ်နေတာပေါ့၊ မင်းသိတဲ့အတိုင်းပဲလေ မိစ္ဆာရွာ တည်ရမယ်၊ တို့ကမ္ဘာမှာ တို့တွေလွတ်လွတ်လပ်လပ်နေကြမယ်၊ ပျော်ပျော်ရွှင်ရွှင် အမဲလိုက်ကြမယ်"

"တော်. . . တော်၊ ခင်ဗျားလူတွေက ကျုပ်ချစ်သူအနား ကို ရစ်သီရစ်သီလုပ်နေကြတာ ကျုပ်မကြိုက်ဘူး၊ ရေချိုးတဲ့အချိန် အဝတ်စားလဲတဲ့ အချိန်တွေကအစ အနားမှာရှိနေတာ ဘာသဘောလဲ"

"ဟာ. . . ဘာဖြစ်လဲ၊ သူတို့မှာလွတ်လပ်ခွင့်ရှိတာပဲ၊ ပဲ့ပါသွားတာမှမဟုတ်တာ၊ လက်ဖျားနဲ့တောင် မတို့ဖို့ ငါမှာထား ပါတယ်၊ မင်းကလည်း မပိုင်ရတဲ့ကောင်မလေးအပေါ် ဘာလို့ သဝန်တိုနေတာလဲ"

"တောက်!. . . ခင်ဗျား. . ."



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီးကို ထပ်ပြောလည်းမထူးတော့ပြီမို့ သူရိန်စိုး လှည့်ထွက်လာခဲ့သည်။

လေ၏လျှင်မြန်ခြင်းမျိုးဖြင့် သူရိန်စိုး ရွေ့လျားလာခဲ့၏။

သံစဉ်၏အိပ်ခန်းရှိရာ အနီးဆုံးနံရံကို စိမ့်ဝင်၍ အခန်းထဲ ရောက်လာ၏။

"ဟင်! . . ဘာလို့အခုထိ အိပ်ရာကမနိုးသေးတာလဲ"

သံစဉ်မှာ ခုတင်ပေါ်တွင် မှောက်လျက်အနေအထား ဖြင့် မလှုပ်မယှက်. .၊ လက်ထဲမှာလည်း သွေးစွန်းနေသော ဓါး မြှောင်ကို ကိုင်ထား၏။ ဓါးသွားမှသွေးများမှာ စေးထန်ခြောက် တပ်နေပေပြီ။

သူက အနားတိုးကပ်၍ သံစဉ်၏ နှာခေါင်းအနီးသို့ သူ့ မျက်နှာကိုကပ်ကာ 'ဖူး'ခနဲ လေမှုတ်သွင်းလိုက်၏။ ဤသို့လုပ် လျှင် ချစ်သူက နိုးလာစမြဲ၊ အခုတော့ တုတ်တုတ်မျှမလှုပ်. . .

"အိပ်ပျော်နေတာမှ ဟုတ်ရဲ့လား"

ပထမဆုံးအကြိမ် သံသယဝင်လာမိသည်။ နည်းအမျိုး မျိုးဖြင့် နှိုးကြည့်သည်။ မရသဖြင့်. . သူရိန်စိုး စားပွဲပေါ်က စာ အုပ်တွေ တွန်းချသည်။

"ဝုန်း!. . ဝုန်း!. ."

သို့သော်. . သံစဉ်နိုးမလာပေ။

"မဟုတ်သေးပါဘူး၊ တစ်ခုခုတော့လွဲနေပြီ"

စိုးရိမ်စိတ်များစွာဖြင့် အခန်းအပြင်သို့ ထွက်ခဲ့လိုက် သည်။ စားပွဲတစ်လုံးနားတွင် ခွေခွေလေးလဲနေသော ရိုမိုး၊ သူ့ပခုံး



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒဏ်ရာတစ်ခု၊ ချစ်သူ၏ခေါင်းမြှောင်ဖြင့် ထိုးစိုက်ခံလိုက်ရ
ပင်ဖြစ်မည်။

သို့သော် ဤလုပ်ရပ်က သံစဉ်၏ ပင်ကိုယ်စိတ်အခံ
ရပ်မဟုတ်. . . ဦးအဂ္ဂ၏လက်ချက်ဖြစ်မှန်း သူသိနေသည်။

မိမိ၏ပြိုင်ဘက် အခုလိုဖြစ်သွား၍ ဦးအဂ္ဂကိုပင် ကျေ
တင်ရချေမည်။

သို့သော်. . ဦးအဂ္ဂက သူ့ကိုကူညီနေသည်ဆိုခြင်းမှာ
ရည်ရွယ်ချက် အကောင်အထည်ဖော်ရန် ဖြစ်သည်။ ကြား
ခါးစာခံတွေက ရဲမိုးနှင့် ချစ်ရသောချစ်သူ သံစဉ် ဖြစ်နေသ

သူသည်လည်း ဦးအဂ္ဂ၏အသုံးချခံနေရသော ခါး
ဖြစ်နေပြန်သည်။ ဆိုသွမ်းပက်စက်သော သူ၏တပည့်ဆိုး
ကောင်တွေပါ အုပ်နဲ့သင်းနဲ့ ရောက်လာကြပြီ။

ဦးအဂ္ဂသည် ကတိတည်မည့်သူမဟုတ်၊ အခြေအနေ
ရ ခေါင်းညိတ်ခဲ့သော်လည်း ငွေအင်အားကြီးလာချိန်၌ ဘု
တစ်ဆူပမာ ထင်ရာစိုင်းပေတော့မည်။ သက်ရှိလူသားနှစ်ဦး
လုံးဝအလွတ်ပေးမည်မဟုတ်၊ ယခုတောင် သံစဉ်ကို ဘာ
ထားသည်မသိ. . .

ဦးအဂ္ဂတစ်ယောက်တည်းတောင် ရင်ဆိုင်ဖို့မလွယ်၊ အ
လို တပည့်တပန်းတွေပါ ပါလာတော့ သူ့အနေဖြင့် ရင်ဆိုင်
မဖြ နိုင်ပေ။ ဦးအဂ္ဂသည် ရက်စက်ရန်၊ နှိပ်စက်ရန် ဝန်မလေး
ဖြစ် ကြောင်း ကောင်းစွာသိပြီးဖြစ်၏။

ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာချအပြီးမှာတော့ သူ



www.burmeseclassic.com

www.burmeseclassic.com



စိုးက ရဲမိုးအပေါ်မှ ဖောက်ထိုးဆင်းလိုက်ပြီး မျက်နှာချင်းကပ်ကာ လေမှုတ်သွင်းလိုက်၏။

"ဖူး!"

"အား. . . အင့်. . . အင်း. . ."

လူးလဲထရင်း ရဲမိုး နိုးလာသည်။ သွေးလွန်ခဲ့၍ သူ့ခမျာ အတော်လေးအားနည်းကာ ဖြူရော်ရော် ဖြစ်နေပုံရသည်။ မတ်တတ်ရပ်နိုင်ဖို့ အတော်အားယူခဲ့ရ၏။

"အား. . . ကျွတ်. . . ကျွတ်. ."

ဒယီးဒယိုင်ဖြင့် လျှောက်လာသောသူ့အတွက် သံစဉ်၏ အခန်းတံခါးကို သူရိန်စိုးကပဲ ဖွင့်ပေးလိုက်၏။

"ကျွီ!. ."

"ဟင်!. . . သံစဉ်. . ."

သံစဉ်ကို တွေ့သွားပြီး ကုတင်ရှိရာ ရဲမိုးလျှောက်သွားလိုက်သည်။ ထို့နောက် သံစဉ်၏ခန္ဓာကိုယ်အား ဆွဲပွေ့လိုက်၏။

ဤမျှဆိုလုံလောက်ပြီ. . ။ လူသားတစ်ယောက်ကို နိုးထစေဖို့ လူသားတစ်ယောက်၏ အထိအတွေ့က အကောင်းဆုံးဆိုတာ သူရိန်စိုးသိပါသည်။

သူတို့နှစ်ယောက်ကို သူရိန်စိုး ကျောပေးရပ်လိုက်သည်။ ဤမြင်ကွင်းကို သူမကြည့်လို၊ မမြင်တွေ့လိုပါ။ သူချစ်ရသောသူ တစ်ယောက်က သူစိမ်းယောကျ်ား၏ရင်ခွင်ထဲ မိန်းမောနေသည့် အဖြစ်ကို စိမ်ပြေနပြေ ထိုင်ကြည့်နေနိုင်လောက်အောင်. . သူ အသည်းမမာ။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . အဲ. . ."

"သံစဉ်. . . သံစဉ် သတိရပြီလား. . ."

သူရိန်စိုးက တကယ်မရှိသောသက်ပြင်းကို ပင်ပန်းစွာချ လိုက်မိသည်။ ဒီကောင်က သံစဉ်အပေါ် အတော်ချစ်ရှာတာကိုး၊ ခွင့်လွှတ်နိုင်စွမ်းလည်း ရှိတာပဲ. . ၊ ကိုယ့်ကို ရက်ရက်စက်စက် မညှာမတာ ဓါးနဲ့ထိုးခဲ့သူ၊ လက်ညှိုးထိုး၍ မတန်မရာပြောခဲ့သူ အပေါ် စိတ်မနာ အပြစ်မမြင် စိုးရိမ်တကြီးရှိရှာပေသည်။

ဩော်. . . ချစ်သူတိုင်းက ကိုယ့်ချစ်သူအပေါ် ဂရုစိုက် ခြင်း၊ စိုးရိမ်ခြင်း၊ ကာကွယ်ပေးလိုခြင်းတွေနဲ့ ပေးဆပ်ချင်ကြတာပဲ လေ. . ။

ဒါပေမဲ့ တစ်ခါတစ်ရံမှာ ဒါဟာရယူလိုမှုလို့ မိန်းကလေး အချို့က မြင်တတ်ကြသေးသည်။ တကယ်တော့ အချစ်ဆိုတာ ရယူခြင်းလည်းမဟုတ်၊ ပေးဆပ်ခြင်းလည်းမမည်၊ အချစ်ဆိုတာ နားလည်မှုနဲ့ မျှဝေခံစားတတ်ခြင်းပါတကားဟု. . သူရိန်စိုးရင်ထဲ အမှန်တရားတစ်ခု ဝင်လာခဲ့တော့သည်။

ဒါပေမယ့်. သူရိန်စိုးဘဝကတော့. . .

ဘယ်သူမရှိ. . . သူရှိရင်ပြည့်စုံတယ်. . . ။

ဘယ်သူသိသိ. . . သူသိရင်ကျေနပ်တယ်. . . ။

ဘယ်သူတွေမေ့ထားထား. . . သူမေ့သွားမှာတော့ တွေးပူတယ်. . . ။

ချစ်သူတစ်ယောက်ရဲ့ သမုဒယစကားကို အခုဘဝမှာ ကြားဖို့ အခွင့်ရေးမရှိတော့ပါတကား. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်မင်းကို အရမ်းချစ်ခဲ့ပါတယ်သံစဉ်ရယ်၊ မှောင်မိုက်စဉ်မှာ ပိုးစုန်းကြူးလို အလင်းရောင်ပေးပြီး . . လောင်မြိုက်စဉ်မှာ စမ်းချောင်းလေးကို အအေးဓါတ်ပေးသတဲ့ . . တကယ်ပဲလား . . ၊

ယုံလိုက်စမ်းပါသံစဉ် . . ကိုယ်ဟာမင်းအတွက် နှင်းစက်တွေကျနေတဲ့ ဆောင်းမနက်ခင်းမှာတောင် ပူလောင်ပြင်းပြ သတိတရရှိနေခဲ့ပါတယ် သံစဉ် . . .

သံသရာရဲ့ အလှည့်အပြောင်းမှာ . . . ကံကြမ္မာရဲ့ အရွဲ့အစောင်းကြောင့် မင်းဆီကိုယ်ထွက်လာတဲ့အချိန်မှာ ရေတိမ်နစ်ခဲ့ရတာပါ။

ကိုယ့်ဘဝဟာ သံစဉ်ဆိုတဲ့ ကောင်မလေးအပေါ် စွဲလမ်းမှုကြောင့် ရှည်လျားလှတဲ့ သက္ကရာဇ်ခရီးရှည်ကြီးကို ရာစုနှစ်ပေါင်းများစွာ ကျော်ဖြတ်ရမယ်ဆိုလည်း ကိုယ်ခံရပါတယ် သံစဉ်ရယ် . . .

သူရိန်စိုး၏ ရင်တွင်းစကားတွေကို သံစဉ်တစ်ယောက် မကြားနိုင်တော့ပေ။ သံစဉ်သည် ရဲမိုး၏ရင်ခွင်ထဲမှာ နစ်မျောနေလေပြီ။

"ဟင် . . . ကို၊ ကို့ပခုံးမှာသွေးတွေနဲ့"

သံစဉ်က ရဲမိုး၏ ပခုံးပေါ်မှ ဓါးဒဏ်ရာကို တွေ့မြင်သွားပြီး စိုးရိမ်တကြီးပြော၏။ ရင်ခွင်ထဲမှလည်း လူးလဲထလိုက်သည်။

"ဘယ်လိုဖြစ်တာလဲ ကို . . ."

သံစဉ်၏အမေးကို ဘယ်လိုပြန်ဖြေရမည်မသိ၊ သူ့ကိုဆွဲပွေ့လိုက်စဉ်က သံစဉ်လက်ထဲမှ လွတ်ကျသွားသော ဓါးမြှောင်



www.burmeseclassic.com

www.burmeseclassic.com



ကို ရဲမိုး ခုတင်အောက်သို့ ခြေထောက်ဖြင့်ခတ်သွင်းခဲ့၍ တော်သေးသည်။

သွေးစွန်းနေသော ခါးမြှောင်ကိုတွေ့ပါက ချစ်သူခမျာ ပိုလန့်သွားနိုင်၏။ ဘာတွေဖြစ်ခဲ့သည်ကိုလည်း လုံးဝအမှတ် ဟန်မတူ၊ အခုတော့လည်း ချစ်သူသည် သမင်ပျိုလေးတစ်ကောင် လို နုနယ်၍. . သိုးတစ်ကောင်လို ဖြူစင်နေလေသည်။

"အိမ်သာသွားရင်း အချွန်တစ်ခုနဲ့ ထိုးခြစ်မိလို့ပါသံစဉ်"

"ဟင်!. . ကို့ ပါးမှာလည်း အစင်းကြောင်းကြီး၊ နှာခေါင်း မှာလည်း သွေးတွေနဲ့"

"တောကြောင်ပေါ့ သံစဉ်၊ သူ့ကြောင့်ခိုက်မိသွားတာ"

"ဖြစ်မှဖြစ်ရလေကိုရယ်. . ."

ချစ်သူနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ဖက်ထားကြပြန်သည်။

သူတို့နှစ်ယောက်ဟာ အလိုက်ဖက်ဆုံး ဖြစ်သလား ပထမဆုံးအကြိမ် သူရိန်စိုး စဉ်းစားမိလိုက်သည်။ ကိုယ်တကယ် ချစ်ရင် ကိုယ်ချစ်တဲ့ချစ်သူကို သာယာစေရမယ်တဲ့. . .

သူကချစ်သူအပေါ် ဘယ်လောက်ထိ သာယာစေနိုင် ပါသလဲ. .၊ ဘယ်လောက်အထိကော လုံခြုံမှု၊ ကာကွယ်စော ရှောက်မှု ပေးနိုင်ခဲ့ပါသလဲ။ ထိုမေးခွန်းကို သူရိန်စိုးမဖြေနိုင် ထုထည်မဲ့သော အရောင်လွင့်မျက်ရည်များသာ သူ့မျက်ဝန်း ရစ်ဝိုင်းလာခဲ့သည်။

ထိုစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာကြက်မှ ရွှေ့လျှောဆင်းလာသော အကောင်သုံးကောင်. . ။

သူရိန်စိုး သိလိုက်ပြီ၊ ဒါ. . ဦးအဂ္ဂ၏တပည့်ကောင်တွေ၊ ရုပ်တည်ချက်နှင့် ခံယူချက်ပြောင်းသွားသော သူရိန်စိုးက ဖျတ်ခနဲ လှုပ်ရှားလိုက်သည်။

လျှပ်စီးလက်တမျှ မြန်ဆန်သော အရှိန်အဟုန်ဖြင့် ထိုသုံးကောင်စလုံးကို တိုက်ခိုက်လိုက်၏။

"ဘုန်း!. . . ဖျန်း!. . . ခွပ်!. . . "

"အီး!. . ဂရူး!. . ခွီး!. . "

သုံးကောင်စလုံး တစ်ချက်မျှလက်တုံ့မပြန်နိုင်ပဲ အတော်ဝေးဝေးသို့ လွင့်စဉ်ထွက်သွား၏။ သူရိန်စိုးကိုလည်း မကျေမနပ်ဖြင့်ကြည့်ရင်း တဖြုတ်ဖြုတ်ပျောက်ကွယ်သွားပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့၏ ဝိညာဉ်လောကတိုက်ပွဲကို
လူသားများ သိမြင်ကြမည်ကား မဟုတ်ပေ...

# အခန်း(၁၆)

နှင်းခြည်နုနုဖျန်းပက်ထားသော မြေနီလမ်းလေးအတိုင်း လူနှစ်ယောက်လျှောက်လာသည်။ လူနှစ်ယောက်ဆိုတာ တကယ်တော့ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးဖြစ်၏။ တစ်ယောက်ကိုတစ်ယောက် မြတ်နိုးတွယ်တာစွာဖြင့်သိုင်းဖက်ထား၏။ သူတို့နှစ်ယောက်ကား အခြားသူမဟုတ်၊ ရဲမိုးနှင့်



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်တို့ဖြစ်၏။

အိမ်ထဲကအိမ်ပြင်မထွက်သော ချစ်သူကို နေရောင်ခြည် ဓါတ်ခံရန်အတွက်လည်းကောင်း၊ စိတ်ပြေလက်ပျောက် စိတ်အပန်းဖြေနိုင်ရန်အတွက်လည်းကောင်း. . ရဲမိုး ပြောဆိုဖျောင်းဖျ၍ သံစဉ်ကို အခုလိုလမ်းလျှောက်ထွက်ရန် ခေါ်လာခဲ့ခြင်းဖြစ်၏။

ထို့ပြင် တခြားရည်ရွယ်ချက်တစ်ခုလည်း ရှိသေးသည်။ ထိုရည်ရွယ်ချက်ကြောင့် သူတို့နှစ်ယောက်သည် အမိုးနှင့်ဖထီးတို့၏ တဲကလေးရှိရာသို့ ဦးတည်လျှောက်လာခြင်းဖြစ်သည်။

"ဟယ်!. . . ဟိုမှာ ယုန်ဖြူလေးတစ်ကောင်. . ကို. . ."

သံစဉ်ညွှန်ပြရာကြည့်လိုက်တော့ မြက်ရှင်းထားသော မြေတစ်နေရာတွင် ယုန်ဖြူလေးတစ်ကောင် ဝပ်နေ၏။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးကလေးဖြင့် သူတို့နှစ်ယောက်ကို ကြည့်နေ၏။

"ချစ်စရာလေး. . ကို၊ ဖမ်းပေးပါလား"

သံစဉ်က ကလေးတစ်ယောက်လို ပူဆာနေပြန်သည်။

"ဘယ်မိမလဲ သံစဉ်ရယ်၊ သူပြေးသွားမှာပေါ့"

"မပြေးဘူး. . ကို၊ ဟိုမှာငုတ်တုတ်လေး ထိုင်နေတယ်လေ"

သူတို့နှစ်ယောက်စလုံး ညင်ညင်သာသာ တိုးကပ်လာသည်အထိ ယုန်ကလေးက မပြေးသေး၊ ငြိမ်သက်စွာရှိနေ၍ ရဲမိုးစိတ်ထဲ သံသယဝင်လာမိသည်။ လက်တစ်ကမ်းအကွာဝေးရောက်မှ ယုန်ကလေးက ထပြေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ!. . . ပြေးပြီ"

"ဟယ်!. . . ဟိုမှာဘာလေးလဲမသိဘူး. . . ကို"

ယုန်ကလေးဝပ်နေသောနေရာတွင် အရာဝတ္ထုတစ်ခု။ နှစ်ယောက်သား စိတ်ဝင်တစားဖြင့် သွားကြည့်လိုက်ကြသည်။

မယုံနိုင်လောက်အောင် အံ့ဩဖွယ်ရာပင်တည်း။

ထိုအရာကား ရဲမိုး သံစဉ်ကိုပေးထားသော် လက်စွပ် ထည့်ထားသည့် ကြက်သွေးရောင်ကတ္တီပါဘူးလေး ဖြစ်နေ၏။

ဝမ်းသာအားရဖွင့်ကြည့်လိုက်တော့ အထဲမှာ အရောင် တလက်လက်တောက်ပနေသော လက်စွပ်ကလေး. . .

"ဟာ!. . . လက်စွပ်က ဒီကိုရောက်နေတယ်. . ."

"အံ့ဩစရာပဲ. . လက်စွပ်က အိမ်အပေါက်ထဲပြုတ်ကျ သွားတာပါ၊ ဘူးခွံကိုလည်း သံစဉ်အိမ်ခန်းထဲမှာ သိမ်းထားတာ၊ အခု ဘယ်လိုလုပ်ပြီး ဒီနေရာရောက်နေတာလဲ"

သံစဉ်မှာ အံ့ဩဝမ်းသာစိတ်ဖြင့် လက်စွပ်လေးကို ပွတ် သပ်ရင်းပြောနေ၏။

"ပြန်ရတာ ဝမ်းသာစရာပဲ သံစဉ်၊ ပြန်လည်ဆုံစည်းခွင့် ဆိုတဲ့ နိမိတ်ပေါ့ကွာ၊ ကိုယ်ကတော့ ပြန်ရတယ်ဆိုတာထက် ပြန်ပေးတယ်လို့ပဲ မြင်တယ်"

"ပြန်ပေးတယ်. . . ဘယ်သူကပြန်ပေးတာလဲကို"

"ဘယ်သူရှိမလဲ. . ယုန်လေးပေါ့၊ ယုန်လေးက ပြန်ပေး တာပေါ့ သံစဉ်ရဲ့"

"ဟုတ်ပါရဲ့. . ၊ ဒါဆို. . ဒါဆို. . "



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်ဆက်မပြောတော့ပါ။ ဆက်ပြောရန်လည်း မလို တော့. . ။

ရဲမိုး လက်စွပ်ကလေးကိုထုတ်၍ သံစဉ်၏ လက်သူ ကြွယ်၌ စွပ်ပေးလိုက်၏။ ထို့နောက်တစ်ယောက်ကိုတစ်ယောက် အဓိပ္ပါယ်ပါပါကြည့်ရင်း ပြုံးလိုက်ကြသည်။ သည်တစ်ခါ ချစ်သူ နှစ်ယောက်၏ အပြုံးကား နေခြည်နုနုအောက်၌ အလှပဆုံးအပြုံး ဖြစ်နေပါလိမ့်မည်။

တစ်ယောက်ကိုတစ်ယောက်လည်း အရင်ကထက် ပို တင်းကျပ်စွာ ဖက်ထားမိကြသည်။ ထို့နောက် အတွေးကိုယ်စီဖြင့် ဆက်လျှောက်လာကြသည်။

"ဟယ်!. . . ဟိုမှာ ယုန်ကလေး. . လိုက်လာပြီ"

"ဟာ. . ဟုတ်ပါရဲ့၊ ဒီကောင် ကိုတို့နောက် တကောက် ကောက်လိုက်နေပုံပဲ"

ယုန်ဖြူကလေးက မြက်ပင်များ၊ ပန်းပင်များကြားမှ ခုန် ပေါက်ပြေးနေ၏။ သူတို့နှစ်ယောက် မလှမ်းမကမ်းရောက်လျှင် ရပ်၍ မျက်လုံးဝိုင်းဝိုင်းကလေးဖြင့်ကြည့်၏။ သူတို့ဆက်လျှောက် ရင် လိုက်ပြေး၏။ ဝေးဝေးလံလံလည်းမပြေး၊ သူတို့နှစ်ယောက်ကို လှည့်ပတ်၍ ပြေးနေခြင်းဖြစ်သည်။

"အိုး. . . အတော်ဆော့တဲ့ကောင်လေး၊ လူလည်းမ ကြောက်ဘူး၊ ရှေ့ရောက်လိုက် နောက်ရောက်လိုက်နဲ့ မျက်စိကို နောက်နေတာပဲ"

"အင်း. . . လိုက်စောင့်ရှောက်နေတာလားမှ မသိတာ



www.burmeseclassic.com

www.burmeseclassic.com



သံစဉ်"

ယုန်ကလေးပြေးရင်းလွှားရင်း ကျောက်တုံးကြီးတစ်ခုနား ရောက်သွား၏။ ထိုအခါ ကျောက်တုံးကြီး နောက်ကွယ်မှ ရုတ်တရက်ထွက်လာသော မြွေဟောက်ကြီးတစ်ကောင်၊ ပါးပျဉ်းခွက်ကိုဖွင့်၍ မီးဝင်းဝင်းတောက်နေသောမျက်လုံးဖြင့် ယုန်ကလေးကို စူးစိုက်ကြည့်နေ၏။ အကွာဝေးက နှစ်ပေလောက်သာကွာတော့သည်။

ယုန်ကလေး ရုတ်တရက်ရောက်လာသော အန္တရာယ်ကြောင့် ဘာလုပ်ရမှန်းမသိ ဖြစ်သွားပုံရသည်။ မြွေဟောက်ကြီးကို ကြက်သေသေရင်း ကြည့်နေ၏။ မြွေဟောက်ကြီးက ညင်သာစွာဖြင့် ရှေ့ကိုတိုးလာ၏။ ထိုအခြေအနေကို လူသားနှစ်ဦးကတော့ မသိကြ၊ သူတို့သွားရာလမ်းကိုသာ ပျော်ရွှင်ရယ်မောရင်း ဆက်လျှောက်နေကြသည်။

မြွေဟောက်ကြီးက ယုန်ကလေးကို ပေါက်သတ်ရန်ပြင်လိုက်စဉ်မှာပင် ယုန်ကလေးသည် ဖြန်းခနဲ အသွင်ပြောင်းသွားလေပြီ။ ဖြူဖွေးနူးညံ့သောယုန်ကလေးမှ ချက်ချင်းပင် မြွေပါတစ်ကောင်ဖြစ်သွား၏။ မြွေပါသည် ရှူးခနဲမာန်ဖီသံနှင့်အတူ မြွေဟောက်ကို လှည့်ပတ်ချောင်းနေ၏။

'သားကောင်မှမုဆိုး၊ မုဆိုးမှသားကောင် ဖြစ်သွားသော မြွေဟောက်သည် အခြေအနေမဟန်မှန်းသိ၍ လျှောခနဲ ပါးပျဉ်းချ၍ ကျောက်တုံးနောက် ပြေးဆင်းသွားသည်။ ထို့နောက် မြွေဟောက်အနေအထားမှ ချက်ချင်းပင် လင်းတကြီးဖြစ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

လင်းတကြီးသည် သူ၏ကြီးမားသောတောင်ပံကြီးကို တဖြန်းဖြန်းခတ်ရင်း ချွန်ထက်သော ခြေသည်းများဖြင့် မြွေပါကို ကုတ်ရန် ချောင်းနေ၏။ မြွေပါကလည်း နောက်ကျွမ်းတစ်ပတ်ပစ်လိုက်ရာ မြွေပါမှ သိမ်းငှက်ကြီးအသွင် ဖြစ်သွားပြီး လင်းတကြီးနှင့် သိမ်းငှက်ကြီးသည် ကောင်းကင်ယံ၌ အကြီးအကျယ်တိုက်ပွဲဝင်နေကြ၏။

အင်အားတူဖြစ်နေ၍ နှစ်ကောင်စလုံးအထိနာ၏။ လင်းတကြီးက သူ၏ ချွန်ထက်ကောက်ကွေးနေသော ခြေသည်းအစုံအားကိုးဖြင့် တိုက်ခိုက်သလို သိမ်းငှက်ကြီးက သူ၏ချွန်ထက်သော နှုတ်သီးအစွမ်းဖြင့် ကြဲ့ကြဲ့ခံ ခုခံတိုက်ခိုက်၏။

အတန်ကြာအောင်တိုက်ခိုက်ပြီးနောက် မောပန်းသွားကြဟန်ဖြင့် ညောင်မုတ်ဆိတ်အပင်ကြီးပေါ်သို့ ဆင်းသက်သွားကြသည်။ ထိုအခါ လင်းတကြီးအသွင် ပျောက်သွားပြီး ဦးအဂ္ဂဖြစ်သွားသလို သိမ်းငှက်ကြီးမှာလည်း သူရိန်စိုး ဖြစ်သွားလေပြီ။ သူတို့၏ ဝိဉာဉ်လောကတိုက်ပွဲကို လူသားများအနေဖြင့် သိမြင်ကြမည်ကား မဟုတ်ပေ။,

"မင်း. . အတော်အစွမ်းထက်လာပါပကော ကောင်လေး၊ အင်း. . . အခုတော့ ငါ့ကို ပခုံးချင်းယှဉ်ပြီပေါ့လေ. . . ."

ဦးအဂ္ဂက ဒေါသတကြီးလေသံဖြင့် ထုတ်ပြော၏။

"ခင်ဗျားရဲ့လမ်းစဉ်ကို ကျုပ်မကြိုက်ဘူး၊ ခင်ဗျားရဲ့ရည်ရွယ်ချက်ကိုလည်း ကျုပ်သဘောမတူဘူး၊ ကျုပ်လိုချင်တာ ဒါ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး ဦးအဂ္ဂ. .၊ ကျုပ်တကယ်လိုအပ်တာက လွတ်မြောက်မှုပဲ"

"ဟော့ကောင် မင်းအရူးပဲ၊ ငါလုပ်နေတာလည်း လွတ်မြောက်မှုအတွက်ပဲလေ"

"မဟုတ်ဘူး. . လုံးဝမဟုတ်ဘူး၊ လွတ်မြောက်မှုနဲ့ လွတ်လပ်မှု မတူဘူး ဦးအဂ္ဂ၊ ခင်ဗျားတို့လိုချင်တာက လွတ်မြောက်မှု မဟုတ်ဘူး. . လွတ်လပ်မှု၊ လွတ်လွတ်လပ်လပ်နေနိုင်ဖို့ သွားလာနိုင်ဖို့. . လုပ်ချင်တာတွေလုပ်နိုင်ဖို့. . အစုအဖွဲ့နဲ့အင်းအားကြီးမားဖို့. ."

"တော်ပြီ. . . ဆက်မပြောနဲ့ဟော့ကောင်. . ."

"ပြောမယ်. . . ခင်ဗျားတို့ဆက်မိုက်နေလို့ ပြောကိုပြောရမယ်၊ ခင်ဗျားတို့ဟာ အမိုက်မှောင်ကမ္ဘာထဲက လွတ်မှာမဟုတ်ဘူး၊ အလင်းရောင်ကို ခင်ဗျားတို့မမက်မောဘူး၊ အမိုက်တိုက်ကမ္ဘာရဲ့ ချည်နှောင်မှုမှာ ကျေကျေနပ်နပ်ကြီး ခံယူနေကြတယ်၊ ပျော်ရွှင်နေကြတယ်၊ ခင်ဗျားတို့ တကယ်လိုအပ်တာက ဒီထက်ကောင်းတဲ့ဘဝ၊ လွတ်မြောက်မှု. . ."

"တိတ်စမ်း. . . မင်းဟာ အသားထဲကလောက်ထွက်တဲ့ကောင်"

ဦးအဂ္ဂက စိတ်ဆိုးမာန်ဆိုးဖြင့် ဒေါသတကြီး ဆဲဆိုပါတော့သည်။

"ဒီမယ်ကောင်လေး. . . မင်းနဲ့ငါ ရန်သူဖြစ်သွားပြီ၊ မင်းသတိနဲ့နေပါ. . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားတစ်ခွန်းကို နောက်ဆုံးပြောရင်း ဦးအဂ္ဂတစ်ယောက် ကွယ်ပျောက်သွားတော့၏။ ထိုအခါကျမှ . . သူရိန်စိုးလည်း ချစ်သူရှိရာကို လှမ်းမျှော်ကြည့်လိုက်မိသည်။

သူတို့နှစ်ယောက်ကတော့ တဲကလေးတစ်လုံးအတွင်းမှာ စကားတွေပြောနေကြပြီ။

ဘာပဲဖြစ်ဖြစ် ချစ်သူကို အန္တရာယ်မကျရောက်အောင် တာကွယ်ပေးနိုင်ခဲ့၍လည်း ကျေနပ်နေမိသည်။

သူ့အတွက်တော့ အချစ်ဆိုတာ ပေးဆပ်ခြင်းသက်သက်ဆိုတာ သိနှင့်ပြီးသားဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဆိုတာဘုရားစင် ရှိရမယ်၊ ဘုရားစင်ရှိမှ အိမ်စောင့်နတ်လည်း ရှိလာမယ်၊ အခု ဒီအိမ်က ဘုရားစင်လည်းမရှိ၊ ပြီးတော့ တောစပ်မှာ သစ်ကြီးဝါးကြီး ပေါတဲ့နေရာမှာ...
ဒီတော့...လမိုင်းတွေ အလွယ်တကူဝင်နိုင်ထွက်နိုင်တာပေါ့...

# အခန်း(၁၇)

သူတို့နှစ်ယောက် တစ်ယောက်တစ်လှည့် ပြောပြသော အဖြစ်ပျက်များအားလုံးကို အမိုးတို့လင်မယားက စိတ်ဝင်တစား နားထောင်နေ၏။ အရိုးခံစိတ်ဖြင့် ဖြူစင်ကြသော ကျေးရွာလင်မယားနှစ်ယောက်စလုံးသည် ဒုက္ခပေါင်းစုံရောက်ခဲ့နေသော သူတို့နှစ်ယောက်အပေါ် များစွာစာနာသနားသွားကြဟန်တူ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒီအတိုင်းဆို မဖြစ်တော့ဘူး ဖိုးမူရေ၊ ဒီလမ်းလေးမှာ တစ္ဆေသောင်းကျန်းနေတယ်ဆိုမှတော့ ဒီအတိုင်းနေလို့ ဘယ်ဖြစ်မလဲ တတ်ကျွမ်းတဲ့ဆရာသမားနဲ့ တိုင်ပင်မှဖြစ်မှာပေါ့. . ."

အမိုးက စိုးရိမ်စိတ်ဖြင့်ဆို၏။

"ဝေ့. . . ငါတို့ရွာတောင်ပိုင်းက ဦးမိုးကို ခေါ်ရင်ကော"

ဖထီးကလည်း သူသိသော လူတစ်ယောက်ကို စဉ်းစားပေးသည်။ သို့သော် အမိုးကလက်မခံပေ။

"ဟယ် ဒီငမိုးက ကောင်းတဲ့ဆရာမဟုတ်ဘူး၊ အောက်လမ်းဆရာဟဲ့. . တော်ကြာ မကောင်းဘဲ ပိုဆိုးကုန်ရင် ကလေးတွေ ဒုက္ခရောက်မှာပေါ့၊ နေဦး. . . စောသာထူး တစ်ခါပြောဖူးတယ်၊ ဒုံသမိဘက်ကလာတဲ့ ဆရာကြီးတစ်ယောက်ရှိသတဲ့၊ သူ့နာမည်ကဘာလဲ. .-အင်း. . ဩော်. . ဦးစကြာတဲ့၊ အထက်လမ်းဆရာကြီးပေါ့၊ အခု ရွှေရင်မျှော်ဘုရားမှာ အမိဋ္ဌာန်ဝင်နေသတဲ့. . ."

"ဟေ. . ဟုတ်လား. . ဒါဆို ဒီဆရာကြီးဆီ သွားကြည့်ကြမလား"

သံစဉ်ကတော့ ထိုကိစ္စကို ချက်ချင်းပင် အကောင်အထည်ဖေါ်လိုသည်။ ထို့ကြောင့် အမိုးတို့လင်မယားနှင့် သူတို့နှစ်ယောက်မှာ နွားလှည်းဖြင့်ထွက်လာခဲ့ကြ၏။ ခရီးက လေးမိုင်ခန့် သွားလိုက်ရသည်။ နောက်ဆုံးတွင် ကံအားလျော်စွာ ဦးစကြာဆိုသော ဆရာကြီးနှင့် တွေ့ခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးဦးစကြာမှာ အသက်ခြောက်ဆယ်ကျော်ခန့်ရှိပြီး ထည်ဝါခန့်ညားသော ဥပမိရုပ်ရှိ၏။ ဆံပင်ကို သပ်ရပ်စွာဖြီး၍ သျှောင်ကို တစောင်းထိုးထား၏။ ဆရာကြီး၏ အသံမှာလည်း လေးနက်တည်ကြည်ပြီး ဩဇာရှိလှ၏။

ဘုရားအဆူဆူလှည့်၍ အဓိဋ္ဌာန်ဝင်ခြင်း၊ အင်းကစားခြင်း၊ ကသိုဏ်းရှုခြင်းများဖြင့် ဝိဇ္ဇာမရ မဟိဒ္ဓိလမ်းကြောင်း၌ လျှောက်လှမ်းနေသူ ဖြစ်ပေသည်။ ရဲမိုးပြောပြသော အဖြစ်ပျက်အားလုံးကို အသေးစိတ်နားထောင်ရင်း ခေါင်းတဆတ်ဆတ်ညိတ်နေလေ၏။ အလုံးစုံရှင်းပြပြီးတော့မှ ဆရာကြီးဦးစကြာက အခုလိုရှင်းပြ၏။

"အင်း. . . ပေတလောက၊ ပရလောကဆိုတာကလည်း အခက်သားကွဲ့၊ သုံးဆယ့်တစ်ဘုံမှာပါဝင်နေတဲ့ ပြိတ္တာဘုံသားတွေ ဖြစ်လေတော့ မယုံလို့မရလေဘူး၊ အဘကတော့ အဓိဋ္ဌာန်လမ်းကြောင်းပေါ်မှာ လျှောက်လှမ်းရင်းနဲ့ ဒင်းတို့နဲ့ အမြဲတစေထိတွေ့နေရတာပေါ့၊ တကယ်တော့လည်း ပရလောကသားတွေရဲ့ဘဝက သနားစရာမဟုတ်လား၊

အစွဲမှားတွေကြောင့် ဒီလိုဘဝ ရောက်နေကြတာတောင်မောဟတွေလွှမ်းတော့ အမှန်မမြင်နိုင်ကြ၊ နောင်တမရနိုင်ဘဲဆိုးနေ၊ မိုက်နေကြတာတွေလည်း တစ်ပုံကြီးပဲ၊ ငါ့သားတို့ပြောသလိုဆို ဒီသူရိန်စိုးဆိုတဲ့တစ္ဆေက နှောင့်ယှက်နေတယ်ဆိုပါမယ်၊ တကယ်တော့ ဒါတွေဟာ သူ့လက်ချက်ချည်းမဟုတ်ဘူးကွဲ့. ."

ဆရာကြီးဦးစကြာ၏စကားကြောင့် အားလုံးအံ့ဩသင့်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ ဆရာကြီးသည် မနောပေါက်၍ အမြင်အကြား အာရုံ စူးရှထက်မြက်သူပီပီ အကြောင်းအရာတို့ကို အထစ်အငေါ့ မရှိ ပိုင်ပိုင်နိုင်နိုင်ပြောပြနေ၏။

"ဒါဆို ဘယ်သူ့ကြောင့်ဖြစ်တာပါလဲ ခင်ဗျာ"

"ဟုတ်ပါတယ်ရှင်၊ သမီးတို့ကတော့ သူရိန်စိုးကြောင့် အခုလို အနှောင့်အယှက်ပေါင်းစုံ ခံနေရတယ်လို့ ထင်ထားခဲ့တာ"

သူတို့စကားကြောင့် ဆရာကြီးဦးစကြာက လေးနက်စွာ ပြုံး၏။ ခေါင်းကိုလည်း ခါယမ်းပြ၏။

"မဟုတ်ဘူးသမီး၊ သမီးတို့အနေနဲ့ကတော့ ဒီလိုပဲမြင်ပါ လိမ့်မယ်၊ အမှန်က တခြားတစ္ဆေကောင်တွေကြောင့် အခုလိုဖြစ် နေရတာပါ၊ သူတို့ပယောဂ၊ သူတို့ရဲ့မနောအတိုက်တွေ၊ လှိုင်း တွေကြောင့် တစ်ယောက်နဲ့တစ်ယောက်အထင်လွဲ၊ အမြင်လွဲ၊ အမုန်းတွေပွား၊ ဒေါသတွေ ဆူဝေပြီး မဖြစ်သင့်တာတွေ ဖြစ်နေ ကြရတာကလား၊

တကယ်တော့ ဒီသူရိန်စိုးဆိုတဲ့တစ္ဆေက သမီးအပေါ် အတော်ချစ်ရှာတာ၊ ဒါကြောင့်လည်း တခြားအနှောင့်အယှက် တွေကို သူတတ်စွမ်းသမျှ ကာကွယ်တားဆီးပေးပါတယ်၊ ဒါပေ မယ့်လည်း အဲဒီမှာရောက်နေတဲ့ တစ္ဆေကောင်ကြီးက သူ့ထက် သမ္ဘာရင့်ပြီး အင်အားကြီးလေတော့ သူ့ခမျာလည်း အလဲလဲ အကွဲကွဲပေါ့. . ."

"ဒါဆို ဘယ်လိုလုပ်ရမလဲဆရာကြီး"

"အင်း. . . အဘက ခုနစ်ရက်သားသမီးတွေရဲ့ ဒုက္ခ၊



www.burmeseclassic.com

www.burmeseclassic.com



သော့ကတွေကို ကယ်တင်နေတာပါ၊ ငါ့သားသမီးတွေကိုလည်း ကယ်တင်ရမှာပေါ့၊ ခက်တာက အဘကိုယ်တိုင် လိုက်စီမံပေးမှ ဖြစ်လိမ့်မယ်၊ ဘာကြောင့်လဲဆိုတော့ ဒီကောင်ကြီးက သားတို့ကို တိုက်ခိုက်တာထက် သူ့မှာ ဒီထက်ကြီးမားတဲ့ တခြားအကြံအစည် တွေ ရှိနေလို့ပဲ"

"ဒါဆို . ဆရာကြီးခင်ဗျား . အခုပဲလိုက်ခဲ့ဖို့ ပင့်ဖိတ်ပါ တယ်"

ရဲမိုးက လက်အုပ်ချီ၍ ရိုရိုသေသေပင့်ဖိတ်လိုက်၏။

ဆရာကြီးက အမိုးတို့လင်မယားဘက်လှည့်၍ လိုအပ် တာများ မှာလေသည်။ ထို့နောက် ရှမ်းလွယ်အိတ်ကြီးကိုလွယ် ရင်း လိုက်လာခဲ့လေတော့သည်။

ဆရာကြီးကို နွားလှည်းဖြင့်ပင့်ဖိတ်ခေါ်လာခဲ့၏။ အမိုး တို့လင်မယားကတော့ ဆရာကြီးမှာလိုက်သော ကန်တော့ပွဲများ နှင့် အခြားပစ္စည်းများဝယ်ရန် ထွက်သွားကြသည်။

ဆရာကြီးဦးစကြာသည် သံစဉ်တို့အိမ်ရှေ့ ရောက်သည် နှင့် ချက်ချင်းမဝင်သေးပဲ ခြေစုံရပ်၍ ကောင်းကင်ကို ကြည့်ကာ တစ်စုံတစ်ခုကို တီးတိုးရွတ်ဆိုနေလေသည်။ ထို့နောက်တွင်မှ အိမ်ထဲဝင်၍ အသင့်ခင်းပေးသော ဖျာပေါ်တွင်ထိုင်ရင်း ကွမ်း ယာတစ်ယာ ဝါး၍မြုံ့နေလေ၏။

"အိမ်ဆိုတာ ဘုရားစင်ရှိရတယ်၊ ဘုရားစင်ရှိမှ အိမ် စောင့်နတ်လည်းရှိလာမယ်၊ အခုအိမ်က ဘုရားစင်လည်းမရှိ . .၊ ပြီးတော့ တောစပ်မှာ၊ သစ်ကြီးဝါးကြီး ပေါတဲ့နေရာမှာ၊ ဒီတော့



www.burmeseclassic.com

www.burmeseclassic.com



လမိုင်းတွေ အလွယ်တကူ ဝင်နိုင်ထွက်နိုင်တာပေါ့"

ထိုအိမ်၌ ဘုရားစင်လုံးဝမရှိပေ။ အမြဲတစေလူမနေ၍ ဦးလေးဖြစ်သူက မပြုလုပ်ခဲ့ခြင်းပေလောဟု သံစဉ်တွေးနေမိ၏။

ထို့နောက် ဆရာကြီးသည် လွယ်အိတ်ကြီးထဲမှ ကြေးဝါပြားလေးများကိုထုတ်ကာ အင်းကွက်များ၊ စမများ ရေးဆွဲရန်ပြင်တော့၏။ ထိုသို့မဆွဲခင်. . .

"အဘ အင်းစမတွေဆွဲစဉ်ကာလမှာ အဘကို လာပြီးစကားမပြောကြနဲ့၊ အနီးအနားမှာပဲစောင့်နေ၊ စကားပြောရင် အင်းက မအောင်တော့ဘူးကွဲ့၊ အင်းကျိုးခြင်းရှစ်ပါး၊ အင်းကန်းခြင်းရှစ်ပါး၊ အင်းပေါက်ခြင်းရှစ်ပါးဆိုတာရှိတယ်၊ ဒီအင်းအိုင်စမပညာရပ်တွေဟာ လွန်စွာမှစည်းကမ်းကြီးတယ်၊ သတိမှတ်ချက်တွေများတယ်၊ အင်းကောင်းတစ်ကွက်ရဖို့ မလွယ်ပေဘူး၊

ဒီပညာရပ်တွေကလည်း လူအယောက်တစ်သိန်းမှာတစ်ယောက် ပေါက်မြောက်ဖို့ ခဲယဉ်းပေတယ်ကွဲ့၊ အမိက,ကတော့ အင်းဆွဲသူက သီလ၊ သမာဓိ၊ စရဏအားတွေ ပြည့်ဝနေရမယ်၊ အချိန်အခါ နက္ခတ်ကောင်း ရွေးချယ်တတ်ရမယ်၊ အင်းစည်းကမ်းတွေ အတိအကျလိုက်နာရမယ်၊ အထက်ပုဂ္ဂိုလ်တွေနဲ့ အဆက်အသွယ်ရှိရမယ်၊ ဒါမှ အစွမ်းထက်တဲ့ အင်းကောင်းတစ်ကွက် ဖြစ်တာကလား"

ထိုကြောင့်လည်း ရဲမိုးနှင့် သံစဉ်တို့မှာ စကားတစ်စုံတစ်ရာမဆိုဝံ့တော့ဘဲ ဆရာကြီးအနီးတွင် ငြိမ်သက်စွာထိုင်နေကြတော့၏။ ထိုအတောအတွင်း အမိုးတို့လင်မယား ရောက်လာ၍



www.burmeseclassic.com

www.burmeseclassic.com



ရင်းတို့နှင့်ပါလာသော ကန်တော့ပွဲများကို ပြင်ဆင်ပေးကြရ၏။ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိပေးရ၏။

ဆရာကြီးက ဆွဲပြီးသော အင်း၊ စမကြေးပြားများကို ကန်တော့ပွဲရှေ့တွင် ဂါထာမန္တန်များ မန်းမှုတ်နေပြန်သည်။ နောင်တွင် ပြောပြချက်အရ ထိုသို့ပင် အင်း၊ အိုင်၊ စမများကို ရေးဆွဲပြီးပါက သနချေခြင်း၊ သိဒ္ဓိတင်ခြင်း၊ အစောင့်သွင်းခြင်း၊ ဂြိုဟ်ကပ်ခြင်း၊ နက္ခတ်ယှဉ်ခြင်း၊ အင်းဟိန်းမန္တန်ဖြင့် နှိုးခြင်း၊ အသက်သွင်းခြင်း စသော ဆိုင်ရာဆိုင်ရာ ဂါထာမန္တန်များကို ရွတ်ဆိုမန်းမှုတ်ရကြောင်း သိရသည်။

"ကဲ. . . သားနဲ့သမီးက ဒီလက်ဖွဲ့တွေကို တစ်ယောက်တစ်ခုစီ လည်ပင်းမှာစွပ်ထားကြ၊ ဘယ်မကောင်းဆိုးဝါး၊ နတ်ဆိုးနတ်ယုတ်မှ အနားမကပ်နိုင်ဘူး၊ ထိခိုက်အောင် မနှောင့်ယှက်နိုင်တော့ဘူး၊ ပညာသည်တို့ရဲ့ မကောင်းတဲ့အတတ်၊ စက်ကြိုးတွေမကျရောက်နိုင်ဘူး၊ ဒါဟာ. . သားတို့သမီးတို့အတွက် ကိုယ်ခံကိုယ်လုံ အင်းစမတွေပဲ. . "

ထိုသို့ဆိုကာ လက်ဖွဲ့နှစ်ခုကိုပေး၍. . နှစ်ယောက်စလုံး လည်ပင်းမှာ စွပ်လိုက်ကြတော့သည်။ ထိုနောက် ဆရာကြီးက အမိုးတို့လင်မယားအား စေခိုင်းပြန်သည်။

"အမိုးက ငှက်ပျောရွက်တွေသွားခူးချေ၊ ပြီးရင် အဲဒီပေါ်မှာ ဝက်သားနဲ့ထမင်းဆုပ်ကိုထည့်ထား၊ သုံးပွဲပြင်ထား၊ ဖထီးက ဟောဒီထုံးမန်းကို သစ်ပင်တွေမှာ ဝတွေသွားကွင်းရမယ်. . လုပ်ဝံ့ရဲ့လား. . ."



www.burmeseclassic.com

www.burmeseclassic.com



"လုပ်ဝံ့ပါတယ်ဆရာကြီး. . ."

ဖထီးကဆို၍ ထုံးမန်းကို သံပုံးအလွတ်တစ်ခုတွင်ထည့်၍ ရေနှင့်ဖျော်ကာ ထွက်သွား၏။

ဆယ့်ငါးမိနစ်ခန့်ကြာသော် ဖထီးပြန်ရောက်လာသည်။ သူ့တစ်ကိုယ်လုံး ချွေးများစိုရွှဲနေ၏။ သူ့ဟန်အတိုင်း အာပေါင်အာရင်းသန်သန်ဖြင့် အခုလိုရှင်းပြ၏။

"ဆရာကြီးခိုင်းတဲ့ သစ်ပင်တွေမှာ ဝတွေလိုက်ကွင်းပါတယ်၊ အဲဒီမှာ မိုးမရွာ လေမတိုက်ဘဲ သစ်ကိုင်းကြီးကျိုးကျတယ်၊ အရှောင်မြန်လို့၊ နို့မို့ဆို ငယ်ထိပ်တည့်တည့်ပဲဝေ၊ ပြီးတော့ ပြောရအုံးမယ်. . ချုံပုတ်ထဲက မြွေဟောက်တွေ ထွက်လာတာ အများကြီးပဲ၊ ငါတောင်လန့်သွားတယ်၊ ဒါပေမယ့် ဒီကောင်တွေ အနားမလာဝံ့ပါဘူး၊ ပြီးတော့ သူ့ဟာသူ အလျှိုလျှိုထွက်ပြေးသွားကြတယ် ဆရာကြီး"

ဆရာကြီးက ပြုံး၍ ခေါင်းညိတ်ကာ နားထောင်နေ၏။

"ဒီလိုပဲ. . ဒီကောင်တွေက နည်းနည်းတော့ နှောင့်ယှက်ကြမှာပဲလေ၊ သူတို့ရည်ရွယ်ချက်တွေ ပျက်တော့မှာကိုး၊ ဒါပေမယ့် စိတ်မပူကြပါနဲ့. . ဒင်းတို့ဘာမှမတတ်နိုင်ကြပါဘူး၊ ဒီထုံးမန်းက တောင်ထိပ်ဆေး၊ အကွဲရာဆေးနဲ့ မှိုင်းဆေးတွေပါ ပေါင်းစပ်ထားတာ၊ အမိန့်တော်လည်း ထုတ်ပြန်ထားပြီးသား၊ တောပိုင်၊ တောင်ပိုင်တွေနဲ့ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးကိုလည်း တိုင်တည်ထားတယ်၊ သင့်တင့်မျှတစွာ နေရာချပေးဖို့၊ သူတို့ရဲ့ အုပ်ချုပ်ထိန်းကွပ်မှုအောက်မှာ ရှိစေဖို့. . ."ဟုရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်ဆက်လက်၍ အမိုးဘက်သို့လှည့်ကာ. .

"ကဲ. . . ခင်ဗျားက ဝက်သားနဲ့ထမင်းကို ငှက်ပျောရွက်နဲ့ ခင်းပြီး သုံးနေရာခွဲပြီး သွားချပေးပါ၊ ဒါတွေပြီးရင်တော့ အရေးကြီးဆုံး လုပ်ငန်းတစ်ခုကို လုပ်ရမယ်၊ လုပ်ရမှာက ညဘက် လမြင်ချိန်မှာ လုပ်ရမှာ. .

ဒီတော့ အဘလည်း ဒီည ဒီမှာနေပြီး လုပ်မယ်၊ မိစ္ဆာတွေကို အမြစ်ဖြတ်ချေမှုန်းဖို့ပေါ့၊ ဒီကိစ္စက အရမ်းအရေးကြီးတယ်၊ အန္တရာယ်လည်းများတယ် အမှားခံလို့မဖြစ်ဘူး၊ ငါ့သားတို့ရဲ့ အကူအညီလည်း လိုတယ်ကွဲ့ "

"ဟုတ်ကဲ့ပါအဘ. . . လိုအပ်တာပြောပါအဘ"

ဆရာကြီး ဦးစကြာသည် မိစ္ဆာအမြစ်ပြတ် သုတ်သင်ပွဲအတွက် စီရင်စရာရှိသည်များကို တကုပ်ကုပ်ပြုလုပ်နေပါတော့၏။

အမှောင်ရှိလျှင် အလင်းရှိရမည်။ အမှောင်က ထာဝရ မကြီးစိုးနိုင်၊ မမွန်နှင့်အစမ္မတို့၏ နောက်ဆုံးတိုက်ပွဲကား မကြာမီကာလအတွင်း စတင်တော့မည် ဖြစ်လေသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



ဆုံးဖြတ်ချက်ပိုင်နိုင်စွာဖြင့် သံစဉ်က ဓားရိုးကို လက်နှစ်ဖက်ဖြင့် စုံကိုင်သည်။ ထိုးရမည့်နေရာကို တစ်ချက်စူးစိုက်ကြည့်သည်။ ထို့နောက် မျက်စိစုံမှိတ်၍ အားကုန်ထိုးချလိုက်သည်။ ဓါးသွားက ရဲမိုး၏ ဘယ်ဘက်ရင်အုံကိုဖောက်၍ အဆုံးထိ...။

# အခန်း(၁၈)

ညသည် ထူးခြားစွာတိတ်ဆိတ်နေ၏။

ခါတိုင်းညများလို ပုရစ်အော်သံ၊ ပုစဉ်းအော်သံ၊ သတ္တဝါငယ်လေးများ၏ အော်သံကိုလည်း မကြားရ။ အဘယ်ကြောင့် ထိုသို့ဖြစ်ရသည်ကိုလည်း ရဲမိုးတို့နားမလည်နိုင်တော့ပေ။

တိတ်ဆိတ်မှုက ခြောက်လှန့်မှုတစ်ခုလို ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောတိတ်ဆိတ်ခြင်းကား မဟုတ်နိုင်၊ မုန်တိုင်းမကျမီ ပင်လယ်ပြင်၏ တိတ်ဆိတ်မှုမျိုးဖြစ်နေ၏။

ဆရာကြီးဦးစကြာက အုန်းငှက်ပျောပွဲကို စားပွဲတစ်လုံးပေါ်တွင် တင်ထားပြီး ပွဲပတ်လည်၌ ဖယောင်းတိုင်ကိုးတိုင်ကို ဝိုင်းပတ် ထွန်းညှိပူဇော်ထား၏။ အမွှေးနံ့သာတိုင်များလည်း ထွန်းညှိထား၍ အခိုးငွေ့ဖြူများက တစ်အိမ်လုံး သင်းလှိုင်ရစ်သိုင်းနေသည်။

ဆရာကြီးကား မည်သူနှင့်မျှစကားမပြောပဲ သူ၏ ကြီးမားသောပုတီးကြီးကိုသာ တချောက်ချောက်ဖြင့် စိပ်နေပါတော့သည်။ ပုတီးလုံးများမှာ ကြီးမားပြီး နက်ပြောင်နေ၍ ဆရာကြီး၏ လုပ်အားကို မှန်းဆမိနိုင်သည်။

မျက်လွှာကိုချ၍ တည်ငြိမ်စွာဖြင့် ပုတီးစိပ်နေသော ဆရာကြီး၏အသွင်ပြင်ကား ရဲရင့်တည်ကြည်လှပေ၏။

ဆရာကြီး၏နောက်ဘက်တွင်တော့ ရဲမိုးနှင့် သံစဉ်တို့နှစ်ယောက်က ယှဉ်တွဲနေသလို တစ်ဖက်တွင်လည်း အမိုးတို့လင်မယားနှစ်ယောက်က ငြိမ်သက်စွာရှိနေ၏။ ဆရာကြီး ပုတီးစိပ်နေသောကြောင့် တစ်ယောက်နှင့်တစ်ယောက် စကားမျှပင်မဆိုဘဲ အားလုံးမှာ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြပေသည်။

နာရီဝက်ခန့်အကြာမှာတော့ဆရာကြီး၏ ပုတီးစိပ်ခြင်းအမှုမှာ ပြီးဆုံးသွားသည်။ သို့တိုင်အောင် အမျှဝေခြင်း၊ မေတ္တာပို့ခြင်း စသောအလုပ်များအတွက် ဆယ်မိနစ်ခန့် ထပ်စောင့်လိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



အားလုံးပြီးစီးသွားသောအခါတွင်မှ ဆရာကြီးက. . .

"အခုည ဆယ့်နှစ်နာရီထိုးတဲ့အချိန်၊ လမြင်တဲ့အချိန်မှာ စည်းကိုပြန်ဖွင့်ပေးမယ်၊ သူတို့မိစ္ဆာခေါင်းဆောင်ကြီးကို ဒီအိမ်ထဲ အရောက်ခေါ်မယ်၊ ဒီအတွက် ငါ့သားရဲ့အကူအညီလိုတယ်၊ ငါ့သားတင်မကဘူး ငါ့သမီးကလည်း ရဲရဲဝံ့ဝံ့လုပ်ဆောင်ရမယ့် တာဝန်ရှိတယ်၊ အားလုံးက နာမ်ကိန်းပြီးလုပ်ကြရမှာ၊ အမှား မခံပဲ အဘညွှန်ကြားထားတဲ့အတိုင်း အတိအကျလုပ်ကြရမယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာအဘပြောပါမယ်"

ဆရာကြီးဦးစကြာက အစီအစဉ်အသေးစိတ်ကို ပြော လေသည်။

ဆရာကြီး၏အစီအစဉ်ကို ကြားသိပြီးသောအခါ ရဲမိုးနှင့် သံစဉ်တို့မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး မျက်လုံး ပြူးသွားကြရကုန်၏။ ဆရာကြီး၏အစီစဉ်က အန္တရာယ်များလွန်း လှသလို ကြောက်စရာလည်းကောင်းနေ၏။

ဆရာကြီးပြောသလိုပင် အမှားမခံကြောင်း၊ ဆံချည်မျှင် တစ်မျှင်မျှ အလွဲမခံကြောင်း သိလိုက်ကြရ၍လည်း နှစ်ယောက် စလုံး ရင်တထိတ်ထိတ်ဖြင့် သက်ပြင်းချလိုက်မိကြသည်။

ရေသောက်မြစ်ကိုဖြိုမှ ပင်စည်တစ်ခုလုံးသေနိုင်ကြောင်း ဆရာကြီး၏စကားများကြောင့် မလွဲမသွေခေါင်းညိတ်နာခံလိုက် ကြရသည်။ အဓမ္မဝါဒီ မစိုးမိုးရေး၊ အမှောင်ကမ္ဘာ မလွှမ်းမိုးရေး အတွက် သူတို့တတွေ စွန့်စားကြရမည်။

သူတို့နှစ်ဦးနှင့်ဆိုင်သော ကိုယ်ရေးကိုယ်တာ ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမဟုတ်၊ ပရဟိတနှင့်ဆိုင်သော လုပ်ငန်းစဉ်သာဖြစ်သည်။ ထိုအချက်ကိုနားလည်သဘောပေါက်ရန် ဆရာကြီးကလည်း ပြည့်ပြည့်စုံစုံ ရှင်းပြထားပြီးဖြစ်သည်။

ထိုအတွက် ချစ်သူနှစ်ယောက်လက်တွဲ၍ စွန့်စားကြရတော့မည်။ တစ်ချက်တိမ်းစောင်းသွားသည်နှင့် ကြီးမားသောဆုံးရှုံးမှု၊ ဖြေမဆည်နိုင်သော နစ်နာမှုများနှင့် ကြုံကြိုက်ရမည်ဖြစ်၍ မပေါ့ဆရဲကြပေ။

ဆရာကြီးက အမိုးတို့လင်မယားနှစ်ယောက်ကိုပါ စမလက်ဖွဲ့များပြုလုပ်ပေး၍ လည်ပင်းတွင်ဆွဲထားစေ၏။

ထို့နောက် ထုံးမန်းဖြင့် စည်းဝိုင်းတစ်ခုကို ရေးဆွဲနေလေတော့သည်။

ညဆယ့်နှစ်နာရီထိုးရန် သူတို့တွေ အတော်သည်းခံ၍ စောင့်ဆိုင်းနေကြရသည်။

အချိန်ပေါင်းများစွာကို အသံတိတ်ကျော်ဖြတ်ခဲ့ရသည်။

ဤသို့ဖြင့် ညဆယ့်နှစ်နာရီထိုးခဲ့ပါပြီ။

"သုံးမိနစ်ထက် အချိန်ပိုမရဘူးနော်၊ လုပ်ဆိုတာနဲ့ လုပ်ကြတော့"

"ဟုတ်ကဲ့ပါအဘ"

ဆရာကြီးက အမှားအယွင်းမရှိအောင် အထပ်ထပ်အခါခါ မှာကြားနေ၏။

"ကဲ. . . ငါ့သား၊ ဒီမှာလာထိုင်. . ."

ရဲမိုးကို စတင်ခေါ်ယူလိုက်၏။ ထို့နောက် ကျန်နေတဲ့သူ



www.burmeseclassic.com

www.burmeseclassic.com



တွေဘက် လှည့်၍. .

"မီးတွေပိတ်လိုက်ကြ၊ ဖယောင်းတိုင်ကိုလည်း တစ်တိုင်ပဲ ပွဲမှာထွန်းထား၊ ကျန်တဲ့ဖယောင်းတိုင်တွေ ငြိမ်းလိုက်၊ အမွှေးတိုင်ကတော့ ခပ်များများထွန်းထား"

မီးအလင်းရောင်တွေလျော့သွား၍ သူတို့ ကြောက်လန့်အားငယ်သလို ခံစားနေကြရသည်။

ဆရာကြီးညွှန်ကြားသည့်အတိုင်း အားလုံးက ထုံးစည်းဝိုင်းအတွင်း ဝင်လိုက်ကြသည်။ ရဲမိုးမှာ ဆရာကြီးနှင့် မျက်နှာချင်းဆိုင် ထိုင်နေ၏။ ဆရာကြီးက ရဲမိုး၏မျက်လုံးကို စူးစိုက်ကြည့်၍ တစ်စုံတစ်ရာကို ခပ်တိုးတိုး ရွတ်ဆိုနေသည်။

ရဲမိုးမှာ ဆရာကြီးကို မျက်တောင်မခတ်စိုက်ကြည့်နေရင်းမှ ရီဝေဝိုးတဝါးဖြစ်လာ၏။ ဆရာကြီး၏ပုံရိပ်က ဘယ်ကိုခွဲလိုက်၊ ညာကိုခွဲသွားလိုက်နှင့် နှစ်ယောက်သုံးယောက် ဖြစ်နေသလို ရဲမိုးခံစားနေရသည်။

ဆရာကြီး၏ စူးရဲတောက်ပသော မျက်လုံးစွမ်းအားက ရဲမိုး၏တစ်ကိုယ်လုံးကို ထွင်းဖောက်မတတ်ကြည့်နေ၍ ရဲမိုးမှာ မခံနိုင်တော့ပဲ မျက်လုံးများက ရီဝေသထက် ရီဝေလာခဲ့လေသည်။ မျက်ခွံများက ပိဿာအလေး ချိတ်ဆွဲထားသလို လေးလံလာပြီး သူ့ဦးခေါင်းထဲမှာလည်း 'တဝီဝီ' လည်ပတ်လျက် အသိစိတ်က မိတစ်ချက်၊ မမိတစ်ချက် ဖြစ်နေပြန်သည်။

"မင်းမှာ အသိစိတ်မရှိတော့ဘူး၊ မင်းအိပ်ပျော်သွားပြီ"

ဆရာကြီး၏ အမိန့်ပေးသံအဆုံးတွင် ရဲမိုး၏ မျက်စိ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လုံးက လုံးဝပိတ်ကျသွားခဲ့ရသည်။ ရဲမိုး၏အသိစိတ်ကား ယာယီချုပ်ငြိမ်းနေလေပြီ။

သူသည် ထိုင်လျက်နှင့် အိပ်မောကျသူတစ်ယောက် ဖြစ်သွားလေပြီ။ ဆရာကြီးက ဖထီးကိုကြည့်၍ ခေါင်းတစ်ချက် ညိတ်ပြလိုက်ရာ ဖထီးက သွက်လက်စွာထ၍ ရဲမိုး၏ခန္ဓာကိုယ်အား လှဲချပေးလိုက်တော့၏။ ထိုသို့ပြုလုပ်ရန်လည်း ဖထီးကို ဆရာကြီးက ကြိုတင်ညွှန်ကြားထားပြီးဖြစ်၏။

လူတစ်ယောက်အိပ်နေသော အနေအထားတိုင်းဖြစ်အောင် ဖထီးက ရဲမိုးခန္ဓာကိုယ်အား ပြုပြင်ပေး၏။ ထိုမြင်ကွင်းကြောင့် သံစဉ်မှာ အလိုလိုနေရင်း ရင်တလှပ်လှပ်ခုန်လာခဲ့သည်။ စိုးရိမ်ပူပန်မှုများကြောင့် အသက်ရှူသံပင်မမှန်ချင်တော့. . .

ဆရာကြီးသည် အဝါရောင်ဆေးမှုန့်အချို့ကို ရဲမိုး၏ငယ်ထိပ်မှခြေဖျားအထိ ဖြူးချနေ၏။ ပါးစပ်မှလည်း အသံခတ်တိုးတိုးဖြင့် တဖွဖွရွတ်နေလေရာ "ဉုံ"တစ်လုံးသာ ပီပီသသ ကြားနေရသည်။

"ကဲ. . . ငါဆရာပင့်ခေါ်တယ်၊ မဆိုင်းမတွ ကြွရောက်စေ၊ ဤနေ့ တနင်္လာသား၏ ခန္ဓာကိုယ်နာမ်ကိန်းစေ၊ မရောက်မနေရ၊ အချိန်ပေးထားတဲ့ ခွင့်ပြုထားတဲ့ ကာလအတွင်း ရောက်စေ. . ."

တိတ်ဆိတ်မှုကိုဖြိုခွင်း၍ ဆရာကြီး၏အသံက ဟိန်း ထွက်လာသည်။ ဆရာကြီး၏ အောင်မြင်ခန့်ညားသော အမိန့်ပေးသံအဆုံးမှာ တရှဲရှဲမြည်သံကြီးကို စတင်ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အသံက လေတိုက်ခတ်၍ သစ်ရွက်များ လှုပ်ယမ်းမြည်ဟည်းသော အသံမျိုးဖြစ်သည်။

"ဝုန်း!. . ဒိုင်း!. . ဂွပ်!. ."

သွပ်ပြားအသံများက ဆူညံစွာထွက်ပေါ်လာသည်။ ခေါင်မိုးသွပ်ပြားများပေါ်သို့ တစ်စုံတစ်ယောက် တက်လာသလိုမျိုး အသံတွေကြားနေရ၏။ သံစဉ်မှာလည်း ခေါင်းမိုးပေါ်မော့ကြည့်ရင်း ကြက်သီးတွေ တဖြန်းဖြန်းထနေမိသည်။

အခန်းထဲမှာ ထွန်းထားသော ဖယောင်းတိုင်တစ်တိုင်၏ အလင်းရောင်အားက ကောင်းစွာမလုံလောက်ပေ။ အမှောင်ရိပ်တပိုများ၏။ ရဲမိုးကတော့ ပက်လက်ဆန့်ဆန့်ကြီး၊ လူသေကောင်အလား. . .

အိပ်ပျော်နေသည်ဆိုတာထက် အသက်ဝိညာဉ်ကင်းမဲ့နေသည်နှင့် ပိုတူလှ၏။ အခန်းထဲမှာ အခိုးငွေ့များက ပိုများလာသည်။ အမွှေးတိုင်အငွေ့ဆိုတာထက်ပိုသော အခိုးငွေ့များက အခန်းထဲမှာ လွင့်မျောပျံ့နှံ့လာ၏။

ရုတ်တရက်ဆိုသလို အခန်းနံရံပေါ်မှ ထွက်လာသော မျက်နှာမည်းမည်းကြီးတစ်ခု. . .

လူတစ်ယောက်၏ မျက်နှာဆိုသော်လည်း ရက်စက်ယုတ်မာတတ်သည့် အရုပ်ဆိုးမျက်နှာပုံစံမျိုးဖြစ်ပြီး တရိပ်ရိပ်တငွေ့ငွေ့ဖြင့် ပုံရိပ်က ထင်ရှားပီပြင်လာသည်။ ခန္ဓာကိုယ်တစ်ခုလုံးကိုပါ အားလုံးတွေ့လိုက်ကြရ၏။

ထိုသူကား ဦးအဂ္ဂပင်တည်း. . ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ပုံစံက အားမတန်၍ မာန်လျှော့ထားသော်လည်း. . အခဲကြေပုံတော့မတူပေ။ ဆရာကြီးဦးစကြာကို အံကြိတ်၍ ကြည့်နေ၏။

"အင်း. . . ရောက်လာပြီပေါ့၊ ကဲ. . ငါ့ဆရာရှေ့ လက်ပြန်ကြိုးတုပ်ပြီး ရောက်စေ. . ."

ဆရာကြီး၏ အမိန့်အသံအဆုံးတွင် အံ့ဖွယ်ရာမြင်ကွင်းကို တွေ့လိုက်ကြရသည်။ ဦးအဂ္ဂသည် သူ၏လက်နှစ်ဖက်တို့ တင်ပါးနောက်ဘက်သို့ တဖြည်းဖြည်းချင်းရွေ့လိုက်ပြီး ကြိုးချည်ထားသကဲ့သို့ ပူးကပ်၍နေ၏။ မမြင်ရသောကြိုးဖြင့် လက်ပြန်ကြိုး တုပ်ခံလိုက်ရသလိုပင် ဖြစ်သွားသည်။

"တရားပွဲလို့ မရလောက်အောင် ဆိုးသွမ်းနေတဲ့ မင်းအတွက်အဖြေက တစ်ခုတည်းပဲ၊ ဒီအတွက် ဟောဒီတနင်္လာသားလိပ်ပြာရှင်ကိုယ်ထဲ စိမ့်ဝင်စမ်း"

ဆရာကြီးသည် လေသံမာမာဖြင့် အမိန့်ပေးသည်။

သို့သော် ဦးအဂ္ဂသည် အံကိုကြိတ်၍ မလှုပ်မယှက်နေနေ၏။ သူရရှိမယ့် အပြစ်ဒဏ်ကို ကောင်းစွာသိနေပုံရ၏။

"ဘာလဲ. . . မင်းခေါင်းမာဦးမလို့လား၊ ဝင်ရမယ့်အတူတူ ကောင်းမွန်ညင်သာစွာ ဝင်မလား၊ နဂါးပတ်ကျော့ကွင်းနဲ့ ဝင်ခိုင်းရမလား၊ ကြိုက်ရာရွေးစမ်း. . ."

ဦးအဂ္ဂက 'နဂါးပတ်ကျော့ကွင်း' ဟုကြားလိုက်ရသည်နှင့် တွန့်ခနဲဖြစ်သွား၏။ ဆရာကြီးကို နာကြည်းမုန်းတီးစွာကြည့်ရင်း ရဲမိုး၏ခန္ဓာကိုယ်ထဲ စိမ့်ဝင်ပျောက်ကွယ်သွားတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရဲမိုး၏ မလှုပ်မယှက်ခန္ဓာကိုယ်မှာ ဆတ်ခနဲ၊ တွန့်ခနဲ အကြောဆွဲသလိုဖြစ်သွား၏။

ထို့နောက်. . "အင်း. . . အဲ" အသံပေးရင်းမှ ဆတ်ခနဲ ခန္ဓာကိုယ်ကြီး ထထိုင်လာသည်။ မျက်လုံးအစုံကလည်း ဖျတ်ခနဲ ပွင့်လာလေသည်။ သို့သော် ရဲမိုး၏ မျက်လုံးနှင့်တော့ မတူတော့။ သူ့မျက်လုံးအစုံက နီရဲတောက်ပ၍ အခိုးအလျှံများထွက်နေကာ ခက်ထန်သော မျက်လုံးအစုံဖြင့် ဆရာကြီးကို မျက်တောင်မခတ် ကြည့်နေ၏။

ကြိုတင်ညွှန်ကြားထားသည့်အတိုင်း ဖထီးက ဆရာကြီး ထံမှ ဆေးလုံးလေးတစ်လုံးကိုယူ၍ ရဲမိုး၏ပါးစပ်ထဲ ထည့်လိုက် ၏။ သို့သော် ပါးစပ်ကိုမဖွင့်ပဲ တင်းတင်းပိတ်ခံနေ၍ ဖထီးက လည်စလုတ်ကို ဆတ်ခနဲ ဆွဲချလိုက်သည်။

ဟသွားသောပါးစပ်ထဲသို့ ဆေးလုံးကိုထိုးထည့်၍ ခေါင်း တိုဆွဲမော့ကာ ပါးပြင်ကို ခတ်ဆတ်ဆတ်ရိုက်လိုက်ရာ ဆေးလုံး မှာ လည်ချောင်းထဲရောက်သွားတော့သည်။ ထို့နောက် ဖထီးက သူ့ခန္ဓာကိုယ်အား ပက်လက်အနေအထားသို့ ပြန်ဆွဲချလိုက်တော့ ၏။

တစ်မိနစ်ပင်မကြာလိုက်. .၊ သူ့ခန္ဓာကိုယ်၏ ဒွါရ ကိုး ပေါက်မှ အဝါရောင်အခိုးအငွေ့များ အူထွက်လာသည်။ နား၊ နှာခေါင်း၊ ပါးစပ်တို့မှ အခိုးများထွက်နေသည်ကို အထင်အရှား မြင်နေရ၏။ ထို့အတူ ဦးအဂ္ဂ၏ ညည်းတွားရှိုက်ခေါ်သံကြီး လည်း ထွက်ပေါ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အီး!. . . အား!. . . ဝူး!. . . ဝူး!. . ."

ဗလုံးဗထွေးအော်ဟစ်နေသလို သူ့ခန္ဓာကိုယ်မှာလည်း တီကောင်ဆားပက်သကဲ့သို့ တွန့်လိမ်ကောက်ကွေးနေပါတော့သည်။

"အား!. . . အင်း!. . . အီး!. . ."

တိရစ္ဆာန်ရိုင်းတစ်ကောင်၏ သေအံ့မူးမူး မချိမဆန့် ညည်းတွားသံမျိုးနှင့် အော်ဟစ်၍ ဝေဒနာတစ်ရပ်ကို အလူးအလဲ ခံစားနေရဟန်တူသည်။

"ကဲ. . . သမီး၊ အချိန်ကျပြီ"

ဆရာကြီးက သံစဉ်ကို ကြည့်၍လှမ်းပြောလိုက်သည်။

သံစဉ်မှာ ဆရာကြီးကိုတစ်လှည့်. . ရဲမိုးကိုတစ်လှည့် ကြည့်ရင်း ဝေခွဲမရ ဖြစ်နေပုံရ၏။ တစ်စုံတစ်ရာကို ဆုံးဖြတ်ရ ခက်နေဟန်ဖြင့် ချီတုံချတုံဖြစ်ကာ ကတုန်ကယင်ဖြစ်ရှာသည်။

"အချိန်မရှိဘူးသမီး၊ သုံးမိနစ်ပဲအချိန်ရမယ်၊ ကျော်သွား ရင် မအောင်တော့ဘူး၊ အားလုံးအတွက် အန္တရာယ်ရှိတယ်၊ တွေ ဝေမနေနဲ့ ငါ့သမီး"

ဆရာကြီးက ထပ်မံသတိပေးတော့မှ သံစဉ်မှာ သတိဝင် လာဟန်ဖြင့် ဆေးစီရင်ထားသော ဓါးမြှောင်ကိုထုတ်ယူ၍ ဆုပ် ကိုင်လိုက်သည်။

ရဲမိုးအနီးသို့တိုးကပ်၍ အထိတ်တလန့်ဖြင့် ကြည့်နေ၏။ ထိုဓါးမြှောင်ဖြင့် ရဲမိုး၏ နှလုံးသားတည်ရာ ဘယ်ဘက်ရင်အုံသို့ အဆုံးထိုးစိုက်ချရမည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုတာဝန်အတွက် သူမမှာ ဝန်လေးနေမိသည်။ ချစ်ရသောချစ်သူ၏ ရင်အုံကို ဓါးနှင့်ထိုးစိုက်ရမည်တဲ့. . ၊ ထိုအတွက် သံစဉ်၏နှလုံးသားမှာ တလှပ်လှပ်ဖြစ်နေ၏။ ချွေးသီးချွေးပေါက်များလည်း စီးကျလာ၏။ ဓါးကိုင်ထားသောလက်မှာ တဆတ်ဆတ်တုန်ခါလျက် ချွေးပျံနေ၏။

"လုပ်လေ. . သမီး၊ လုပ်တော့ . . ."

ဆရာကြီးက စိုးရိမ်သောလေသံဖြင့် တိုက်တွန်း၏။

သံစဉ်၏တစ်ကိုယ်လုံး တဆတ်ဆတ်တုန်ခါနေ၏။ ချစ်မြတ်နိုးရသောချစ်သူကို ဓါးနှင့် ကိုယ်တိုင်ထိုးစိုက်ရန်အတွက်. . သူမှာသတ္တိမရှိ၊ မောပန်းစွာ အသက်ရှူရင်းမှ မျက်လုံးတွေ ပြာဝေလာခဲ့ရသည်။

ဒွါရကိုးပေါက်မှ အခိုးငွေ့များကား ထွက်နေတုန်းဖြစ်သည်။ သို့သော် စောစောကလောက် မများတော့၊ ခပ်ပါးပါးဖြင့် တငွေ့ငွေ့ တလူလူ ထွက်နေပါပြီ။

"အခိုးစဲတော့မယ် အမြန်လုပ်ပါ၊ သမီး တွေဝေမနေနဲ့ ထိုးစိုက်တော့. . ."

ထိုမိစ္ဆာကောင်ကြီးလွတ်သွားလျှင် လူသားများအတွက် အန္တရာယ်ကမသေး၊ အများနှင့်တစ်ယောက် လဲရတော့မည်။ ခမ္မကို အစမ္မလွှမ်းမိုးခံ၍မဖြစ်၊ အမှောင်ကို အလင်းဖြင့်သာ ဖုံးလွှမ်းရပေမည်။

ဆုံးဖြတ်ချက်ပိုင်နိုင်စွာဖြင့် သံစဉ်က ဓားရိုးကိုလက်နှစ်ဖက်ဖြင့် စုံကိုင်လိုက်သည်။ ထိုးရမည့်နေရာကို သေချာစူးစိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သည်။ ထို့နောက် မျက်စိကိုစုံမှိတ်၍ အားကုန်ထိုးစိုက်ချလိုက်ပါတော့သည်။ ဓါးသွားက ရဲမိုး၏ဘယ်ဘက်ရင်အုံကို ဖောက်၍ အဆုံးထိ. . .

"စွပ်!. . . အား!. . . အား!. . . အား!. . ."

ကြောက်မယ်ဖွယ်အသံနက်ကြီးဖြင့် ဟစ်၍အော်လိုက်သော ဦးအဂ္ဂ၏အသံ. .။ ရင်အုံမှ အနီးရောင်သွေးများအစားအစိမ်းရောင်ပျစ်ပျစ်ချွဲချွဲအရည်များက တပွက်ပွက်ထွက်လာ၏။

အော်ဂလီဆန်ဖွယ် အနံ့ဆိုးကြီးကြောင့်. . အားလုံး နှာခေါင်းရှုံ့လျှက်. .။

သံစဉ် နောက်သို့လန်ကျလာ၍ အမိုးက အလိုက်သင့်ဖေးကာ သူ့ရင်ခွင်ထဲ ဆွဲပွေ့ထားလိုက်သည်။ အမိုး ရင်ခွင်ထဲမှာ သံစဉ်က တသိမ့်သိမ့်ရှိုက်ငိုနေတော့၏။

"အား!. . . အီး!. . . အား!. . . "

ဦးအဂ္ဂ၏ နာနာကျင်ကျင်အော်ဟစ်သံက ထွက်ပေါ်နေဆဲ. . .၊ တစ်ကိုယ်လုံးလည်း တွန့်လိမ်ကောက်ကွေးနေ၏။

ဆယ်မိနစ်အထိ ထိုပုံစံအတိုင်းဖြစ်ပြီးနောက် ခန္ဓာကိုယ်က ငြိမ်သက်သွားပါတော့၏။ ဒွါရကိုးပေါက်မှ တလူလူထွက်နေသော အခိုးများလည်း စဲသွားလေပြီ။ ဦးအဂ္ဂ၏ အော်ညည်းသံကိုလည်း မကြားရတော့။ အရာရာသည် ပြန်လည်တိတ်ဆိတ်သွားခဲ့၏။

ထိုအခါကျမှ ဆရာကြီးလည်း 'ဟင်း'ခနဲ သက်ပြင်းချနိုင်ခဲ့သည်။ ကြည့်နေသူအားလုံးမှာလည်း အခုမှ အသက်ရဲရဲ ရှူရဲ



www.burmeseclassic.com

www.burmeseclassic.com



ကြတော့သည်။ သံစဉ်က အမိုးရင်ခွင်ထဲမှ လူးလဲထရင်း ရဲမိုးကို စိုးရိမ်တကြီး ကြည့်လိုက်သည်။

"သူ. . . သူသေပြီလား"

"သမီးချစ်သူ ဘာမှမဖြစ်ဘူးသမီး၊ စိတ်မပူပါနဲ့"

"သူ့ရင်အုံကဓါးလည်း မရှိတော့ပါလား"

"ဟုတ်တယ်သမီး၊ ဓါးက မိစ္ဆာကောင်ရဲ့ရင်အုံမှာစိုက်ပြီး ပါသွားပြီ၊ အခုလောက်ဆို အားလုံးတဖျစ်ဖျစ်လောင်မြိုက်ရင်း အငွေ့ပျံပျောက်ဆုံးသွားပါပြီ. . ၊ အန္တရာယ်ပေးမယ့် မိစ္ဆာကောင်လည်း ပျက်စီးချုပ်ငြိမ်းသွားပါပြီကွယ်"

သံစဉ်က မယုံနိုင်စွာဖြင့် ရဲမိုး၏ ရင်အုံကို လက်ဝါးဖြင့်အသာအယာပွတ်သပ်၍ စမ်းကြည့်သည်။ ဓါးဝင်သွားသော အရာအတိုင်း အကျီစုတ်ပြနေရုံမှအပ ရဲမိုး၏ ရင်အုံတွင်ခြစ်ရာ၊ ရှရာပင် မရှိပေ။ အော်ဂလီဆန်ဖွယ် အစိမ်းရောင်အရည်များလည်း မရှိတော့ပေ။

ထိုခဏမှာပင် ရဲမိုး မျက်လုံးပွင့်လာ၏။ သတိကောင်းစွာလည်လာဟန်ဖြင့် ငုတ်တုတ်ထထိုင်လိုက်သည်နှင့် သံစဉ်မှာ ပြေးဝင်ပွေ့ဖက်ရင်း တသိမ့်သိမ့် ရှိုက်ငိုရပါတော့၏။ ရဲမိုးကလည်း အလိုက်သင့်ပြန်ဖက်ရင်း နှစ်သိမ့်လိုက်သည်။

အပြာရောင်ဖဲကြိုးလေးတစ်စသည် သူတို့ချစ်သူနှစ်ဦးအကြား ခိုင်မြဲစွာ ချည်နှောင်မိလိုက်ပြီဖြစ်ပါတော့၏။

www.burmeseclassic.com

# ဇာတ်သိမ်း

မှောင် မိုက်မွှန်းကြပ်နေသော မြေပြင်ထဲမှ သူ ထိုးထွက်လိုက်သည်။ ခါတိုင်းလို ပေါ့ပေါ့ပါးပါး. . မရှိ။

မြေမျက်နှာပြင်ပေါ် ရောက်ဖို့အတွက် သူမှာ အတော်ကြိုးစားရုန်းကန်၍ ထိုးထွက်နေရသည်။ သူတိုးထွက်သည့်နေရာမှာ သစ်ရွက်ခြောက်များက ထူထပ်စွာရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



မြေသားကို စိမ့်ထွက်၍ထိုးဖေါက်ထွက်လာရာ သစ်ရွက်ခြောက်များက 'ရှဲ'ခနဲဖြစ်သွားရသည်။ ခေါင်းပြူထွက်လာချိန်တွင် ယုန်တစ်ကောင် ကြောက်လန့်တကြား ထွက်ပြေးသွားတာကို သူတွေ့လိုက်ရ၏။

အတော်ခပ်လှမ်းလှမ်းရှိ ကုန်းမြင့်ကလေးပေါ်တွင် ဖျဉ်ထောင်အိမ်လေးတစ်လုံး ရှိနေသည်။ ထိုအိမ်လေး၏ တံခါးများကို သော့ခတ်ထားသည်။ လူရိပ်လူယောင်မတွေ့၊ အသံလည်း မကြားရပေ။

"ဩော်. . . သူတို့ထွက်သွားကြပြီပေါ့"

ရင်ထဲနင့်ခနဲခံစားချက်နှင့်အတူ တစ်ကိုယ်လုံးကို မြေကြီးထဲမှ ထိုးထွက်လိုက်သည်။ ယူကျုံးမရ အခံရခက်စွာဖြင့် ထိုအိမ်ဆီ ရွေ့လာလိုက်သည်။

"ဝုန်း!. ."

"အား!. . ."

အိမ်အနားကပ်မိသည်နှင့် မီးညွန့်တွေတက်လာ၏။

မီးစည်းဝိုင်းကြီးတစ်ခုက အိမ်ကလေးကို ပတ်ပတ်လည်ဝိုင်းရံထား၏။ သူ အနားကပ်ခွင့်မရတော့. . .

"ဩော်. . . စည်းတွေခြားခဲ့ပြီကိုး"

သူတို့နှစ်ဦးကြားမှာ မမြင်ရသောစည်းတွေ အထပ်ထပ်ခြားနေခဲ့လေပြီ။ အရာရာသည် သူ့အတွက် များစွာနောက်ကျကျန်ရစ်ခဲ့ရပြီ။ မျှော်လင့်ချက်ဟူသော အကောင်အထည်က သူ့အတွက် မြူတစ်မှုန်မျှပင် မရှိတော့။ နှင်းစက်များလို နေရောင်



www.burmeseclassic.com

www.burmeseclassic.com



မြည်ထွက်လာတာနဲ့ ကွယ်ပျောက်ခဲ့ရသလို သူ့ဘဝသည်လည်း ရှင်းနှယ်ပင်. . .

"ချွင်!. . . ချလွင်!. . . ချလွင်!. . ."

ခေါင်းလောင်းသံတစ်ခု. . .

ကြည့်လိုက်တော့ မြေနီလမ်းလေးအတိုင်း တရွေ့ရွေ့ သွားနေသော နွားလှည်းတစ်စီး။ နွားလည်ပင်းတွင် ချိတ်ဆွဲထားသော ခေါင်းလောင်းလေးမှ တချွင်ချွင် မြည်သံများ ထွက်ပေါ်နေခြင်းပင်. . ။ လှည်းကို ဖထီးက ကျွမ်းကျင်စွာမောင်းနှင်နေ၏။

သူ့နောက်မှာတော့ တစ်ယောက်ကိုတစ်ယောက် မြတ်နိုး တွယ်တာစွာဖက်ရင်း ရယ်ရယ်မောမော စကားတပြောပြောဖြင့် လိုက်ပါလာသော ရဲမိုးနှင့် သူမြတ်နိုးစွဲလမ်းရသော သံစဉ်. . ။

သူ ဆုံးရှုံးခဲ့ရပြီဖြစ်သည်။ သူ့ရင်ကို ငရဲမီးထဲ နှစ်ထားသလို တဖျစ်ဖျစ်မြည်ရင်း ကြေကွဲစေ၏။ တငွေ့ငွေ့လောင်ကျွမ်းနေစေ၏။ သူဘာလုပ်ရမည်နည်း။ ဘာလုပ်သင့်ပါသလဲ. . ။

အဖြေမရှိသော ပုစ္ဆာတစ်ပုဒ်လို ဒွိဟတွေဝေစိတ်များဖြင့် တွေတွေကြီး ရပ်ကြည့်နေမိသည်။ ဖြစ်နိုင်လျှင် သူသည်လည်း လှည်းပေါ်မှာ လိုက်ပါစီးနင်းခွင့် ရချင်မိသည်။

သို့သော်. . . ထိုမျှအထိ အခွင့်ရေးရမည်မဟုတ်တော့။ အထက်လမ်းဆရာကြီး စီရင်ပြုလုပ်ပေးထားသော လည်ဆွဲများကို သူတို့ဆင်မြန်းထားကြသည်။ ရွှေရောင်တဖျတ်ဖျတ်လက်နေသော အလင်းများက ထိုလည်ဆွဲများမှ ထွက်နေကြသည်ကို အဝေးမှပင် သူတွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက ချစ်သူနှင့်သုံးကိုက်အကွာတွင် ဝင်နိုင်ခွင့်မရှိတော့ပါ။

"ခစ်. . ခစ်. . ခစ်. . "

ချစ်သူ၏ ရယ်သံများက လေထဲမှာပျံ့လွင့်လာ၏။

ဆို့နင့်စွာကြည့်ရင်း သူကြေကွဲနေခဲ့ရသည်။ ချစ်သူကို အပြုံးတစ်ပွင့်တောင် မပေးနိုင်သောသူ့ဘဝကို သူ မကျေနပ်တော့ပေ။ အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူကို သာယာစေရမည်၊ ပျော်ရွှင်စေရမည်၊ ကြည်နူးမှုလည်း ပေးနိုင်ရမည်၊ လုံခြုံမှုလည်း ပေးနိုင်ရမည်။

အခု သူဘာပေးနိုင်ခဲ့ပါသလဲ။ ဘာတစ်ခုမှမပေးနိုင်ခဲ့ပေ။ သုတ်စွအဆုံး သူ့ကြောင့်ပြုံးရွှင်သွားရသော ချစ်သူမျက်နှာကို ပင် မမြင်နိုင်တော့။ သူ့ကြောင့် ကြည်နူးစွာရယ်မောလိုက်သော ချစ်သူ၏အသံကို မကြားနိုင်တော့. . .။

လုံခြုံမှု၊ ပြည့်စုံမှုဆိုတာ ဝေလာဝေးပြီ။ လောကကြီးမှာ ကိုယ်လိုချင်တဲ့အရာကို လွတ်လပ်စွာရယူခွင့်ရှိရမည် ဆိုပါက. . သံစဉ်ကို မြတ်နိုးခုံမင်စွာ ရယူပိုင်ခွင့်ရှိချင်သေးသည်။ သူ၏ ကြီးမားသော ချစ်ခြင်းမေတ္တာကိုလည်း လောကကြီးက အသိမှတ်ပြုပေးစေချင်သည်။

ချစ်သူအတွက် ပေးဆပ်စရာအသက်တစ်ချောင်းတောင် မပိုင်ဆိုင်သော သူ့ဘဝအတွက် နားခိုရာသည် အမှောင်ကမ္ဘာသာဖြစ်၏။ စည်းချက်မမှန်သော သူ့ဘဝ၏ နှလုံးခုန်သံသည် ချစ်သူအတွက် ကဗျာတစ်ပုဒ် မဖြစ်နိုင်တော့ပါ။ ထိတွေ့မှုကင်းမဲ့



www.burmeseclassic.com

www.burmeseclassic.com



သော နမ်းရှိုက်မှုက ချစ်သူကို ရင်မခုန်စေနိုင်တော့ပါ။

ရဲမိုး. . ။ သူသည် ပြိုင်ဘက်၊ ထိုသူသည် သူ့နှလုံးသားကို ခွဲခဲ့သူ၊ သူ့အချစ်ကို ပိုင်စိုးယူသွားသူ. . . . ။

ဒါပေမယ့်လည်း ရဲမိုးသည် ချစ်သူအပေါ် သာယာမှု၊ ပျော်ရွှင်မှုတို့ ပေးနိုင်စွမ်းရှိ၏။ ကြည်နူးမှု၊ တက်ကြွမှုလည်း ပေးနိုင်၏။ လုံခြုံမှုလည်းပေးနိုင်သလို အကောင်းဆုံး အားပေးစကားများဖြင့်လည်း သူ့ချစ်သူကို နှစ်သိမ့်ပေးနိုင်၏။ သူ့ဘဝကား အရှင်သခင်အစစ်သာတည်း။ ဦးဆောင်ဦးရွက် ပြုနိုင်စွမ်းသူပင်တည်း။

အငွေ့သာသာရှိသော 'သူရိန်စိုး'ဆိုသော သူ့အတွက်တော့ အရာရာသည် အငွေ့လိုပင် အလွယ်တကူ ကွယ်ပျောက်သွားပါလိမ့်မည်။ အမှန်တကယ်ဆုံးရှုံးရပြီဟူသော အသိက သူ့အတွက် လောင်မီးကျသလို ပူလောင်နေစေ၏။

ထိုခဏ၌. . နွားလှည်းက ရပ်သွားသည်။ လှည်းရှေ့မှ လျှောက်လာသော တောမီးရသေ့တစ်ပါးကြောင့်ဖြစ်၏။ လိုက်ဖက်ညီသော ချစ်သူအတွဲသည် လှည်းပေါ်မှဆင်းကာ. . တစ်စုံတစ်ခုကို လျှုဒါန်းနေကြသည်။

ထို့နောက်. . ရသေ့ကို နှစ်ယောက်သားရှိခိုးကြသည်။ မည်မျှသာယာကြည်နူးဖွယ်ပါသနည်း။ ရသေ့က မျက်လွှာချ၍ သူတို့ကို တစ်စုံတစ်ခုပြောကြားနေ၏။

"ဒကာတို့နှစ်ယောက် ရွှေလက်တွဲ၍ ဘဝခရီးမြိမ်း၌ ခလုတ်မထိ၊ ဆူးမငြိပဲ သာယာစွာ လျှောက်လှမ်းနိုင်ကြပါစေ. .

သူ့အတွက်ကော ထိုရသေ့က မည်သည့်ဆုမျိုး ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါမည်နည်း။ သူ၏ ဒုက္ခ၊ သောကတို့ကို ထိုရသေ့မှ မည်သို့အကူ
အညီပေးနိုင်ပါမည်နည်း။

မရေမရာမသေချာသော ခပ်နဲ့နဲ့မျှော်လင့်ချက် ငွေ့ငွေ့
လေးဖြင့် သူ ရွေ့လျားလိုက်၏။ သူတို့နှင့် မလှမ်းမကမ်းတွင်
ဒူးထောက်ထိုင်၍ ရသေ့မြတ်ကို ဤဘဝအတွင်း၌ ပထမဆုံး
အကြိမ် ရှိခိုးဦးချလိုက်ပါတော့သည်။

"တပည့်တော်သည်လည်း ချစ်ရသူနှင့် တပည့်တော်အ
ကြား. . အနိမ့်အမြင့်၊ အဖြူအမည်းမရှိပဲ ရွှေလက်တွဲရပါလို၏
ဘုရား. . ."

သူရိန်စိုး လိုလိုလားလား ဆုတောင်းလိုက်မိ၏။

ရသေ့က တစ်စုံတစ်ရာကို ကောင်းစွာသိရှိနားလည်ပုံဖြင့်
ခေါင်းတဆတ်ဆတ်ညိတ်ရင်း ဆုပေး၏။

"အင်း. . . ဂါရဝေါစကို လက်ကိုင်ထား၍ ရှိသေသင့်သူ
တို့ရိုသေ၊ ရှိခိုးထိုက်သူကို ရှိခိုးကြသော အသင်တို့သုံးဦးစလုံး
သည်. . ဤကောင်းမှုကြောင့် ယနေ့မှစ၍ သောက ဒုက္ခ ဗျာပါဒ
ကင်းသောကိုယ် ဖြစ်စေသတည်း၊ သမုဒယ၏ဒုက္ခကို သိမြင်၍
ရှုန်ပယ်နိုင် ကြပါစေသတည်း၊ ဆန္ဒကို ရှောင့်ရဲ့စွာ ထိန်းချုပ်နိုင်ကြ
ပါစေသတည်း၊ မဂ်တရား၊ ဖိုလ်တရားတို့ကို တွေ့မြင်၍ အဆုံး
စွန်သောဘဝ၌ အမြိုက်နိဗ္ဗာန်ကို တက်လှမ်းနိုင်ကြပါစေကွယ်"

"ပေးတဲ့ဆုနဲ့ပြည့်ဝပါစေဘုရား. . ."

ရဲမိုးက လက်အုပ်ချီ၍ မေးလိုက်၏။

"တပည့်တော် တစ်ခုပေးလျှောက်ပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"မေးပါဒကာကြီး"

"ဒကာတို့သုံးဦးစလုံးလို့ပြောတာ တပည့်တော် မရှင်းလို့ပါ"

"အိမ်း . . လှည်းနဲ့လာကြတဲ့ လူသားသုံးဦးအပြင် နောက်တစ်ယောက်လည်း ရှိပေသေးတယ်ဒကာ၊ သာမန် မံစက္ခုနဲ့ မမြင်ရတဲ့သူလည်း ဒကာတို့နည်းတူ ရှိခိုးလေရဲ့၊ ဒါကြောင့် . . ဤသို့ဆုပေးခြင်းသာဖြစ်ပေသည် . . ဒကာ"

ရသေ့စကားကြောင့် ရဲမိုးနှင့် သံစဉ်တို့မှာ ပါးစပ်အဟောင်းသားဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်လိုက်သည်။

"မမြင်ရသော တစ်ယောက်ဆိုတာက . . ."

သံစဉ်၏ အမေးစကားမဆုံးခင် ရသေ့က ကြားဖြတ်၍အဖြေပေး၏။

"သူက အခြားသူမဟုတ်ဘူး၊ ဒကာမလေးနဲ့သိထားပြီးသားသူပဲ၊ ဒကာမလေးနှင့်လည်း ကောင်းစွာပတ်သက်မှုရှိတယ်၊ အစွဲလမ်းကြီးမှုကြောင့် ဒုက္ခများနေသော ဒုက္ခသားကောင်ပဲပေါ့"

"အို . . သူရိန်စိုး . . သူ . . . သူ . . "

အားလုံးအံ့သြသွားကြရသည်။

ရသေ့မြတ်ကို သူကျေးဇူးတင်မိသည်။ ထိုရသေ့ကျေးဇူးကြောင့် အခုလို ချစ်သူသိခွင့်ရခဲ့သည် မဟုတ်လား။ အနည်းဆုံးတော့ တစ်ခုခုကို သက်သေပြနိုင်ခဲ့တာပေါ့လေ . . ။ ထိုတစ်ခုကလည်းသူ့အတွက်တော့ နောက်ဆုံးဖြစ်ရတော့မည်လား . . . ။

ချစ်ရသူသည် တစ်စုံတစ်ခု မြင်ရနိုးနိုးဖြင့် ပတ်ဝန်းကျင်



www.burmeseclassic.com

www.burmeseclassic.com



တို လှည့်ပတ်ကြည့်ရှုနေရှာသည်။ ချစ်သူမြင်သာအောင် ထုတ်ပြရန်အခွင့် သူမှာမရှိတော့ပေ။ ချစ်သူကြားသွားအောင်လည်း တီးတိုးစကား မဆိုနိုင်တော့ပေ။ ကြေကွဲဝမ်းနည်းမှုများစွာကြောင့် သူ့ကိုယ်က မြေကြီးထဲ တစ်ပိုင်းကျွံဝင်သွားခဲ့၏။

"မမြင်ချင်ပါနဲ့တော့ မကြားချင်ပါနဲ့တော့ကွယ်. . အရာရာပြီးဆုံးခဲ့ပါပြီ"

ရသေ့က မျက်လွှာကိုချ၍စကားဆို၏။ အားလုံးရှေ့မှာ မိန့်ကြားနေသော်ငြား ထိုစကားတွေက သူ့အတွက် ရည်ညွှန်းနေကြောင်း သူသာအသိဆုံးဖြစ်၏။

"စွဲလမ်းမှုဟာ လောဘပဲ၊ မောဟဆိုတဲ့ အသိမိုက်မဲမှုကြောင့် လောဘဖြစ်လာတယ်၊ လောဘကို အခြေခံတော့ ဒေါသဖြစ်ရတယ်၊ ဒါတွေဟာ ကိလေသာဆွဲအားတွေပဲ၊ သံသရာလည်စေသော အကြောင်းတရားတွေပဲ၊ မပယ်စွန့်နိုင်သရွေ့. . ဒုက္ခသောကဆိုတာ ရှိနေမှာပဲ၊ ဆင်းရဲပူပန်မှုတွေ ဖြစ်နေရမှာပဲ၊ ဘုံဘဝဆိုတာဘေးရန်ပဲ၊ 'ဘယ်ဘဝမှ ငါမစွဲ'လို့ တို့ရဲ့ဗုဒ္ဓမြတ်ဘုရားက ဟောကြားထားခဲ့တာပေါ့၊ နိမ့်ကျတဲ့ဘဝကနေ မြင့်မားတဲ့ဘဝ၊ ဒီကမှလွတ်ငြိမ်းချမ်းသာမှုကို ကြိုးစားအားထုတ်ပြီး အရောက်သွားကြရမယ်ကွဲ့၊ ဒီအတွက်. . အဘပြုလုပ်ခဲ့တဲ့ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာစရဏကုသိုလ်အဖို့ဘာဂတို့ကိုလည်း ဒကာတို့အားလုံးကို အမျှပေးဝေပါတယ်၊ ဒကာတို့အားလုံး အမျှရကြပါစေ"

"အမျှ. . . အမျှ. . . အမျှ ပေးဝေပါတယ်ကွယ် . . ."



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"သာဓု. . . . သာဓု. . . သာဓုပါဘုရား"

သူတို့နည်းအတူ သူလည်းသာဓုခေါ်၏။

ဆို့နင့်ကြေကွဲလွန်း၍ သာဓုနှစ်ခွန်းသာ ခေါ်နိုင်ခဲ့သည်။ ရသေ့က အမျှဝေပြီးနောက် ဆက်လက်ထွက်ခွာသွားပါတော့သည်။

"ကဲ. . . ကိုယ်တို့လည်း သွားကြရအောင်ကွယ်. . ."

ရဲမိုးက သံစဉ်၏ လက်ကိုဆွဲ၍ လှည်းပေါ်ခေါ်လာ၏။ သံစဉ်မှာ နောက်သို့စောင်းငဲ့ကြည့်ရင်း လှည်းပေါ်တက်လိုက်ရပါတော့၏။

လှည်းက စတင်ထွက်ခွာပါပြီ။ တရွေ့ရွေ့ဝေးကွာသွားသော ချစ်သူ၏ကျောပြင်ကို ကြည့်ရင်း သူ့မျက်ဝန်းမှ ဒြပ်ထုမဲ့ မျက်ရည်တစ်ပေါက် လိမ့်ဆင်းကျခဲ့ရပြီ။ သူ့မျက်ဝန်းမှကျသော မျက်ရည်တစ်ပေါက်ကို ဘယ်သူမြင်နိုင်မည်နည်း။ အဘယ်သူသည် သိရှိစာနာ၍ ကရုဏာသက်မိမည်နည်း။

BURMESE CLASSIC

သံသရာဟူသည် အရှည်ဆုံးမြစ်တစ်မြစ်ဆိုပါက သမုဒယသည် ထိုမြစ်၏ ကမ်းပါးဖြစ်မည်ဟု ဆိုချင်ပါသည်။

နိဗ္ဗာန်ဟူသော ပင်လယ်သို့မရောက်မီ ထိုသံသရာမြစ်သည် ကောက်ကွေးဝေ့လည်စီးရစ်သွယ်ပေလိမ့်မည်။

ရေအကျမှာ သောကသောင်တို့ ထွန်းသည့်အခါထွန်းမည်။ အကြွင်နာကျွန်းတို့ ပေါ်သည့်အခါပေါ်မည်။

သို့သော် ကမ်းပါးမဲ့စွာဖြင့် ပင်လယ်တွင်းသို့ စီးဝင်သော မြစ်ဟူသည် မရှိစကောင်း. . ။ ထိုမြစ်၏ အကျိုးတရားသည်



www.burmeseclassic.com

www.burmeseclassic.com



ကမ်းပါးကိုဖြစ်စေသော အကြောင်းတရားတစ်ခု ဖြစ်ပါတော့၏။

လှည်းက တရွေ့ရွေ့သွားနေဆဲ. . .

မြင်ကွင်း၌. . . ချစ်သူက တစ်စထက်တစ်စ သေးငယ်လျက်. . .

သူ့ပါးပြင်ပေါ်သို့ မျက်ရည်တွေက တစ်ပေါက်ပြီးတစ်ပေါက်. . .

ကမ္ဘာမြေပေါ်သို့ စီးကျသွားသော တစ္ဆေတစ်ကောင်၏ မျက်ရည်ဆိုတာက. . မြေပြင်ပေါ်မှာ ခြောက်ခမ်းသွားသည့်တိုင် လေထုအတွင်း၌ ထာဝရတည်ရှိနေမည်ကိုတော့ သူသာအသိဆုံး ဖြစ်ပါတော့သတည်း။ ။

BURMESE CLASSIC

ပြီး



www.burmeseclassic.com